ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

## ဆွေမျိုးတို့နှင့် နေရသကဲ့သို့

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

၁၃၈၄ ခုနှစ်၊ ပြာသိုလဆန်း ၂ ရက်၊ သောကြာနေ့။ Friday, 23 December 2022 ၁၀၉၅၈

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




# ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အခမ်းအနားနှင့် ကရင်ရိုးရာကောက်သစ်စားပွဲ ဘားအံမြို့၌ စည်ကားသိုက်မြိုက်စွာကျင်းပ

ဘားအံ ဒီဇင်ဘာ ၂၂

ကရင်တိုင်းရင်းသားလူမျိုးများ၏ နေ့ထူးနေ့မြတ်တစ်နေ့ဖြစ်သော ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အခမ်းအနားနှင့် ကရင်ရိုးရာကောက်သစ်စားပွဲကို ယနေ့နံနက်ပိုင်းက ဘားအံမြို့ သီရိကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ရှေးဦးစွာ ကရင်ပြည်နယ် စီးပွားရေးရာဝန်ကြီးက ကရင်အမျိုးသားအလံကို တိုင်ထိပ်သို့ လွှင့်ထူပေးရာ ကရင်အမျိုးသားအပေါင်းတို့က ကရင်အမျိုးသားသီချင်းကို စုပေါင်းသီဆိုကြပြီး ကရင်အမျိုးသားအလံအား အလေးပြုကြကာ တွဲဖက်အခမ်းအနားမှူးက ကရင်အမျိုးသားအလံတော် သမိုင်းကြောင်းအကျဉ်းကို ဖတ်ကြားသည်။

ယင်းနောက် ကရင်သက္ကရာဇ် ၂၇၆၂ ခုနှစ် ကရင်အမျိုးသားနှစ်သစ်ကူးနေ့အခမ်းအနားကို ဆက်လက်ကျင်းပရာ ကျွဲချိုမှုတ်၍ ဖားစည်တီးကာ အခမ်းအနားကို စတင်ဖွင့်လှစ်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံနှင့် စာမျက်နှာ ၁၄ ကော်လံ ၁ သို့ ☆

ယနေ့ ဖတ်စရာ

## စိန်ရတုလွတ်လပ်ရေး ပန်းတိုင်ဆီသို့ ခရီးဆက်နိုင်ခဲ့ပြီ

ဆောင်းပါး စာမျက်နှာ » ၆



## မြန်မာပြည်မြောက်ဖျား ရေခဲဖုံးလွှမ်းရာ အမျိုးသားဥယျာဉ်နှင့် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောမှ ခရီးသွားများကို လှမ်းလို့ကြိုဆို

ဆောင်းပါး စာမျက်နှာ » ၁၀

## နန်းမဆန်သော်လည်း မြန်မာ့ဟန်ပန်ရှိပါစေ

ဆောင်းပါး စာမျက်နှာ » ၂၀

## အင်ဒိုနီးရှားနိုင်ငံက ၂၀၂၃ ခုနှစ်တွင် ကျောက်မီးသွေးတန်ချိန် သန်း ၇၀၀ နီးပါး ထုတ်လုပ်မည်

စာမျက်နှာ » ၁၃

# ပုဂံ-ညောင်ဦးရှိ ဟိုတယ် ၇၀ ကျော်၌ ဒီဇင်ဘာကျောင်းပိတ်ရက်များတွင် အခန်းများပြည့်သည်အထိ ကြိုတင်မှာယူမှုများပြား

ညောင်ဦး ဒီဇင်ဘာ ၂၂

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ဒီဇင်ဘာ ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်များတွင် မြန်မာပြည်အရပ်ရပ်မှ ဘုရားဖူးလာရောက်သူများပြားသဖြင့် ဟိုတယ်၊ မိုတယ်များ ကြိုတင်ချိတ်ဆက် အခန်းယူမှုများပြားခဲ့ရာ ဒီဇင်ဘာ ၂၂ ရက် (ကရင်နှစ်သစ်ကူးနေ့)မှစတင်ကာ ဟိုတယ်၊ မိုတယ်များ ကြိုတင်မှာယူထားမှုဖြင့် ပြည့်နေပြီဖြစ်ကြောင်း ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန (ပုဂံရုံးခွဲ) တာဝန်ရှိသူများထံမှ သိရသည်။

ကရင်နှစ်သစ်ကူးနေ့မှစတင်၍ ခရစ္စမတ်ရုံးပိတ်ရက်အထိ ကျောင်းပိတ်ရက်များဆက်ခြင်းနှင့်အတူ မိတ်ဆွေအပေါင်းအသင်း၊ မိသားစုများဖြင့် ဘုရားဖူးလာရောက်ကြရန် ရည်ရွယ်ထားသူများသည် ဟိုတယ်၊ မိုတယ်၊ တည်းခိုရိပ်သာများသို့ အွန်လိုင်းမှတစ်ဆင့် ကြိုတင်မှာယူချိတ်ဆက်ထားကြသည်။

ထို့ကြောင့် ဒီဇင်ဘာရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်များတွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ဒီဇင်ဘာ ၂၂ ရက် (ကရင် နှစ်သစ်ကူးနေ့)မှစတင်၍ ဟိုတယ်၊ မိုတယ်များ ကြိုတင်ချိတ်ဆက်ခြင်းများဖြင့် ဒီဇင်ဘာ ၂၅ ရက် (ခရစ္စမတ်နေ့)ထိ အခန်းများပြည့်နေပြီဖြစ်ကြောင်း သိရသည်။

ကိုထိန်(ပြန်/ဆက်)



ကြေးမုံ

# ပြည်ထောင်စုအတွက် ထာဝရငြိမ်းချမ်းရေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် တိုင်းရင်းသားပြည်သူများ၏ ဆန္ဒနှင့်အညီ စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးအတွက် နိုင်ငံရေးလုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိသည်။ တိုင်းရင်းသားပြည်သူများ၏ ဆန္ဒကို အကောင်အထည်ဖော်နိုင်ရန်အတွက် ထာဝရငြိမ်းချမ်းရေးကို မဖြစ်မနေရရှိအောင် ကြိုးပမ်းဆောင်ရွက်ရမည့်အချိန်အခါဖြစ်သည်။

နိုင်ငံတော်၏ နိုင်ငံရေးဦးတည်ချက်တွင်ပါရှိသည့် "တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေး ရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး" ကို အကောင်အထည်ဖော်လျက်ရှိသည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ လက်တွေ့ကျကျ တိုးတက်လာနိုင်စေရေးကို နိုင်ငံတော်အကြီးအကဲကိုယ်တိုင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့်တွေ့ဆုံကာ ပြည်ထောင်စုစိတ်ဓာတ်ကိုအခြေခံပြီး တိုင်းရင်းသားဒေသများနှင့် ပြည်ထောင်စုကြီးအကျိုးကို ဦးတည်၍ ပကတိလိုအပ်ချက်များကို ညှိနှိုင်းဆွေးနွေးလျက်ရှိရာ ရလဒ်ကောင်းများ ပေါ်ထွက်နေပြီဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်ထံမှ ကရင်အမျိုးသားနှစ်သစ်ကူးနေ့သို့ပေးပို့သည့်သဝဏ်လွှာတွင် "လာမည့် ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်မည့် လွတ်လပ်ရေးနေ့သည် မိမိတို့နိုင်ငံ၏ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဖြစ်ပါသည်။ လွတ်လပ်ရေးရပြီး မကြာခင်မှာပင် ပေါ်ပေါက်လာခဲ့သည့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများသည်လည်း ဆယ်စုနှစ်များစွာ ကြာခဲ့ပြီဖြစ်ရာ ထိုသို့ မပြီးနိုင်၊ မစီးနိုင်၊ အဖြေမထွက်နိုင်သည့် လက်နက်ကိုင်သံသရာမှ ရုန်းထွက်ရန် အချိန်ကျပြီဖြစ်ကြောင်း" တိုက်တွန်းပြောကြားထားသည်။

တိုင်းရင်းသားပြည်သူအားလုံး လိုလားတောင့်တသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုကြီး တည်ဆောက်နိုင်ရေးအတွက် တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရန်မှာ အဓိကလိုအပ်ချက်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူအားလုံးတို့၏ အကျိုးစီးပွားအတွက် နှစ်ပေါင်းများစွာ အဖြေမထွက်သည့် လက်နက်ကိုင်လမ်းစဉ်နှင့် လက်နက်ကိုင်ပဋိပက္ခများကိုစွန့်ခွာ၍ နိုင်ငံတော်အစိုးရက လမ်းဖွင့်ပေးထားသော နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုများမှတစ်ဆင့် နိုင်ငံရေးလမ်းကြောင်းအမှန်ဖြစ်သည့် ဒီမိုကရေစီနိုင်ငံရေးစနစ်တွင် အတူပါဝင်ပြီး မိမိတို့အကျိုး၊ ပြည်ထောင်စုအကျိုးကို ရယူဆောင်ကြဉ်းနိုင်ရန် ကြိုးစားအားထုတ်ရန် အချိန်အခါဖြစ်သည်။

မျက်မှောက်ကာလတွင် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတည်ငြိမ်အေးချမ်းရေးကို ထိခိုက်စေသော ဆူပူအကြမ်းဖက်မှုများကို တရားဥပဒေနှင့်အညီ ညင်သာစွာထိန်းသိမ်းဆောင်ရွက်လျက်ရှိပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့်လည်း NCA လမ်းကြောင်းအတိုင်း လျှောက်လှမ်းနိုင်ရန် ဆွေးနွေးညှိနှိုင်းလျက်ရှိရာ တိုးတက်မှုများ ရရှိနေပြီဖြစ်သည်။ နိုင်ငံရေး၊ တိုင်းရင်းသားရေးများကြောင့် လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားခဲ့သဖြင့် တည်ငြိမ်အေးချမ်းမှုပျက်ပြားပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှု အဟန့်အတားများကိုကျော်လွှားနိုင်ရန် ကြိုးစားဆောင်ရွက်လျက်ရှိသည်။ ငြိမ်းချမ်းမှုမရှိသော ဒေသများတွင် ဖွံ့ဖြိုးတိုးတက်မှုသည် အလှမ်းဝေးနေမည်ဖြစ်သကဲ့သို့ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများ နိမ့်ကျနေမည်ဖြစ်သည်။

ထို့ကြောင့် အဓိကလိုအပ်ချက်မှာ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးဖြစ်ပြီး တစ်နိုင်ငံလုံးတည်ငြိမ်အေးချမ်းမှုရရှိရန်အတွက် ထာဝရငြိမ်းချမ်းရေးကို ရရှိအောင် ကြိုးစားရမည်ဖြစ်သည်။ ယနေ့အခြေအနေကောင်းများရှိနေချိန်တွင် ငြိမ်းချမ်းရေး ရရှိအောင် မကြိုးစားပါက နောင်ဆယ်စုနှစ်ပေါင်းများစွာ မိမိတို့ဒေသများ မငြိမ်းချမ်းဘဲ အဆိုးသံသရာတွင် ဝဲလည်နေမည်ဖြစ်သည်။ မိမိတို့၏ နိုင်ငံရေးရည်မှန်းချက်၊ တိုင်းရင်းသားရေးရည်မှန်းချက်ကို မျိုးဆက်တစ်ခုအတွင်း အောင်မြင်အောင်ဆောင်ရွက်နိုင်ပါမှ မိမိတို့သမိုင်းကို မှတ်ကျောက်တင်၍ ဂုဏ်ယူနိုင်မည်ဖြစ်သည်။ ရည်မှန်းချက်ကို မိမိတို့လက်ထက်တွင် အောင်မြင်အောင်မဆောင်ရွက်ခဲ့ဘဲ နောင်မျိုးဆက်အတွက် ဆိုးမွေများထားရှိခဲ့မည်ဆိုပါက မိမိတို့သမိုင်းကို အကျည်းတန် အရုပ်ဆိုးအောင် ပြုလုပ်သကဲ့သို့ ဖြစ်နေပေလိမ့်မည်။

သို့ဖြစ်ရာ ထာဝရငြိမ်းချမ်းရေးရရှိအောင် မှန်ကန်သည့်ယုံကြည်ချက်နှင့် ဖြောင့်မတ်သည့်လုပ်ဆောင်မှုများဖြင့် ပြည်ထောင်စုကြီးနှင့်မိမိတို့တိုင်းရင်းသားများအရေးကို တန်ဖိုးထား၍ လုပ်ဆောင်ကြရမည်ဖြစ်သည်။ နိုင်ငံအေးချမ်းသာယာရေးအတွက် ထာဝရငြိမ်းချမ်းရေးကို နိုင်ငံတော်အစိုးရနှင့်အတူ တိုင်းရင်းသားအဖွဲ့အစည်းများနှင့် တိုင်းရင်းသားပြည်သူအားလုံး ပူးပေါင်းလက်တွဲကာ ပြည်သူအားလုံး၏ဆန္ဒများ အကောင်အထည်ပေါ်လာအောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်( ၅ )ရပ်

၁။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို အမျိုးသားရေးလုပ်ငန်းစဉ်များအဖြစ် အစွမ်းကုန်ကြိုးစားဆောင်ရွက်ရေး။

၃။ နိုင်ငံအကျိုး၊ တိုင်းရင်းသားပြည်သူလူထုအကျိုးကို ရှေးရှုပြီး "ရှေ့သို့ ချီမည်၊ ပန်းတိုင်ဆီ" (Keep Moving Forward to Achieve Our Goal)ဆောင်ပုဒ်အတိုင်း ပိုမိုကောင်းမွန်သော နိုင်ငံတော်နှင့် လူမှုစီးပွားဘဝတည်ဆောက်ရေး။

၄။ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ခိုင်မာသည့်သန္နိဋ္ဌာန်ဖြင့် ကြိုးပမ်းဆောင်ရွက်ရေး။

၅။ လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပရေးနှင့် တိုင်းရင်းသားအားလုံး အချိုးကျကိုယ်စားပြုပါဝင်နိုင်သည့် ရွေးကောက်ပွဲစနစ် ဖြစ်ပေါ်လာစေရေး။

## မအူပင်ခရိုင်တွင် အိမ်ထောင်စုလူဦးရေစာရင်း မြေပြင်ကွင်းဆင်းကောက်ယူရေး ရောဝတီတိုင်းဒေသကြီးအဆင့် နည်းပြသင်တန်းဖွင့်ပွဲကျင်းပ

မအူပင် ဒီဇင်ဘာ ၂၂



မအူပင်ခရိုင် မအူပင်မြို့တွင် အိမ်ထောင်စုလူဦးရေစာရင်း မြေပြင်ကွင်းဆင်းကောက်ယူရေး ဧရာဝတီတိုင်းဒေသကြီးအဆင့် နည်းပြသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း မြတ်ပညာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်မြေပြင်ကွင်းဆင်း ကောက်ယူရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌကိုယ်စား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးခင်လှိုင်က အဖွင့်အမှာစကားပြောကြားပြီး ကော်မတီအတွင်းရေးမှူး ဦးကိုကိုကျော်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် သင်တန်းနည်းပြ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်နိုင်အေးက သင်ခန်းစာများအား သင်ကြားပို့ချရာ မအူပင်ခရိုင်အတွင်းရှိ သင်တန်းသား သင်တန်းသူ ၆၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးလျက်ရှိ

သာယာဝတီ ဒီဇင်ဘာ ၂၂



(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှု၊ တိုင်းဒေသကြီးကုသရေးဦးစီးဌာန၏ ကြီးကြပ်မှုတို့ဖြင့် သာယာဝတီမြို့နယ်အတွင်းရှိ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား သာယာဝတီခရိုင် ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံ၌ ကျန်းမာရေးစစ်ဆေးကုသပေးခြင်းကို ယမန်နေ့က ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား တာဝန်ခံအထူးကုဆရာဝန် လေးဦး၊ တာဝန်ခံလက်ထောက်ဆရာဝန် တစ်ဦး၊ ဒု-သူနာပြုအုပ် နှစ်ဦး၊ အထက်တန်းသူနာပြု တစ်ဦး၊ သူနာပြု နှစ်ဦးနှင့် အခြားကျန်းမာရေးဝန်ထမ်း ခုနစ်ဦးတို့က ကျန်းမာရေး စစ်ဆေးကုသမှုများကို ဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုသို့ ကျန်းမာရေး စစ်ဆေးကုသမှုများကို စီမံချက်ရေးဆွဲ၍ လစဉ် ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ခရိုင်နှင့် မြို့နယ်စီမံချက်ဦးစီးကော်မတီ၊ စီမံခန့်ခွဲရေးနှင့် ကြီးကြပ်ရေးကော်မတီ၊ ကျန်းမာရေး စောင့်ရှောက်ပေးမည့်ကော်မတီ၊ အထောက်အကူပြုကော်မတီ၊ မှတ်တမ်းပြုစုရေးကော်မတီများ ဖွဲ့စည်း၍ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစစ်ဆေးကုသမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးစိုးစိုးနိုင် | **အကြီးတန်း သတင်းထောက်များ** | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| **စာတည်းမှူး** | - ဦးဝင်းနိုင် | **အငယ်တန်း သတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| **ဘာသာပြန်** | - ဦးနိုင်လင်းကြည်၊ | **စာပြင်** | - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့ |
| **စာတည်းများ** | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဦးခိုင်ဝင်းနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပန်းတနော်မြို့နယ်လုံးဆိုင်ရာ ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော် ကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၂၂**

ကရင်သက္ကရာဇ် ၂၇၆၂ ခုနှစ် (၇၅)နှစ်မြောက် ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်ကို ယနေ့ နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် မြေနုကျေးရွာ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် တက်ရောက်ချီးမြှင့်သည်။

နှစ်သစ်ကူးပွဲတော်၌ သဘာပတိ မြို့နယ်ကရင်စာပေနှင့် ယဉ်ကျေးမှုအသင်း ဒုတိယဥက္ကဋ္ဌ မန်းသိန်းအောင်က အဖွင့်အမှာစကား ပြောကြားသည်။

**သဝဏ်လွှာဖတ်ကြား**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူမင်းအောင်လှိုင်ထံမှပေးပို့သော ကရင်အမျိုးသားနှစ်သစ်ကူးနေ့သဝဏ်လွှာကို ဖတ်ကြားပြီး ကရင်တိုင်းရင်းသားလက်နက်ကိုင်များအနေဖြင့် ထာဝရငြိမ်းချမ်းရေးအတွက် နိုင်ငံရေးနည်းလမ်းများဖြင့် တွေ့ဆုံဆွေးနွေးရေး၊ ကရင်တိုင်းရင်းသားများ စည်းလုံးညီညွတ်မှုဖြင့် လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ရေးနှင့် ကရင်တိုင်းရင်းသားတို့၏ ရိုးရာဓလေ့ထုံးတမ်းအစဉ်အလာများ၊ စာပေယဉ်ကျေးမှုများ ပိုမိုတိုးတက်လာအောင် ဆောင်ရွက်စေရေးတို့နှင့်စပ်လျဉ်း၍ ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူးတို့က အမှာစကားများ ပြောကြားကြသည်။

ယင်းနောက် မြို့နယ်ကရင်စာပေနှင့် ယဉ်ကျေးမှုအသင်း အတွင်းရေးမှူး မန်းအောင်ကိုလတ်က တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်ထံမှပေးပို့သော ကရင်အမျိုးသားနှစ်သစ်ကူးနေ့သဝဏ်လွှာကို ဖတ်ကြားကာ မြို့နယ်ကရင်စာပေနှင့် ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ မန်းဝင်းမောင်က အမှာစကား ပြောကြားသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်သည် ညောင်တုန်းမြို့နယ် ငှက်ပျောကျွန်းကျေးရွာအုပ်စုရှိ "ဝါဝါဝင်း"စိုက်ပျိုးမွေးမြူရေးကုမ္ပဏီသို့ရောက်ရှိပြီး ကုမ္ပဏီဝင်းအတွင်းဆောင်ရွက်လျက်ရှိသည့် Delta Queen နို့စားနွားမွေးမြူရေးနှင့် နို့ထွက်ပစ္စည်း ထုတ်လုပ်မှု၊ ငါးမွေးမြူရေးနှင့် အအေးခန်းငါး ထုတ်လုပ်မှု၊ တိရစ္ဆာန်အစာထုတ်လုပ်ခြင်းနှင့်သဘာဝဓာတ်မြေသြဇာထုတ်လုပ်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီးများ ထိုင်းနိုင်ငံ၌ ပြုလုပ်သည့် အလွတ်သဘောဆွေးနွေးပွဲသို့ တက်ရောက်



**နေပြည်တော် ဒီဇင်ဘာ ၂၂**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်တို့ပါဝင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဒွန်ပရာမွန်းဝီနိုင်း၏ ဖိတ်ကြားချက်အရ ဒီဇင်ဘာ ၂၂ ရက်တွင် ထိုင်းနိုင်ငံ၌ ပြုလုပ်သည့် အလွတ်သဘောဆွေးနွေးပွဲသို့ တက်ရောက်ကြသည်။

အဆိုပါအလွတ်သဘောဆွေးနွေးပွဲသို့ ကမ္ဘောဒီးယားနိုင်ငံမှ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ပရပ်ဆုတ်ခွန်း၊ လာအိုနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆလုံးဆေးကိုမာဆစ်နှင့် ဗီယက်နမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ ဒိုဟုန်ဗီယက်တို့ ခေါင်းဆောင်သည့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အာဆီယံ၏ တူညီဆန္ဒ(၅)ချက်နှင့် ပတ်သက်၍ ပူးပေါင်းဆောင်ရွက်နေသည့်ကိစ္စ အပါအဝင် မြန်မာနိုင်ငံတွင် လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေမှန်များကို ရှင်းလင်းပြောကြားပြီး မကြာမီကထုတ်ပြန်ခဲ့သည့် တူညီဆန္ဒ (၅)ချက် အကောင်အထည်ဖော်ခြင်းနှင့်ပတ်သက်သည့် အာဆီယံခေါင်းဆောင်များ၏ သုံးသပ်ချက်နှင့် ဆုံးဖြတ်ချက်အပေါ် မြန်မာနိုင်ငံ၏ ရပ်တည်ချက်တို့ကို တက်ရောက်လာသည့် ကိုယ်စားလှယ်များအား ရင်းနှီးပွင့်လင်းစွာ ရှင်းလင်းပြောကြားခဲ့သည်။

အာဆီယံ၏ တူညီဆန္ဒ(၅)ချက် အကောင်အထည်ဖော်လျက်ရှိရာတွင် မြန်မာအစိုးရက တစ်ဖက်သတ် အပစ်အခတ်ရပ်စဲရေးကြေညာကာ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပြုလုပ်နေသည့်ကိစ္စ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် စီးပွားရေးပြန်လည်ဦးမော့လာစေရေး ဆောင်ရွက်နေသည့်ကိစ္စ၊ နိုင်ငံရေးပါတီများနှင့် တွေ့ဆုံဆွေးနွေးလျက်ရှိသည့်ကိစ္စနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က လွတ်လပ်၍တရားမျှတသည့် အထွေထွေရွေးကောက်ပွဲကျင်းပရန် ကြိုးပမ်းနေသည့်ကိစ္စတို့ကို ပြောကြားခဲ့သည်။

ထို့ပြင် တူညီဆန္ဒ(၅)ချက် မူဘောင်အောက်မှ AHA Center နှင့် ပူးပေါင်းဆောင်ရွက်နေသည့် လူသားချင်းစာနာထောက်ထားမှုအကူအညီများကို လိုအပ်သူအားလုံးထံ ရောက်ရှိရေးနှင့် ခွဲခြားမှုမရှိဘဲ တန်းတူညီမျှ ပေးအပ်သည့်ကိစ္စများတွင်လည်း မြန်မာနိုင်ငံလုပ်ငန်းအဖွဲ့မှ သက်ဆိုင်ရာတာဝန်ရှိဌာနများနှင့် ပူးပေါင်းကာ ပံ့ပိုးပေးလျက်ရှိကြောင်းကိုလည်း မြန်မာကိုယ်စားလှယ်အဖွဲ့က ရှင်းလင်းပြောကြားခဲ့သည်။

မြန်မာအစိုးရ၏ နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ဒီမိုကရေစီပြန်လည်ဖော်ဆောင်ရေးအတွက် ကြိုးပမ်းနေမှုများကို မတရားအသင်းနှင့် အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သည့် CRPH၊ NUG၊ PDF များက ပျက်စီးစေလိုသည့်ဆန္ဒဖြင့် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်နေပြီး ယင်းတို့၏ လုပ်ရပ်ကြောင့် အပြစ်မဲ့ပြည်သူများ၊ ရဟန်းသံဃာများနှင့် သီလရှင်များ၊ ဝန်ထမ်းများ သေကျေခဲ့ပြီး စာသင်ကျောင်း၊ ဆေးရုံ၊ ဘဏ်၊ ဈေးများအပါအဝင် နိုင်ငံပိုင်နှင့် ပြည်သူပိုင်အဆောက်အအုံများ၊ လမ်း၊ တံတား၊ ပို့ဆောင်ဆက်သွယ်ရေးယာဉ်များ၊ လျှပ်စစ်တာဝါတိုင်များ ဖောက်ခွဲမီးရှို့ဖျက်ဆီးခြင်းခံနေရကြောင်း၊ ယင်းအကြမ်းဖက်အဖွဲ့အစည်းများ၏ လုပ်ရပ်များသည် နိုင်ငံတကာဥပဒေနှင့် ဂျီနီဗာကွန်ဗင်းရှင်းကို ဖောက်ဖျက်နေသည့်အတွက် ဆက်သွယ်ဆောင်ရွက်ရန် မသင့်ကြောင်း၊ ထိုသို့အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်နေသူများကို အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် အားပေးထောက်ခံခြင်း မပြုသင့်ကြောင်းကို မြန်မာကိုယ်စားလှယ်အဖွဲ့က ပြောကြားခဲ့သည်။

ဆွေးနွေးပွဲနှင့်ဆက်စပ်လျက် မြန်မာ-ထိုင်း နှစ်နိုင်ငံဆိုင်ရာ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှု-ယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်နေသည့် ကိစ္စရပ်များနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ သက်ဆိုင်ရာဌာနအသီးသီးမှ တာဝန်ရှိသူများနှင့် လည်းကောင်း၊ ပုဂ္ဂလိကကဏ္ဍမှ ကိုယ်စားလှယ်များနှင့်လည်းကောင်း သီးခြားအစီအစဉ်ဖြင့် ချစ်ကြည်ရင်းနှီးစွာ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ပြန်လည်ရောက်ရှိ

ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဒွန်ပရာမွန်းဝီနိုင်း၏ ဖိတ်ကြားချက်အရ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်တို့ပါဝင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဒီဇင်ဘာ ၂၂ ရက်က ထိုင်းနိုင်ငံ၌ ပြုလုပ်သည့် အလွတ်သဘောဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ပြီး ညပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြစဉ်။

**သတင်းစဉ်**



# ရန်ကုန်မြို့၌ ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်အခမ်းအနား ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၂**

ယနေ့ကျရောက်သည့် ၂၇၆၂ ခုနှစ် ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော်အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ပြည်ထောင်စု တိုင်းရင်းသားကျေးရွာ၌ ကျင်းပသည်။

**လွှင့်ထူပေး**

အခမ်းအနားတွင်ပြည်ထောင်စုဝန်ကြီးဦးစောထွန်းအောင်မြင့်က ဖားစည်တီး၍ ကရင်အမျိုးသားအလံကို လွှင့်ထူပေးသည်။

ထို့နောက်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံနှင့် ကရင်အမျိုးသားအလံကို အလေးပြုကြပြီး ကရင်အမျိုးသားသီချင်း သီဆိုကာ အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

ယင်းနောက် ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော် အခမ်းအနားကို ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် Jeng Phang နော်တောင်၊ ဦးစောဒန်နီယယ်နှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေ၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ တိုင်းရင်းသား ညီအစ်ကို မောင်နှမများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် Jeng Phang နော်တောင်နှင့် ဦးစောဒန်နီယယ်၊ ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့က ဖားစည် ကိုးချက်တီး၍ အခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။

**ထိန်းသိမ်းစောင့်ရှောက်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဦးစောဒန်နီယယ်က နှစ်သစ်ကူး နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် ယနေ့ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၂ ရက် မြန်မာသက္ကရာဇ် ၁၃၈၄ ခု ပြာသိုလဆန်း ၁ ရက်၊ ကရင်နှစ် ၂၇၆၂ ခုနှစ်သည် ကရင်တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ မြတ်နိုးတန်ဖိုးထားသည့် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအတွင်း မှီတင်း နေထိုင်ကြသည့် တိုင်းရင်းသားမျိုးနွယ်စုများသည် နေရာဒေသအလိုက် ယဉ်ကျေးမှုဓလေ့ထုံးတမ်း၊ ဘာသာစကား ကွဲပြားခြားနားကြသော်လည်း အနှစ်သာရအားဖြင့် တစ်သွေးတစ်သားတည်းသော တိုင်းရင်းသားညီအစ်ကို မောင်နှမများ ဖြစ်ကြကြောင်း၊ ကရင်တိုင်းရင်းသားများ၏ဖြစ်တည်မှု သမိုင်းကြောင်း ရှည်လျားမှုနှင့်အညီ ဓလေ့ထုံးတမ်းများနှင့် ယဉ်ကျေးမှု သမိုင်းအမွေအနှစ်ကောင်းများ ပိုင်ဆိုင်ထားကြသည်ကို တွေ့ရကြောင်း၊ ကရင်တိုင်းရင်းသားများ၏ ရိုးရာဓလေ့ပွဲတော်များ အနေဖြင့် နှစ်သစ်ကူးပွဲ၊ အိမ်သစ်တက်ပွဲ၊ သဲပုံစေတီပွဲ၊ ကောက်သစ်စားပွဲ၊ လိပ်ပြာခေါ်ပွဲများရှိကြပြီး ကရင် ဒုံးယိမ်းအကသည်လည်း ကရင်တိုင်းရင်းသားတို့၏ စည်းလုံးညီညွတ်မှုကို ဖော်ညွှန်းလျက် မြူးကြွ၍ လူကြိုက်များသည့် ယဉ်ကျေးမှုအက ဖြစ်သည်ကို တွေ့မြင်ရကြောင်း၊ ကရင်နှစ်သစ်ကူးနေ့အခမ်းအနားကို မြန်မာနိုင်ငံတစ်ဝန်း ဘာသာအယူဝါဒမခြားဘဲ စည်းလုံးညီညွတ်စွာ ကျင်းပကြသည်ကိုသိရကြောင်း၊ မိမိတို့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို နောင်လာ နောက်သားများ ထိန်းသိမ်းစောင့်ရှောက်တတ်စေရန်အတွက် ကရင်ဘိုးဘွားမိဘများက မြန်မာနိုင်ငံကို အင်္ဂလိပ်တို့အုပ်ချုပ်ခဲ့သည့် ၁၉၃၇ ခုနှစ်တွင် ကရင်နှစ်သစ်ကူးနေ့ အသိအမှတ်ပြုခြင်း ဥပဒေတစ်ရပ်ကို ညီနောင် တိုင်းရင်းသားများနှင့် အတူကြိုးပမ်းပြီး ကရင်နှစ်သစ်ကူးနေ့အခမ်းအနားကို ကျင်းပလာခဲ့သည်မှာ ယနေ့တွင် နှစ်ပေါင်း (၈၅) နှစ်တိုင်ခဲ့ပြီဖြစ်ကြောင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့်လည်း နိုင်ငံတော်တာဝန်ကို စတင်တာဝန်ယူချိန်မှစ၍ တိုင်းရင်းသားအရေးကိစ္စများကို ဦးတည်ချက် (၉)ရပ်ပါ "တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး" ဆိုသည့်အတိုင်း အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ကရင်နှစ်သစ်ကူးပွဲတော် အခမ်းအနားကဲ့သို့ ကျန်တိုင်းရင်းသား ညီအစ်ကို မောင်နှမများ အနေဖြင့်လည်း မိမိတို့စာပေ၊ ဘာသာစကားနှင့် ယဉ်ကျေးမှုများ မပျောက်ပျက်အောင် ဆက်လက်ထိန်းသိမ်းကြစေလိုကြောင်း၊ တိုင်းရင်းသားအချင်းချင်း ဥမကွဲ၊ သိုက်မပျက် ပြည်ထောင်စု စိတ်ဓာတ်ဖြင့် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် ကျရာအခန်းကဏ္ဍ၌ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

**နှုတ်ခွန်းဆက်စကားပြောကြား**

ယင်းနောက် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်က ကရင်အမျိုးသားနှစ်သစ်ကူး နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး၊ ကရင်စာပေနှင့် ယဉ်ကျေးမှု အသင်းဥက္ကဋ္ဌ မန်းသန်းဝင်းဦးက ကရင်အမျိုးသား နှစ်သစ်ကူးဖြစ်ပေါ်လာပုံ အကြောင်း ရှင်းလင်းဖတ်ကြားသည်။

ထို့နောက် ကရင်တိုင်းရင်းသား ရိုးရာဒုံးယိမ်းအက၊ ရိုးရာကြိုးကျစ်အကနှင့် ရိုးရာဝါးညှပ်အကတို့ဖြင့် ကပြဖျော်ဖြေသည်။

ယင်းနောက် တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးက ဧည့်သည်တော်များအား ကရင်နှစ်သစ်ကူး လက်ဆောင်များ ပေးအပ်သည်။

**ထောက်ပံ့ငွေများပေးအပ်**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူး၊ ဒုတိယဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးများက ၂၇၆၂ ခုနှစ် ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော် ကျင်းပရေးကော်မတီထံ ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် Jeng Phang နော်တောင်နှင့် ဦးစောဒန်နီယယ်၊ ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်၊ တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးစိုးသိန်းနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေတို့က ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော် အခမ်းအနားကို ဖားစည် ကိုးချက်တီး၍ ဖွင့်လှစ်ပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးစောဒန်နီယယ် ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော် အခမ်းအနားတွင် နှုတ်ခွန်းဆက် စကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် Jeng Phang နော်တောင်နှင့် ဦးစောဒန်နီယယ် ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်အခမ်းအနားတွင် ဖြေဖျော်တင်ဆက်ကြသူများအား ဂုဏ်ပြုဆုငွေပေးအပ်စဉ်။

"နိုင်ငံအရေးမှာ ကိုယ့်ပြည်တွင်းအရေးမှာ ပြည်ပက ပါဝင်နေသမျှကာလပတ်လုံး တိုင်းပြည်တည်ငြိမ်အေးချမ်းဖို့ဆိုတာ တော်တော်ခက်ပါတယ်။ မြန်မာနိုင်ငံရဲ့အရေးကို မြန်မာနိုင်ငံသားတွေပဲ ဆုံးဖြတ်ဖို့ ဖြစ်ပါတယ်။ တခြားပြည်ပနိုင်ငံတွေကနေပြီးတော့ ဝင်ရောက်စွက်ဖက်ပြီး ဆုံးဖြတ်ရအောင် ဆောင်ရွက်ပေးလို့ ဘယ်လိုမှ မဖြစ်နိုင်ဘူး။ မြန်မာနိုင်ငံရဲ့အရေးကို မြန်မာနိုင်ငံသားတွေပဲ ဆုံးဖြတ်ဖို့ဖြစ်မယ်။"

[နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၁၂-၅-၂၀၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး အမှတ်စဉ် (၄/၂၀၂၂) တွင် ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်]



ပြည်ထောင်စုတိုင်းရင်းသားများ
ဓာတ်ပုံ - စိုင်းထွန်းနေလှိုင်

# ၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နိုင်ငံကျော်အဆိုတော် မြန်မာပြည်သိန်းတန်၏ ကြယ်လေးများရဲ့အနာဂတ် တစ်ကိုယ်တော်သီဆိုဖျော်ဖြေပွဲ ကျင်းပ





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသော ဦးခင်မောင်ဆွေ၊ ဒေါ်အေးနုစိန်၊ ဦးရွှေကြိမ်း၊ ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ တက်ရောက်လာကြသူများက နိုင်ငံကျော်အဆိုတော် မြန်မာပြည်သိန်းတန်၏ ကြယ်လေးများရဲ့အနာဂတ် တစ်ကိုယ်တော်သီဆိုဖျော်ဖြေနေမှုကို အားပေးကြည့်ရှုကြစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂၂**

၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နိုင်ငံကျော်အဆိုတော် မြန်မာပြည်သိန်းတန်၏ ကြယ်လေးများရဲ့ အနာဂတ် တစ်ကိုယ်တော် သီဆိုဖျော်ဖြေပွဲကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန(MICC II)၌ ကျင်းပသည်။

အဆိုပါ သီဆိုဖျော်ဖြေပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များဖြစ်ကြသော ဦးခင်မောင်ဆွေ၊ ဒေါ်အေးနုစိန်၊ ဦးရွှေကြိမ်း၊ ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားတွင် လေထီးခုန်ဂုဏ်ပြုကြမည့် လေထီးခုန်စစ်သည်များနှင့် စစ်သမီးများ၊ စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားတွင် စာလုံးသရုပ်ဖော်ကြမည့်ကျောင်းသား ကျောင်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ယနေ့ဖျော်ဖြေတင်ဆက်မှုသည် ရင်ခွင်မဲ့ကလေးများအတွက် စီစဉ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ရင်ခွင်မဲ့ကလေးများကို စာနာနားလည်စွာ ကူညီဖေးမသင့်ကြောင်း၊ ယနေ့တွင် အသက်လေးနှစ်မှ ၂၀ ကျော်အရွယ်အထိ ရင်ခွင်မဲ့ကလေးများက မြန်မာပြည်သိန်းတန်နှင့်အတူ ပါဝင်ဖျော်ဖြေတင်ဆက်မည့် အစီအစဉ်လည်း ပါဝင်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာပြည်သိန်းတန်နှင့် အဖွဲ့က ရတနာပုံ၊ အောင်စေတည်စေညီစေ၊ လွတ်လပ်ရေးတေးသံ၊ ပြောင်းလဲနေသောရွာကလေး၊ ယောသူတို့ရွာ + မဖေဒါသီချင်းတို့ဖြင့် သီဆိုဖျော်ဖြေတင်ဆက်သည်။

ယင်းနောက် အလှူငွေပေးအပ်ပွဲကို ကျင်းပရာ ရင်ခွင်မဲ့ကလေးများအတွက် နွေးထွေးသော ကမ်းလက်များ ဖောင်ဒေးရှင်း၊ ရွှေသံလွင်မီဒီယာကုမ္ပဏီလီမိတက်နှင့် စေတနာရှင်အလှူရှင်တစ်ဦးတို့က ငွေကျပ် သိန်း ၁၀၀ စီ၊ ဦးလှစိုးဦး-ဒေါ်သန်းသန်း (သာယာကြည်နူးဖွယ် ကျောက်မျက်ကုမ္ပဏီလီမိတက်)က ငွေကျပ် သိန်း ၁၅၀၊ ဦးအောင်မျိုးဝင်း - ဒေါ်မေသူဇာဝင်း (May Thu 27 ) အိမ်ခြံမြေရောင်းဝယ်ရေးက ငွေကျပ် သိန်း ၃၀ တို့ကို ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက လက်ခံရယူပြီး ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ မြန်မာပြည်သိန်းတန်နှင့်အဖွဲ့က စနေထောင့်မှာ ပန်းလှူမယ်၊ ရင်ခွင့်မဲ့ကလေး ၅၀ နှင့်အတူ ပူးပေါင်းတင်ဆက်သည့် ကြယ်စင်လေးများ၊ ရွှေသုန္ဒရီ၊ ချစ်စိတ်ငယ်ငယ်၊ နှင်းပွင့်သစ္စာ၊ Uncle ကတော့နိုးပါ စသည့် တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေရာ တက်ရောက်လာကြသူများက ပျော်ရွှင်စွာ အားပေးကြည့်ရှုကြသည်။

မြန်မာနိုင်ငံတစ်ဝန်းတွင် အကြောင်းအမျိုးမျိုးကြောင့် ရင်ခွင်မဲ့နေကြသော ရင်သွေးရတနာလေးများ၊ ဘဝအခြေအနေ ချို့တဲ့နေရှာသော ကလေးသူငယ်များ များစွာရှိနေရာ ၎င်းတို့ကို စနစ်တကျပြုစုပျိုးထောင်၍ တန်ဖိုးရှိသော လူချွန်လူကောင်းများ ဖြစ်ပေါ်လာအောင် မေတ္တာဖြင့် ထုံမွမ်း၍ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရမည်ဖြစ်သည်။

သို့အတွက် ယနေ့တွင် နိုင်ငံကျော်တေးသံရှင် မြန်မာပြည်သိန်းတန်က ရင်ခွင်မဲ့ကလေးများကို ကောင်းကင်တွင် တောက်ပမည့် ကြယ်ကလေးများအဖြစ် တင်စားကာ ကြယ်ကလေးများ၏ အနာဂတ်ဟု အမည်တပ်၍ ဖျော်ဖြေတင်ဆက်ခြင်းဖြစ်သည်။ ရင်ခွင်မဲ့ကလေးများအတွက် ယနေ့တွင် အလှူငွေကျပ် ၅၅၉ သိန်းကျော်ရရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံကျော်အဆိုတော် မြန်မာပြည်သိန်းတန်နှင့်အဖွဲ့က ရင်ခွင့်မဲ့ကလေး ၅၀ နှင့်အတူ ကြယ်စင်လေးများသီချင်းကို ပူးပေါင်းဖျော်ဖြေတင်ဆက်စဉ်။

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# စိန်ရတုလွတ်လပ်ရေး ပန်းတိုင်ဆီသို့ ခရီးဆက်နိုင်ခဲ့ပြီ

ဒေါက်တာ မောင်ကျော် (ပါမောက္ခချုပ်-ငြိမ်း)

**အခြေအနေ (၁)**

အရှေ့တောင်အာရှက မြန်မာနိုင်ငံဟာ မြေမျက်နှာသွင်ပြင်အမျိုးမျိုးရှိတဲ့ အပြင် နေရောင်ခြည်ကိုလည်းမြင်၊ ပင်လယ်ကမ်းခြေနဲ့ ရေခဲတောင်လည်းရှိ၊ မြေဩဇာကောင်းတဲ့ စိုက်ပျိုးမြေတွေကလည်း ကျယ်ပြော၊ နုန်းတင်မြေနုသစ်တောတွေနဲ့ လမုတောကလည်းရှိ၊ သစ်ခွမျိုးစုံက အစ၊ ပန်းရနံ့တွေကလည်း မွှေးကြိုင်လှပသာယာလျက်ရှိတဲ့ နိုင်ငံဖြစ်ပါတယ်။

နိုင်ငံသားများဟာ အလွန်ရိုးသားဖြူစင်တဲ့ လယ်သမားတွေ၊ မြေဩဇာကောင်းတဲ့ လယ်မြေတွေ၊ နုန်းတင်မြေနုမြစ်ချောင်းအင်းအိုင်တွေကို မတိမ်ကောအောင်ကာကွယ်ရင်း ကြိုးကြိုးပမ်းပမ်းနဲ့ အသက်မွေးဝမ်းကျောင်း ပြုနေရသူတွေများပါတယ်။ ကျောင်းကန်ဘုရား စေတီပုထိုးဆီသို့သွား၊ သီတင်းသီလဆောက်တည်၊ သီလသမာဓိ ပညာရအောင်ပုတီးစိပ်၊ သူတော်စင်တွေနေတဲ့ နိုင်ငံအဖြစ် ရပ်တည်တဲ့ နိုင်ငံဖြစ်တယ်။

ယဉ်ကျေးမှု အမွေအနှစ်တွေဟာလည်း အာရှရဲ့ ပုလဲရတနာလိုတစ်မျိုး၊ ရွှေရောင်တဝင်းဝင်းနဲ့ ဘုရားစေတီတွေကိုပဲ ကြည့်ကြည့်၊ မူးမြစ်ဝှမ်း၊ ချင်းတွင်းမြစ်ဝှမ်း၊ ဟူးကောင်းချိုင့်ဝှမ်း၊ ဧရာဝတီမြစ်ဝှမ်းက လယ်ယာမြေတွေမှာ သီးမှည့်နေတဲ့ စပါးနှံတွေပဲကြည့်ကြည့် ကမ္ဘာမှာ ရွှေနိုင်ငံလို့တစ်မျိုး အမည်ရနေပါတယ်။ အရှေ့တောင်အာရှမှာ နယ်မြေအကျယ်ဆုံးစိုက်ပျိုးနိုင်တဲ့ မြေကေ သစ်တောနဲ့ ကျောက်သံပတ္တမြား သယံဇာတကြွယ်ဝလျက် ရှိနေပါတယ်။ ရေသွင်းစိုက်ပျိုးနိုင်တဲ့ မြေဧရိယာဟာလည်း ဧရာဝတီ၊ စစ်တောင်းနဲ့ ဒီမြစ်ကြီးတွေဆီသို့ စီးဝင်နေတဲ့ မြစ်ချောင်းတွေကို အကြောင်းပြု ရေသွင်းစိုက်ပျိုးနိုင်တဲ့ မြေကေဟာလည်း များစွာရှိနေပါတယ်။

မြန်မာတို့ဟာ ကမ္ဘာမှာ ညွှဲ့ဝတ်ကျေပျော်ရွှေပြီး ယဉ်ကျေးသိမ်မွေ့တယ်။ စာပေကျမ်းဂန်တွေ တတ်ကျွမ်းမှုရှိကြတယ်။ ရက်ရောသူတွေ၊ စဉ်းစားဆင်ခြင်တတ်တဲ့သူတွေ၊ ကူညီရိုင်းပင်းသူတွေ၊ ရောင့်ရဲတင်းတိမ်သူတွေ၊ ကိုယ်ကျိုးစွန့်လွှတ်နိုင်သူတွေပဲလို့ နာမည်ရပါတယ်။ စေတီပုထိုးနဲ့ ဘုရားတန်ဆောင်းတို့ဟာ သမိုင်းခေတ်အဆက်ဆက်မှာ ဘာသာတရား၊ မေတ္တာတရားနဲ့အညီ တင့်တယ်ခံ့ညားလျက်ရှိတယ်။

၁၉-၂၀ ရာစုအတွင်း နယ်ချဲ့ကိုလိုနီတွေကြောင့် မြန်မာ့ရေမြေ၊ ကိုယ့်ထီးကိုယ်နန်း ကိုယ်ကြငှန်း၊ ကိုယ့်ဘုရင်ကိုယ့်သခင်နဲ့ နေလာခဲ့တဲ့ လွတ်လပ်မှုဂုဏ်အရှိန်အဝါဟာ တဖြည်းဖြည်း မှေးမှိန်ခဲ့ရပါတယ်။ လူမှုစီးပွားရေး သမိုင်းကြောင်း ပြောင်းလဲသွားခဲ့ပါတယ်။ ၁၉၄၈ ခုနှစ်အထိ နှစ်ပေါင်း တစ်ရာကျော်ကြာ မြန်မာတို့ဟာ လွတ်လပ်ရေး ဆုံးရှုံးခဲ့ကာ သမိုင်းတစ်ကွေ့အဖြစ် ပြောင်းလဲ




သွားခဲ့ပါတယ်။

"သမိုင်းကို သတိမရကြလျှင်၊ ဒုတိယ ယမ္မိ တစ်ကျော့ပြန်တတ်သည်၊ သမိုင်းဆိုသည်မှာ သတိရနေမှ" ဆိုတဲ့ စကားအရ ၁၉၃၂ ခုနှစ် အတိတ်ဆီသို့ ခရီးထွက်ခဲ့ပါတယ်။

၁၉၃၂ ခုနှစ် ဇွန်လထုတ် "ဂန္ထလောက မဂ္ဂဇင်း" ခေါင်းကြီးပိုင်းမှာ -

**"တိုင်းပြည်တို့မည်သည် တိုင်းပြည်အင်္ဂါနှင့် ပြည့်စုံကောင်း၏။ တိုင်းပြည်၏ အကြီးဆုံးအင်္ဂါသည် လုံးဝလွတ်လပ်ခြင်းမည်၏။ အကြင်တိုင်းပြည်သည် တစ်ထီးတစ်နန်း တစ်ကြငှန်းနှင့် မနေရသမျှ လွတ်လပ်ခြင်း မရှိ၊ တိုင်းပြည်ကြီးတို့၏ အင်္ဂါနှင့်ပြည့်စုံပေ၏ဟု မဆိုနိုင်။ သူတစ်ပါးလက်အောက်တွင် တစ်ပါးသူ၏ အုပ်စိုးခြင်းကို ခံနေရသမျှ အကြင်တိုင်းပြည်သည် တိုင်းပြည်မမည်။ လက်အောက်ခံတိုင်းပြည်တို့လူမျိုးကား ကျွန်လူမျိုးမျှသာတည်း။ အောက်တန်းကျလှချေ၏။"**

**"မြန်မာပြည်ကို မြန်မာတို့သာလျှင် စိတ်တိုင်းကျ အုပ်ချုပ်လို၏။ အိန္ဒိယတိုင်းပြည်၏လွတ်လပ်ရေးလုပ်ငန်းသည် မည်မျှခက်ခဲတာရှည်ကြောင်း ယခုဖြစ်ပျက်နေသော အခြေအနေကြည့်က ကောင်းစွာသိနိုင်၏။ ထို့ကြောင့် မြန်မာလူမျိုးတိုင်း လွတ်လပ်ရေးကိစ္စသည် အခက်ခဲဆုံးကိစ္စ၊ အရေးကြီးဆုံးကိစ္စဟု တစ်ထစ်ချမှတ်ယူသင့်၏။ ထိုမဟာကိစ္စကြီးအတွက်နေ့တိုင်းအားလပ်သောအချိန်တို့၌ အကြံသစ်ဉာဏ်သစ်ပေါ်ရန် စိတ်ကူးအားထုတ်ခြင်းဖြင့်သာ အချိန်ကုန်သင့်၏။ မြန်မာလူမျိုးတို့သည် ညီအစ်ကိုချင်း ခွပ်ကြတုန်းပင်ရှိသေး၏။ ကွန်နိုပ်တို့သည် အကျိုးမဲ့အချိန်ဖြုန်းခြင်းကို ရပ်စဲ၍ တို့တိုင်းပြည်တိုးတက်ရန်ကိုသာ အားထုတ်ဆောင်ရွက်ရန် များစွာလိုလားအပ်၏။"**

"မြန်မာတို့သည် တို့တိုင်းပြည်၏ဂုဏ်မှမထောက်ဘဲ ယခုအခါတွင် သူတစ်ပါးအား ခိုလှုံအားကိုးလိုသော ဆန္ဒကိုပြ၏။ ယခုအခါကား ကျွန်ုပ်တို့သည် မည်သည့်လူမျိုးမှ ယုံကြည်အားထားကိုးစားရန် မဟုတ်။ ကိုယ့်ထူးကိုယ်ချွန်၍ လွတ်လပ်ရေးပန်းတိုင်သို့ မရောက်မချင်း အလုပ်ပြင်း-လုပ်ကြရန်ဖြစ်၏။ မြန်မာပြည်၌သာ နဂိုကသေးငယ်လှသောနိုင်ငံကို အားနည်းသည်ထက် နည်းလေအောင် အစိတ်စိတ် အမြွှာမြွှာဖြစ်အောင် ဝိုင်းတော့မည်ကို လက်ပိုက်၍ကြည့်နေကြ၏။

ပဉ္စမ အရေးအကြီးဆုံးအချက်မှာ မိမိကိုယ်မိမိ အဖိုးတန်သော တိုင်းရင်းသားတစ်ယောက်ဖြစ်အောင် မွေးမြူရမည်။ တရားတော်အတိုင်း ပညာနှင့် ဥစ္စာကို မိမိအကျိုးတွက်သာမဟုတ် ကျွန်တွင်းကျနေသော တို့တိုင်းပြည်အကျိုးအတွက်ဟု ရည်သန်၍ ရှာဖွေစုဆောင်းကြရမည်။ ဝံသာနုရက္ခိတမွေကို မပြတ်နှလုံးသွင်း၍ အဖိုးတန်သော မြန်မာများအဖြစ်ရောက်အောင် အားထုတ်ကြပါက နောင်ဥဒါန်းတွင်ရစ်အောင် လွတ်လပ်ရေးအလုပ်ကို ဆောင်ရွက်ကြပါကုန်။"
(၁၉၃၂ ခုနှစ် ဇွန်လထုတ် "ဂန္ထလောက မဂ္ဂဇင်း" ခေါင်းကြီး)

(၂၀) ရာစု စတင်တာထွက်ကတည်းက ရဲဘော်သုံးကျိပ်ဟာ ခရီးကြမ်းကို လျှောက်ခဲ့ကြရတယ်။ ထိုခေတ်၊ ထိုအချိန်က နိုင်ငံရေးလှုပ်ရှားမှုများဟာ တစ်နိုင်ငံလုံး တိုင်းရင်းသားအပေါင်း လွတ်လပ်ရေးအတွက် ကျောပိုးအိတ်ကိုလွယ်၊ နိုင်ငံနဲ့လူမျိုးလွတ်လပ်ဖို့၊ ကိုယ့်နိုင်ငံကို ကိုယ်တိုင်ကာကွယ်ဖို့ အသက်သွေးချွေးနဲ့အချိန်တွေ ပေးခဲ့ကြရတယ်။ တစ်မျိုးသားလုံး ကောင်းစားရေးသို့ ရှေးရှုခဲ့ကြောင်း (၂၁) ရာစု လူငယ်တွေက နမူနာယူကြရလိမ့်မယ်။

**အခြေအနေ (၂)**

အောင်ဆန်း - အက်တလီစာချုပ်မှာ အထူးညီလာခံကျင်းပပြီး တိုင်းရင်းသားတွေရဲ့ ဆန္ဒကိုရယူရမည်ဟု ဖော်ပြထားတယ်။

**Aung San–Atlee Agreement** (27 January 1947)

His Majesty's Government and the Delegation of the Burma Executive Council having discussed all the matters affecting the future relations between Great Britain and Burma which were raised by the Delegation have reached the following agreed conclusions as to the methods by which the people of Burma may achieve their independence, either within or without the Commonwealth, as soon as possible: --

**1. The Constituent Assembly**

In order that the people of Burma may decide on the future constitution of their country as soon as possible a Constituent Assembly shall be elected instead of a Legislature under the Act of 1935. For this purpose, the electoral machinery of the 1935 Act will be used.

Elections will take place in April for the general non-communal, the Karen, and the Anglo-Burman constituencies as constituted under the Act of 1935, and for each constituency two members shall be returned. Any Burma nationals (as defined in Annex A) registered in a general constituency other than one of those mentioned above shall be placed on the register of a general non-communal constituency.

**2. Transitional Form of Government**

During the period of transition, the Government of Burma will be carried on as at present under the special powers of Section 139 of the Act of 1935 and the Temporary Provisions Act of 1945 together with any Orders in Council made there under. If any exception circumstances arise which, in the opinion of either Government require special treatment, His Majesty's Government will consider what, if any, alteration can be made to meet such circumstances. (This is part of the Agreement described here by the Author)

ဒါ့ကြောင့် ဖ-ဆ-ပ-လ အဖွဲ့ချုပ်ခေါင်းဆောင်တွေဟာ သွေးချင်းတို့နဲ့အတူ လွတ်လပ်ရေးရယူဖို့ ကြိုးပမ်းခဲ့ရတယ်။ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်မှာ အားလုံးသိပြီးဖြစ်တဲ့ ဗိုလ်ချုပ်အောင်ဆန်းနဲ့တကွ ကချင်၊ ချင်း၊ ရှမ်း စတဲ့ တိုင်းရင်းသားခေါင်းဆောင် ၂၃ ဦးတို့ဟာ တစည်းတလုံးတည်း နေထိုင်ကြတော့မယ်ဆိုတဲ့ သန္နိဋ္ဌာန်နဲ့ ဖေဖော်ဝါရီ ၁၂ ရက်မှာ လက်မှတ်ရေးထိုးခဲ့ရာ ပင်လုံညီလာခံဟာ မြေပြန့်သားတို့နဲ့ တောင်တန်းသားတို့ရဲ့ အမျိုးသားစည်းလုံးညီညွတ်မှုကို တည်ဆောက်ခဲ့တဲ့ ထင်ရှားတဲ့ မှတ်တိုင်ကြီးတစ်ခုဖြစ်ပါတယ်။

**Nu–Atlee Act (17 October 1947)**

After years of being a colony, on 17 October 1947, Prime Ministers, U Nu of Burma and Clement Atlee of the UK signed a treaty formally for the recognizing the independence of the Union of Burma, "Treaty between the Government of the United Kingdom and the Provisional Government of Burma, Burma Independence Act", known as the Nu-Atlee Agreement within the UN Charter on the principle of decolonization. In Article 1, the Government of the UK recognizes the Republic of the Union of Burma as a fully Independent Sovereign State.

စာမျက်နှာ ၇ သို့ ✳

✳ စာမျက်နှာ ၆ မှ

The Constitution for this sovereign Independent Republic was completed on 24 September 1947 by the constituent Assembly. Following approval of the Constitution by the British parliament and signing of defense agreement, Burma became free on 4 January 1948.

၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်မှာ မြန်မာနိုင်ငံဟာ လုံးဝလွတ်လပ်တဲ့နိုင်ငံ ဖြစ်လာခဲ့ပါတယ်။ ရှေ့ကို ဘာတွေများ လုပ်ကြဦးမလဲဆိုတဲ့ ပြဿနာက အလိုလို ထွက်ပေါ်လာပါတယ်။ လွတ်လပ်ရေး ပြန်လည်ရရှိအောင်၊ ဆောင်ကြဉ်းပေးခဲ့တဲ့ မကြာသေးမီက အဘိုးအဘွားတွေ အသက်၊ သွေး၊ ချွေးပေးခဲ့ကြသူတွေကို အောက်မေ့ကြ၊ ကျေးဇူးတရားကို သိကြရလိမ့်မယ်။ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည့်တံ့ခိုင်မြဲရေး အရေးသုံးပါးဟာ နိုင်ငံသားတိုင်းရဲ့ တာဝန်ဖြစ်ပါတယ်။ မမေ့မလျော့ သတိမူကြရမှာဖြစ်ပါတယ်။

"တရားမျှတ လွတ်လပ်ခြင်းနဲ့ မသွေ ဒို့ပြည် ဒို့မြေ များလူခပ်သိမ်း ငြိမ်းချမ်းစေဖို့ ခွင့်တူညီမျှ ဝါဒဖြူစင်တဲ့ပြည် ဒို့ပြည်ဒို့မြေ ပြည်ထောင်စုအမွေ အမြဲတည်တံ့စေ အဓိဋ္ဌာန်ပြုပေ ထိန်းသိမ်းစို့လေ"

### အခြေအနေ (၃)

လွတ်လပ်ရေးဟာ အလွန်တရာ နူးညံ့တဲ့ သဘော၊ လွတ်လပ်ရေးရရင် အခွင့်အရေးကို တင်းပြည့်ကျပ်ပြည့် ရနိုင်တယ်ဆိုတဲ့ စကားကမှန်ပါတယ်။ ဒါပေမဲ့ တကယ့်လွတ်လပ်ရေးကို ရရှိပြီး ထိုလွတ်လပ်ရေးအတိုင်း ကျင့်ကြံအားထုတ်မှ အခွင့်အရေးကို တင်းပြည့်ကျပ်ပြည့်ရနိုင်လိမ့်မယ်။ ၁၉၅၁ နဲ့ ၁၉၅၅ ခုနှစ်တို့မှာ ဖဆပလ အစိုးရအသီးသီးက အုပ်ချုပ်ခဲ့တယ်။

**"ဖဆပလအဖွဲ့ချုပ်ကြီးသည် အစွန့်ရှည်စွာ တည်မြဲအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဖ-ဆ-ပ-လ တည်မြဲရန်မှာလည်း အလွန်ပင်အရေးကြီးကြောင်း၊ နိုင်ငံတော် ပြန်လည်ထူထောင်ရေးတွင် ဖ-ဆ-ပ-လ က ပိုမိုအားပေးမည်ဖြစ်ကြောင်း၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများပါ တက်ရောက်ဆောင်ရွက်သည့် ကိစ္စအောင်မြင်သည့်အခါ ကချင်များ မနောပွဲပြုလုပ်မြဲဖြစ်သည်ဆိုခြင်း"။** (ဟံသာဝတီ သတင်းစာ)



ဝန်ကြီးချုပ်သခင်နု မန္တလေးမြို့သို့ရောက်စဉ်အခါက မန္တလေးမြို့ရှိ လူကြီးလူကောင်းများက ဤကဲ့သို့ ကြိုဆိုကြပုံ။ (ဟံသာဝတီသတင်းစာပါ ဓာတ်ပုံ-ပုံစာ)

**"ဝန်ကြီးချုပ် သခင်နုသည် ၁၉၄၈ ခုနှစ် ဒီဇင်ဘာ ၂၈ ရက် မန္တလေးမြို့ ဝင်းလိုက်ရုပ်ရှင်ရုံ၌ ကျင်းပသော နိုင်ငံတော်အစိုးရ ပါဋ္ဌိပထမပြန် စာမေးပွဲအောင် ဆုနှင်းသဘင်အခမ်းအနားသို့ ကြွရောက်ပြီးသည့်ပြင် ထိုနေ့ညနေ ဘက်တွင် နန်းတော်မြို့ရိုးကြီးအတွင်း လေးပြင်လေးရပ်၌ အင်တိုက်အားတိုက် တက်ရောက်ကြသော အလွန်များပြားစည်ကားလှသည့် လူထုတရားပွဲကြီးကို တက်ရောက်ခဲ့လေသည်။"**

**"ဒီဇင်ဘာ ၂၉ ရက် နေ့လယ်အချိန် စစ်ကိုင်းမြို့၌ ကျင်းပသော လူထုတရားပွဲကြီးကိုလည်း ကြွရောက်ခဲ့လေသည်။ ထိုမှတစ်ဖန် မန္တလေးတောင်နှင့် မဟာမြတ်မုနိဘုရားကြီး၊ စစ်ကိုင်းတောင် စေတီတော်မှစ၍ စေတီတော် ရုပ်ပွားတော်များ၊ ဦးပိန်တံတားကြီးကိုဖြတ်၊ ပုဂံမင်းတည်ထားခဲ့သော ကျောက်တော်ကြီးဘုရားသို့ ရောက်ရှိပူဇော် ဖူးမြော်ခဲ့လေသည်။ ဝန်ကြီးချုပ် သခင်နုသည် သက်တော်ကြီးရင့်၍ သီလဝန္တ ဖြစ်တော်မူသော မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီး၊ အမရပူရစံကျောင်း ဆရာတော်ဘုရားကြီးမှစ၍ အခြားဆရာတော်များကိုပါ ဝင်ရောက်ဖူးမြော်ခဲ့လေသည်။ ထို့နောက် တောင်မြို့အာဇာနည်ကုန်းသို့ ဝင်ရောက်၍ ပန်းခွေများချကာ ကျဆုံးသော အာဇာနည်များအား အလေးပြုခဲ့လေသည်။"**

**"ဝန်ကြီးချုပ်နှင့်အတူ လိုက်ပါလာသော ဗိုလ်မှူးအောင်၊ ဦးဗဆွေတို့က လည်း မန္တလေး၊ စစ်ကိုင်းမြို့များတွင် ကျင်းပသော လူထုတရားပွဲများ၌လည်း အသီးသီး ဟောပြောကြလေသည်။ ထို့ပြင် ဒီဇင်ဘာ ၂၈ ရက် နံနက် မန္တလေးမြို့ ကျုံးထောင့်တွင် ကျင်းပသော တပ်မတော်နေ့ အထိမ်းအမှတ်ပွဲသို့ သွားရောက်၍ ရဲဘော်- ရဲမေများအား တရားဟောပြောခဲ့သေးကြောင်း။"** (ဟံသာဝတီ သတင်းစာ)

လွတ်လပ်တဲ့နိုင်ငံမှာ အခွင့်အရေးကို သာတူညီမျှရရှိစေရတယ်။ တစ်ဦးဦးက မိမိရသင့်တဲ့ အခွင့်အရေးထက် ပိုမို ရရှိလိုတာကြောင့် ပိုမိုရရှိအောင် ကြိုးစားတာနဲ့ တစ်ပြိုင်နက် သူတစ်ပါးရဲ့ အခွင့်အရေးကို ကျူးကျော်စော်ကားပြီးဖြစ်လိမ့်မယ်။

### အခြေအနေ (၄)

"အများသော လူထုသည် ထင်ရာလုပ်နိုင်ခြင်းကို လွတ်လပ်ခြင်းဟူ၍ ထင်မှားနေသမျှ ကာလပတ်လုံး မည်သူမျှ လွတ်လပ်ခြင်းမရှိဘဲ လွတ်လပ်ခြင်း၏ အရသာကို ခံစားကြရမည် မဟုတ်ပေ။ သို့အတွက် ဤနေ့ဤရက်တွင် အဓိကဖြစ်သော မေးခွန်းနှစ်ခုကို မေးသင့်ကြသည်။ ထိုမေးခွန်းနှစ်ခုကား -

(၁) ငါတို့သည် လွတ်လပ်ခြင်း၏ အဓိပ္ပာယ်ကို မှန်ကန်စွာသိရှိသလား။

(၂) ငါတို့သည် လွတ်လပ်ခြင်း၏ အဓိပ္ပာယ်ကို မှန်ကန်စွာသိရှိသည့်အတိုင်း၊ လွတ်လပ်သော လူမျိုး၏ ဝတ္တရားကို ကျေပွန်စွာ ဆောင်ရွက်နေသလား" - ဟူသော မေးခွန်းများ ဖြစ်ပေသည်။

**"လွတ်လပ်ရေး၏ သဘောကို မှန်ကန်စွာသိရှိ၍ ထိုသဘောအတိုင်း ပေါင်းသင်းဆက်ဆံ နေထိုင်ခြင်းကို မပြုသမျှကာလပတ်လုံး၊ အခြေအနေသည် တိုးတက်လိမ့်မည်မဟုတ်။ လွတ်လပ်ရေးကို အရယူရန် ကြိုးစားကြစဉ်က စည်ပင်သာယာချမ်းစွာနှင့် သာတူညီမျှစနစ်အရ နေထိုင်နိုင်ရန် ကြိုးစားခြင်းဖြစ်လေသည်။ ခေါင်းဆောင်တို့သည် ဤသဘောကို ဟောကြပြောကြ၏။ သို့ရာတွင် ထိုသဘောသည် အများသော လူထုအစိတ်အပိုင်း၏ ခေါင်းထဲသို့၊ နှလုံးထဲသို့ ဝင်ဟန်မရှိသေးချေ။"** (ဟံသာဝတီ သတင်းစာ)

"နိုင်ငံခြားမှ အထည်ဝယ်ယူရန် အစိုးရထံမှ လိုင်စင်ယူရသည်ဟု ရမယ်ရှာကာ အထည်ကုန်သည်တွေက အထည်အလိပ်တွေကို မတန်တဆ ဈေးတင်ရောင်းလျက်ရှိကြ၏။ လူထုကလည်း ကုန်သည်ခြောက်တိုင်း နားယောင်ပြီး အထည်အလိပ်များကို ငမ်းငမ်းတက် ဝယ်ယူလျက်ရှိကြ၏။"

"ပစ္စည်းများကို လက်ထဲမှာ ငွေရှိသလို မဝယ်ပါနှင့်။ မဖြုန်းတီးပါနှင့်။ အထည်ကုန်သည်များက ခြောက်လှန့်ကာ ဈေးပိုမိုရောင်းတိုင်း လူထုကမဝယ်ကြပါနှင့်။"

လွတ်လပ်ရေးအတွက်၊ လွတ်လပ်ရေးနဲ့အတူ ကြီးပြင်းလာကြတဲ့ ပြည်တွင်းနိုင်ငံရေး အင်အားစု ရဲဘော်ရဲဘက်တွေဟာ ဝါဒအယူအဆကို အကြောင်းပြုလေသလား၊ အာဏာကို မက်မောတာလား၊ ဖဆပလအဖွဲ့သည် စိတ်ဝမ်းတွေကွဲ၊ သွေးကွဲ တစ်တပ်တစ်ဗိုလ် ဖြစ်သွားခဲ့တယ်။

"ရဲဘော်တွေ ဘယ်လမ်းကို လိုက်ကြမည်နည်း၊ ဖဆပလက နယ်ဆင်းပြီး သန့်ရှင်းရေး လုပ်ကြဦးမည်၊ လွတ်လပ်ရေးရပြီးသည့်နောက် နိုင်ငံရေးသမားများ 'ရောင်တတ' ဖြစ်နေသည်ဆိုခြင်း၊ ယခုလောလောဆယ်အချိန်တွင် မြန်မာနိုင်ငံတော် ပြန်လည်ထူထောင်ရန် အလွန်ပင်လိုလားနေပါပြီ။ စေတနာ့ဝန်ထမ်းလုပ်ငန်းများ များနိုင်သလောက် များအောင် ဆောင်ရွက်ကြရမည် **ဖြစ်ပါသည်။"** (နိုင်ငံရေးသတင်းထောက်ရေးသည်) (ဟံသာဝတီ သတင်းစာ)။

ဖဆပလခေတ်တွင် နိုင်ငံရေး တည်ငြိမ်မှု ကင်းမဲ့ခဲ့ရသည်။ တိုးတက်မှုလမ်းကြောင်းမှချော်ခဲ့ရသည်။ တရုတ်ဖြူ ကူမင်တန် (KMT = Kuomintang) တို့၏ ကျူးကျော်မှုကလည်း တစ်မှောင့်ဖြစ်ခဲ့သည်။ ကျူးကျော်မှုကို ဆန့်ကျင်ရှုတ်ချ၊ ဗမာ့တပ်မတော်ကလည်း ကူမင်တန်တို့အား တိုက်ထုတ်တာကြောင့် ၁၉၅၃ ခုနှစ် စက်တင်ဘာလမှစ၍ မြန်မာနိုင်ငံရှိ တရုတ်ဖြူများ ရုပ်သိမ်းပေးခဲ့ရတယ်။ လွတ်လပ်ရေးရပြီးလို့ ခြောက်နှစ်အကြာ ၁၉၅၄ ခုနှစ်မှာ ဖွံ့ဖြိုးမှု အလားအလာ အကောင်းဆုံးနိုင်ငံဟာ မြန်မာနိုင်ငံလို့ ကမ္ဘာ့ဘဏ်က ခန့်မှန်းခဲ့ပါတယ်။

### အခြေအနေ (၅)

လွတ်လပ်ရေးရပြီး ဆယ်နှစ်ကြာတဲ့အခါ ဖဆပလအဖွဲ့ရဲ့ တတိယအကြိမ် မြန်မာနိုင်ငံလုံးဆိုင်ရာ စည်းဝေးပွဲမှာ သဘောကွဲလွဲမှုပိုပြီး ထင်ရှားခဲ့တယ်။ နုတင် သန့်ရှင်းဖဆပလ၊ ဆွေငြိမ်းတည်မြဲဖဆပလ အုပ်စုနှစ်ခုဟာ အစိုးရအဖွဲ့ကို ကြိုးကိုင်နိုင်ဖို့ နှစ်ဖက်စလုံး ကြိုးစားခဲ့တဲ့ ပုံရိပ်ရှိခဲ့တယ်။ ဖဆပလ အုပ်စုနှစ်စု ကွဲသွားခြင်းက ပြည်သူလူထု အတွင်း စိတ်ဝမ်းကွဲမှု သက်ရောက်ခဲ့ရာ နိုင်ငံအတွက် ဒဏ်ရာကျန်ခဲ့တယ်။ တစ်ဖက်ကကြည့်ရင် သန့်ရှင်းဖဆပလ အစိုးရရဲ့ လိုက်လျောမှုကြောင့် ပြည်သူ့ရဲဘော်ဟောင်းများ အလင်းသို့ ရောက်ခဲ့ကြတယ်။ ကွန်မြူနစ်အချို့ ၁၉၅၈ ခုနှစ် ဩဂုတ် ၁၅ ရက်မှာ အလင်းဝင်ခဲ့ကြတယ်။ တောတွင်းမှာ ကျန်ရှိနေတဲ့ ကွန်မြူနစ်များကလည်း အစိုးရနဲ့ စေ့စပ်ဆွေးနွေးဖို့ ကြိုးစားလာကြတယ်။ အရှုံးထဲက အမြတ် ပေါ်လာခြင်းတစ်ခုလို့ ပြောနိုင်တယ်။

ပြည်သူတစ်ရပ်လုံးဟာ တစ်ဦးချင်း တစ်ယောက်ချင်းမှသည် အဖွဲ့အစည်းတိုင်းဟာ ကျွန်တော်တို့ရဲ့ အချိန်တွေ၊ စွမ်းအားတွေနဲ့ နိုင်ငံရဲ့ သယံဇာတကြွယ်ဝမှုတို့ကို မိတ်ဆွေဖြစ်ဖို့ တာစူကြရလိမ့်မယ်။ နိုင်ငံဟာ ကြီးသည် ငယ်သည်မဟုတ် အသီးသီးတစ်ဦးတည်း တစ်နိုင်ငံတည်း ရပ်တည်ရန်လည်း မည်သို့မျှမဖြစ်နိုင်၊ သက်ရှိတို့ ပေါ်ပေါက်ကြီးပြင်းမှုသီအိုရီ (Theory of Evolution) အရ အတူတကွ သဟဇာတဖြစ်စေဖို့ မြော်မြင်တွေးခေါ်မှုနဲ့နေကြမှ ဘဝဟာ ရှင်သန်ပါလိမ့်မယ်။

**"နိုင်ငံရေးပါတီများအနေဖြင့် အများနှင့်ဆိုင်သော အကောင်းဆုံးစံများကို စွဲစွဲမြဲမြဲ ဆုပ်ကိုင်ထားသင့်ကြသည်။ အမျိုးသား ကောင်းစားရေးအတွက် ပြင်းပြသောစိတ်ဖြင့် ဆောင်ရွက်လျှင် နှစ်အနည်းငယ်အတွင်း အောင်မြင်နိုင်ကြောင်း ဂျပန်က လက်တွေ့ပြခဲ့ပြီ။ အမျိုးသားစည်းလုံးညီညွတ်မှုကို အိပ်မက်မဖြစ်ပါစေနှင့်"** ဆိုတဲ့အကြောင်း "ဂန္ထလောက" မဂ္ဂဇင်းဆောင်းပါးပါ ဦးသန့်ရဲ့ ထောက်ပြချက်ကို "မောင်ရွှေခေတ်ရေး 'ဦးသန့်၏ အတွေ့အကြုံများ'" စာအုပ်မှာ ဖတ်ရှုရပါတယ်။

**"မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတွေထားခြင်းဖြင့် မိမိတစ်ဦးတည်းလည်း ငြိမ်းချမ်း၊ တစ်တိုင်းပြည်လုံးလည်း အေးချမ်း၊ ဖွံ့ဖြိုးတိုးတက်မှုတွေ အသီးသီးရကြမှာ ဖြစ်ပါတယ်။ နိုင်ငံမတည်ငြိမ်ရင် စီးပွားရေးမဖွံ့ဖြိုးနိုင်ဘူးဆိုတာ အားလုံးအသိ၊ စီးပွားရေးကျဆင်းလေလေ ဆင်းရဲမွဲတေမှုနဲ့ကြုံရမှာ ဖြစ်ပါတယ်။ ဆင်းရဲမွဲတေလေ နိုင်ငံမတည်ငြိမ်လေ စီးပွားရေးမဖွံ့ဖြိုး၊ ဆင်းရဲမွဲလေလေပဲ။ ဒီပြဿနာတွေကိုဖြေရှင်းရာမှာ တင်းမာမှုနဲ့ ထိပ်တိုက်ရင်ဆိုင်တိုက်ပွဲဝင်မှုတွေဟာ ပို၍ဆိုးဖွယ်ရာပဲ ဖြစ်ပါလိမ့်မယ်။ တိုင်းရင်းသားညီအစ်ကိုတွေနဲ့ စည်းလုံးညီညွတ်ရေး၊ ပညာရည်မြင့်မားရေးတို့ဟာ တကယ့်ကိုဦးတည်ရမယ့် အမျိုးသားရေးကိစ္စ၊ လွတ်လပ်ရေးရဲ့အနှစ်သာရမို့ သဟဇာတဖြစ်တဲ့ စီမံအုပ်ချုပ်မှုကို ရှေးရှုနေတာ တွေ့မြင်ရပါတယ်"**

စာမျက်နှာ ၈ သို့ ●

# စိန်လွတ်လပ်ရေးနေ့

အစွန့်ရှည် တည်ခဲ့
နှစ်များတဲ့ကြာရှည်
‘နှစ်ဆယ့်ငါး’ ရတုငွေ
ကုန်ခဲ့ပေထပ်ပွား
‘ငါးဆယ်နှစ်’ တိုင်ကာလေ
‘ရတုရွှေ’ ရောက်ခဲ့လွန်သွား။
လများတဲ့ တွက်လေပါ

ရက်ရှည်ကြာကာလများ
‘ရတုစိန်’ မည်ပေသား
ခုနစ်ဆယ့်ငါး တိုင်လာ
ထိန်းသိမ်းကာ တည်ထောင်ပြု
ပြည်ထောင်စု တိုင်းပြည်နယ်ပါ။
တောက်လျှမ်းတဲ့ ရတုစိန်အခါ
စည်းလုံးကာ ပြည်သူသားတို့

ညီတူအား ယှက်မြဲပြိုင်ညီ
လက်တွဲခိုင်ကျည်။
လွတ်လပ်ပန်းယခုကြိမ်ပြီ
ရတုစိန်အညီ ဆင်မြန်းကွယ့်လေး။
လက်တွဲလို့ မပျက်စေရည်
ဆက်လေအတည်စုစည်းလို့လေး။
လွတ်လပ်ရေး ခါမရွှေ့တည်
‘ရာပြည့်ဆီ’ တိုင် ရောက်ဖို့လေး။ ။

**သူရဇော်**

● စာမျက်နှာ ၇ မှ

လွတ်လပ်ရေးမရမီ ကာလမှာ ဗြိတိသျှ၊ အိန္ဒိယ၊ သီရိလင်္ကာနိုင်ငံတို့မှာ ဆိုရှယ်လစ် စနစ်ကျင့်သုံးတဲ့ ကိစ္စဟာ ရေပန်းစားလေတော့ မြန်မာဟာလည်း ပြောဖွယ်ရာမရှိပြီ။ ၁၉၇၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ မြန်မာ့ဆိုရှယ်လစ်ခေတ်ဖြစ်ခဲ့တယ်။ စီမံအုပ်ချုပ်ရေးက ချည့်နဲ့၊ ဘေးပယောဂတွေပူး၊ အထင်အမြင်တွေ တိမ်းစောင်း စီးပွားရေး ထင်သလောက် မဖွံ့ဖြိုး ခရီးမပေါက်ဖြစ်ခဲ့တယ်လို့ဆိုပါတယ်။ ကောင်းမွေတွေကို ယူတတ်ဖို့နဲ့ မကောင်းတာတွေ ပယ်တတ်တဲ့ အရည်အချင်းနဲ့ ဉာဏ်အမြော်အမြင်တွေ ရှိကြရ ပါလိမ့်မယ်။ ဈေးကွက်စီးပွားရေး ထူထောင်ရာမှာ တကယ်လိုအပ်ချက်က စီမံကိန်းတွေ ခိုင်ခိုင်ခံ့ခံ့ ရေးဆွဲ အကောင်အထည်ဖော်နိုင်ဖို့ အဓိပ္ပာယ်ရှိရှိ အင်အားစုစည်းဖို့ပဲ ဖြစ်ပါတယ်။ စီးပွားရေး အောင်မြင်လာတာနဲ့ အမျှ အလယ်အလတ် လူတန်းစားတွေဟာ စီးပွားရေး၊ နိုင်ငံရေး၊ သိပ္ပံနဲ့ နည်းပညာနဲ့ ဥပဒေပိုင်းဆိုင်ရာတွေမှာ မြင့်မားလာမယ်။

### အခြေအနေ (၆)

နှစ်ဆယ်ရာစု မြန်မာနိုင်ငံသမိုင်းကို ကြည့်ရင် ရံဖန်ရံခါဆိုသလို ပြည်ထောင်စုကြီး ပြိုကွဲရေးကို တွန်းပို့တဲ့ ခြိမ်းခြောက်မှုတွေ ကြုံခဲ့ပါတယ်။ နှစ်ဆယ်ရာစု နှောင်းပိုင်းအထိပါပဲ။ ဖွံ့ဖြိုးတိုးတက်ဖို့ လမ်းကြောင်းပေါ်သို့ မရောက်၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ စီးပွားရေး၊ ထင်သလောက်ခရီးမပေါက်၊ တိုင်းပြည်ဟာ အထနှေးခဲ့ပါတယ်။ ကျွန်တော်တို့တစ်တွေဟာ သံသရာတစ်ကွေ့မှာ အခုလို ဆုံတွေ့ရတဲ့ဘဝ အေးအတူပူအမျှ ငြိမ်းငြိမ်းချမ်းချမ်း နေလိုတဲ့ဆန္ဒ၊ အမျိုးသားအကျိုးစီးပွား ရှေးရှုတဲ့ ဝိသေသ၊ နိုင်ငံတကာအလယ်မှာ ထည်ထည်ဝါဝါနဲ့ နေနိုင်တဲ့ အခြေအနေကို ချစ်မြတ်နိုးကြရပါမယ်။

မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ တွေထားခြင်းဖြင့် မိမိတစ်ဦးတည်းလည်း ငြိမ်းချမ်း၊ တစ်တိုင်းပြည်လုံးလည်း အေးချမ်း၊ ဖွံ့ဖြိုးတိုးတက်မှုတွေ အသီးသီး ရကြမှာ ဖြစ်ပါတယ်။ နိုင်ငံမတည်ငြိမ်ရင် စီးပွားရေး မဖွံ့ဖြိုးနိုင်ဘူးဆိုတာ အားလုံးအသိ၊ စီးပွားရေးကျဆင်းလေလေ ဆင်းရဲမွဲတေမှုနဲ့ ကြုံရမှာ ဖြစ်ပါတယ်။ ဆင်းရဲမွဲတေလေ နိုင်ငံမတည်ငြိမ်လေ စီးပွားရေး မဖွံ့ဖြိုး၊ ဆင်းရဲမွဲလေလေပဲ။ ဒီပြဿနာတွေကို ဖြေရှင်းရာမှာ တင်းမာမှုနဲ့ ထိပ်တိုက်ရင်ဆိုင်တိုက်ပွဲဝင်မှုတွေဟာ ပို၍ဆိုးဖွယ်ရာပဲ ဖြစ်ပါလိမ့်မယ်။ တိုင်းရင်းသားညီအစ်ကိုတွေနဲ့ စည်းလုံးညီညွတ်ရေး၊ ပညာရည်မြင့်မားရေးတို့ဟာ တကယ့်ကို ဦးတည်ရမယ့် အမျိုးသားရေးကိစ္စ၊ လွတ်လပ်ရေးရဲ့ အနှစ်သာရမို့ သဟဇာတဖြစ်တဲ့ စီမံအုပ်ချုပ်မှုကိုရှေးရှုနေတာ တွေ့မြင်ရပါတယ်။

“ပြည်တွင်းမငြိမ်မသက် အငြင်းပွားမှုတွေနဲ့ ဝရုန်းသုန်းကား (Turmoil) မှုများနဲ့ ဆက်လက်ပြီး စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်နေဦးမှာဖြစ်ပါတယ်။

> **လွတ်လပ်ရေးရရှိဖို့ မနေ့ကကိစ္စတွေကို ခွန်နဲ့အားနဲ့ ကြိုးပမ်းဆောင်ရွက်ခဲ့တဲ့ ဘိုးဘေးဘီဘင်တွေဟာ တာဝန်ကျေပွန်ခဲ့ပါတယ်။ သူတို့ရဲ့သာယာဝပြောမှုကို ရှေ့တန်းမတင်၊ အနစ်နာခံ၊ နေ့မအား ညမနား အားထုတ်ခဲ့သူတွေဖြစ်ပါတယ်။ သူတို့ထားခဲ့တဲ့ အမွေအနှစ် အတွေ့အကြုံနဲ့ အသီးအပွင့်ဖြစ်တဲ့ လွတ်လပ်ရေးကို ကျွန်တော်တို့တစ်တွေ ခံစားရတာဖြစ်ပါတယ်။ မိဘ အဘိုး အဘွားတွေရဲ့ ခွန်အားအမြော်အမြင်နဲ့ စီမံပြုလုပ်ခဲ့တဲ့ အသီးအပွင့်အမွေအနှစ်တွေဖြစ်ပါတယ်။ အသက်သွေးချွေးပေးခဲ့ကြသူတွေ ဘိုးဘွားတွေကို ကျွန်တော်တို့ ပို၍ပို၍အောက်မေ့ကြရလိမ့်မယ်**

ဒါတွေဟာ ထွေးလားယှက်ငင်ဖြစ်နိုင်ကြောင်း၊ လူမျိုးရေးမုန်းတီးမှု၊ သွေးထွက်သံယိုဖြစ်မှုတွေဟာ အရှေ့ဘက်ပိုင်းနဲ့ ပါလက်စတိုင်း လူမျိုးတွေအပေါ်မှာ ကြီးထွားနေတာကြောင့် ဘဝအတွက် အဓိက လိုအပ်ချက်တွေ မရရှာဘဲ တရားဝင်ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေလည်း ဆုံးရှုံးနေကြပါတယ်။ ဒါကြောင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများဟာ ဒီပြဿနာတွေအပေါ် အမြင်ရှင်းရှင်းနဲ့ ရပ်တည်သင့်ပါတယ်”လို့ ဝန် (Wang Guangya) က မှတ်ချက်ပြုပါတယ်။

“ကိုလိုနီနယ်ချဲ့ခြင်း၊ ကျွန်အရောင်းအဝယ်နဲ့ ဇာတ်နိမ့်၊ ဇာတ်မြင့်ခွဲခြားခြင်း၊ ကိုယ့်အမြင်သာ အမှန်လို့ထင်ခြင်းတို့ဟာ လူမျိုးရေးဝါဒခွဲခြားမှုကို ဖြစ်စေတဲ့ စရိုက်လက္ခဏာ အကြောင်းတရားတွေပဲ ဖြစ်ပါတယ်။ ဒါတွေကြောင့် အာရှတိုက်၊ အာဖရိကနဲ့ လက်တင်အမေရိကတို့ဟာ စိတ်မချမ်းမြေ့ဖွယ်၊ စိတ်ဒုက္ခတွေ ရောက်ကြရပါတယ်။ ကုလသမဂ္ဂ တည်ထောင်တဲ့ အချိန်ကစကာ နှစ်ပေါင်း ၃၀ အတွင်း လူမျိုးရေးခွဲခြား ဖယ်ရှား ဆက်ဆံခြင်း တစ်ဖက်သတ်ဘက်လိုက်၊ လူမျိုးရေးဝါဒ ပြင်းပြခြင်းတို့ကို ရင်ဆိုင်တွေ့ဆုံမှုကို ကျင့်သုံးခဲ့ကြောင်း၊” တရုတ်နိုင်ငံခြားရေးရာ ဒုတိယဝန်ကြီး (Wang Guangya) က ပြောကြားခဲ့ပါတယ်။

(Time 4 September, 2001)

“၂၁ ရာစုသည် ပြောင်းလဲနေသော ရာစု၊ ဆယ်နှစ်အတွင်း များစွာသော အပြောင်းအလဲများသည် ကမ္ဘာ့နေရာဒေသ အများအပြားတွင် ယခင်နှစ်တစ်ရာ အတွင်း ဖြစ်ခဲ့သည်တို့ထက် ပိုဖွယ်ရာ ရှိလိမ့်မယ်။ ဒီလို ပြောင်းလဲလာနိုင်ခြေရှိသည်တို့အတွက် များစွာသော နိုင်ငံတို့သည် အဆင်သင့်ဖြစ်နိုင်ကြမည် မဟုတ်” ဟူ၍၊ ၂၀၀၅ ခုနှစ် ဇူလိုင်လထုတ် Newsweek မဂ္ဂဇင်းတွင် အယ်ဒီတာက ရေးသားတာကို ဖတ်ရှုရပါတယ်။

“လူ့လောကသမိုင်းမှာ ကြုံတွေ့နေရတဲ့ ရှုပ်ထွေးလှတဲ့ ပြဿနာတွေဟာ ခိုင်မြဲတဲ့ အမြစ်ကဲ့သို့ ဖြစ်နေတတ်ပါတယ်။ ဒါတွေကို ဉာဏ်နဲ့ယှဉ်၊ သတိကြီးစွာရှုမြင်၊ ခွဲခြားစိတ်ဖြာ စူးစမ်းရာမှာ နက်နက်ရှိုင်းရှိုင်း ဖြစ်ဖို့လိုပါတယ်။ ပြေလည်ရာပြေလည်ကြောင်း အဖြေရှာရာမှာ ပြဿနာရဲ့ မူလဇာစ်မြစ်အကြောင်းရင်းများမှ စကြရလိမ့်မယ်” လို့ စင်ကာပူ ဝန်ကြီးချုပ်ဟောင်း လီကွမ်ယူက မှတ်ချက်ချခဲ့ပါတယ်။

(Readers’ Digest, October, 2001 )

နိုင်ငံတစ်နိုင်ငံရဲ့ ရှေ့ခရီးကို ဘယ်သို့ ဘယ်ပုံဘယ်နည်းနဲ့ ဆက်သွားမယ်ဆိုတာသိချင်ရင် “နိုင်ငံရဲ့ အနာဂတ်” ခေါင်းစဉ်နဲ့ ကျင်းပတဲ့ ဆီမီနာတွေ၊ ဟောပြောပွဲတွေ တက်ကြည့်ပါလို့ ဆိုပါတယ်။ အများအားဖြင့် အတိတ်သမိုင်း၊ စစ်မြေပြင်အကြောင်း၊ ပထဝီနိုင်ငံရေးနဲ့ ပြည်တွင်းနိုင်ငံရေးတွေကို အာရုံထားနေတာ တွေ့ရပါတယ်။ စကားရည်လုပွဲ၊ ဒီဘိတ်တွေနဲ့ အချိန်တွေ ကုန်နေကြတယ်။ ဒီအကြောင်းတွေကို သဲကြီးမဲကြီး လက်ခုပ်ဖြောင်းဖြောင်းတီး နားထောင်ဆွေးနွေးကြရင်း အချိန်တွေ အဟောသိကံ ဖြစ်တာတွေ့ရပါတယ်။

ကျွန်တော်တို့ သတိမူရမှာက ဝါဒပြင်းပြ၊ တစ်ဖက်သတ်အမြင်၊ ခွဲခြားဆက်ဆံတဲ့ အမြင်တွေကို ဖယ်ရှားရပါမယ်။ ရှေးရိုးခွဲခြား ဆက်ဆံမှုရဲ့ အန္တရာယ်ဟာ ကြာရှည်လာတာနဲ့အမျှ ဆင်းရဲမွဲတေမှု၊ စိတ်မချမ်းမြေ့ဖွယ် စိတ်ဒုက္ခတွေ တွေ့ကြပါလိမ့်မယ်။ အချို့ဆီမီနာ၊ ဟောပြောပွဲတွေဟာ အိုင်တီ၊ နာနိုတက်၊ ဂျီနုန်းတို့ကို ဦးတည်ပါတယ်။ အိမ်နီးနားချင်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနဲ့ သိပ္ပံနဲ့ နည်းပညာဟာ မြန်မာလူငယ်တို့အပေါ် ရိုက်ခတ်နေလိမ့်မယ်။ လူကြီးများပါမကျန် အသိပညာ၊ အတတ်ပညာနဲ့ နည်းပညာများ ဖွံ့ဖြိုးတိုးတက်အောင် အားထုတ်ကြရာမှာ တစ်သက်တာ သင်ယူမှု (Lifelong Learning) ဖြင့် အားထုတ်ကြရပါလိမ့်မယ်။ ကမ္ဘာ့နိုင်ငံအသီးသီးရဲ့ သိပ္ပံနဲ့ နည်းပညာ တိုးတက်မှုကြီးပွားချမ်းသာမှုသမိုင်းတို့ကို နားလည်အောင်ဖတ်ကြ၊ ကိုယ့်နိုင်ငံနဲ့ ယှဉ်ပြီးတော့လည်း သိအောင်လေ့လာကြရမယ်။

နိဂုံးချုပ်ရရင်ဖြင့်–

၂၀၀၀ ပြည့်နှစ်များမှာ ပညာတတ်သည်ထက် တတ်လာတာ၊ အမျိုးသားရေး စရိုက်လက္ခဏာတွေ တည့်မတ်လာတာ တွေ့ရပါတယ်။ ပညာရေးလက်လှမ်းမီအောင် လူရှိတဲ့နေရာမှာ ကျောင်းဆောက်၊ အရည်အချင်း မြင့်သည်ထက်မြင့်အောင်၊ ကျွမ်းကျင်မှု အရည်အသွေး မြင့်သည်ထက်မြင့်အောင်၊ တက္ကသိုလ်၊ ကောလိပ်တွေ တည်ထောင်ခဲ့တာ အမျိုးသား လူ့စွမ်းအားအရင်းအမြစ် မွေးထုတ် ဆောင်ကြဉ်းပေးခြင်းပဲဖြစ်တယ်။ တောင်ပေါ် မြေပြန့်တိုင်းရင်းသား လုပ်ငန်းရှင်တွေ ပေါ်ပေါက်နိုင်အောင်၊ ညီအစ်ကိုအချင်းချင်း တွေ့နိုင်၊ သွားနိုင်လာနိုင်အောင် အနှစ်နှစ်အလလက ကြံစည်စိတ်ကူးခဲ့တဲ့ အဝေးပြေးလမ်းမကြီးနဲ့ နေပြည်တော်ကို တွေ့မြင်နေရပါပြီ။

Naypyitaw State Academy ကိုလည်း တွေ့မြင်နေရပြီဖြစ်ပါတယ်။ ပြည်သူတို့ ဘဝသစ်ဖန်တီးနိုင်ရေးမှာ ကိုယ်စိတ်နှစ်ဖြာ အေးချမ်းဖို့၊ အကြမ်းမဖက်တဲ့ လူ့အသိုင်းအဝိုင်းတည်ထောင်နိုင်ဖို့ပဲ ဖြစ်ပါတယ်။ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကြီးကို တည်ဆောက်သွားကြဖို့ ဖြစ်ပါတယ်။ ဉာဏ်အမြော်အမြင်နဲ့မေတ္တာဟာ တိုင်းပြည်ရဲ့ ကံကြမ္မာကို ဖော်ဆောင်ပါလိမ့်မယ်။

လွတ်လပ်ရေးရရှိဖို့ မနေ့က ကိစ္စတွေကို ခွန်နဲ့အားနဲ့ ကြိုးပမ်းဆောင်ရွက်ခဲ့တဲ့ ဘိုးဘေးဘီဘင်တွေဟာ တာဝန်ကျေပွန်ခဲ့ပါတယ်။ သူတို့ရဲ့သာယာဝပြောမှုကို ရှေ့တန်းမတင်၊ အနစ်နာခံ၊ နေ့မအား ညမနား အားထုတ်ခဲ့သူတွေ ဖြစ်ပါတယ်။ သူတို့ထားခဲ့တဲ့ အမွေအနှစ် အတွေ့အကြုံနဲ့ အသီးအပွင့်ဖြစ်တဲ့ လွတ်လပ်ရေးကို ကျွန်တော်တို့တစ်တွေ ခံစားရတာဖြစ်ပါတယ်။ မိဘ အဘိုး အဘွားတွေရဲ့ ခွန်အားအမြော်အမြင်နဲ့ စီမံပြုလုပ်ခဲ့တဲ့ အသီးအပွင့် အမွေအနှစ်တွေဖြစ်ပါတယ်။ အသက်သွေးချွေး ပေးခဲ့ကြသူတွေ ဘိုးဘွားတွေကို ကျွန်တော်တို့ ပို၍ပို၍ အောက်မေ့ကြရလိမ့်မယ်။

စိန်ခေါ်မှုတွေ မည်သို့ပင် ရှိသည်ဖြစ်စေ လောကီလောကုတ္တရာ နှစ်ဖြာနဲ့ ကျော်လွှားခြင်းဖြင့် အေးချမ်းသာယာတဲ့ ဘဝကို မျက်မှောက်ပြုနိုင်မှာ ဖြစ်ပါတယ်။ မြန်မာတွေဟာ လေ့လာစရာတွေ ကိုယ့်ရှေ့မှာ ရှိနေတာမို့ သင်ယူဖို့ ခရီးဆက်ကြရဦးမယ်လို့ ယုံကြည်ပါကြောင်း မေတ္တာဖြင့် တင်ပြအပ်ပါတယ်။ ။

**ကျမ်းကိုး –**

- ဦးသန့်၏ ဘဝအတွေ့အကြုံများ မောင်ရွှေခေတ်။ ရန်ကုန် ပန်းဝေဝေ စာပေ၊ ၂၀၁၃ ခုနှစ်
- ဗမာ့တော်လှန်ရေးသမိုင်း၊ ဗိုလ်မှူး ဘသောင်း (မောင်သုတ) မတ်လ ၁၉၉၁ ခုနှစ်၊ ပြန်ကြားရေးဝန်ကြီး ဌာန
- မကြွန် သမိုင်းရှာပုံတော်ခရီးနှင့် အခြားစာတမ်းများ မြရတနာ စာပေ၊ စာစဉ် (၁) ၂၀၀၂ ခုနှစ်
- Myanmar: Facts and Figures; Ministry of Information, Myanmar, March, 2000
- “၂၀ ရာစု မြန်မာနိုင်ငံ” အမျိုးသား လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးမှု ဌာန၊ ပညာရေးဝန်ကြီးဌာန၊ ၂၀၀၂ ခုနှစ် တက္ကသိုလ်များ ပုံနှိပ်တိုက်
- Time 4 September, 2001
- Readers’ Digest, October, 2001
- Newsweek July, 2005

# ဒေသထွက်ကုန်များကို အခြေခံသည့် တန်ဖိုးမြင့်ကုန်ချောများ ထုတ်လုပ်နိုင်ရေး အားပေးဆောင်ရွက်လျက်ရှိ



**နေပြည်တော် ဒီဇင်ဘာ ၂၂**

ကျေးလက်နေပြည်သူများ၏ ဝင်ငွေနှင့် လူနေမှုအဆင့်အတန်းမြင့်မားလာရေးနှင့် ဒေသဖွံ့ဖြိုးမှု အရှိန်ကောင်းမွန်လာစေရေးအတွက် အားလုံးပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ပြောကြားသည်။

**ကွင်းဆင်းစစ်ဆေး**

ယနေ့နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်းရှိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ရေတာရှည်မြို့နယ် ပိတောက်ခင်ကျေးရွာအုပ်စု သဲကောကျေးရွာ မန်ကျည်းတောင်ကွင်း မြေသားရေကန် တိုးချဲ့ပြုပြင်ခြင်းလုပ်ငန်း၊ နေရောင်ခြည်စွမ်းအင်သုံး ၅ ဒသမ ၄ ကီလိုဝပ် ဆိုလာစနစ်တပ်ဆင်ခြင်းနှင့် 3HP ရေပန့်တပ်ဆင်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ဒေသထွက်ကုန်များကို အခြေခံသည့် တန်ဖိုးမြင့်ကုန်ချောများထုတ်လုပ်နိုင်ရေး အားပေးဆောင်ရွက်ရန်လိုကြောင်း၊ နေရောင်ခြည်စွမ်းအင်သုံးဆိုလာနှင့် ရေတင်စက်များ ရေရှည်အသုံးပြုနိုင်ရေး ဒေသနေပြည်သူများက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန်လိုကြောင်း ပြောကြားပြီး နေရောင်ခြည်စွမ်းအင်သုံး ဆိုလာစနစ် ရေတင်စက်ဖြင့် နွေစပါးနှင့် ၄က်ပျော စိုက်ပျိုးနေမှုများကို ကြည့်ရှုအားပေးသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ်ရှိ စက်မှုဌာနခွဲ ယန္တရားအခြေစိုက်ရုံး(ရန်ကုန်)သို့ ရောက်ရှိပြီး ယန္တရားများ ကြံ့ခိုင်မှုထိန်းသိမ်းရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အကျိုးရှိထိရောက်စွာ စွမ်းအားပြည့်အသုံးချနိုင်ရေးနှင့် ဝန်ထမ်းများ ကျွမ်းကျင်မှုမြင့်မားရေးလုပ်ငန်းများ စီမံဆောင်ရွက်ရေးတို့ကို တာဝန်ရှိသူများအား မှာကြားပြီး လုပ်ငန်းသုံးစက်ယန္တရားများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီ(တက္ကသိုလ်များ ရန်ကုန်)၏ (၈၅)နှစ်မြောက် ကရင်အမျိုးသားနှစ်သစ်ကူးနေ့အထိမ်းအမှတ် မိတ်ဆုံပွဲအခမ်းအနား ကျင်းပ



**ရန်ကုန် ဒီဇင်ဘာ ၂၂**

ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီ (တက္ကသိုလ်များ ရန်ကုန်)၏ (၈၅)နှစ်မြောက် ကရင်အမျိုးသားနှစ်သစ်ကူးနေ့အထိမ်းအမှတ် မိတ်ဆုံပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တက္ကသိုလ် Recreation Center(RC) ခန်းမဆောင်၌ ကျင်းပရာ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ တက္ကသိုလ်များမှ ဆရာ ဆရာမများ၊ ကရင်မောင်မယ် ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပဲခူးရိုးမတောင်ပေါ် ကရင်ရိုးရာအိုးစည်အကဖြင့် အခမ်းအနားကို ဖွင့်လှစ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မိမိတို့နိုင်ငံတွင် တိုင်းရင်းသားလူမျိုးပေါင်း ၁၃၀ ကျော်စုပေါင်းနေထိုင်ကြသည့် ပြည်ထောင်စုနိုင်ငံတော်ကြီးဖြစ်ပါကြောင်း၊ ကရင်လူမျိုးများအနေဖြင့် ဘာသာကွဲပြားပါစေ မျိုးနွယ်စုများမခွဲခြားဘဲ အဓိက မိမိတို့လူမျိုး၏ အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ပညာရေးနှင့်ပတ်သက်ပြီး သားသမီးများကို ပညာအမွေပေးရန်လိုပါကြောင်း၊ စာပေပျောက်လျှင် လူမျိုးပါပျောက်မည်ဖြစ်ပါကြောင်း၊ မိမိတို့ ကရင်လူမျိုးနှင့် ကျန်တိုင်းရင်းသားမျိုးနွယ်စုများပါ ကမ္ဘာတည်သရွေ့ တည်ရှိနိုင်ရေးမှာ မွေးရာပါ သမိုင်းပေးတာဝန်ပင်ဖြစ်သည်ကို မမေ့ကြရန်လိုပါကြောင်း၊ မိမိတို့လူမျိုး စည်းလုံးမှုမှသည် တိုင်းရင်းသားမျိုးနွယ်စုများအားလုံး စည်းလုံးညီညွတ်မှုရအောင် တိုင်းရင်းသားများအားလုံး ဝိုင်းဝန်းဖော်ဆောင်ပြီး ငြိမ်းချမ်း၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးအဖြစ် ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက အမှာစကား ပြောကြားသည်။

ဆက်လက်၍ ပဲခူးရိုးမတောင်ပေါ် ကရင်စောကီးဒိုက ကရင်ရိုးရာစောင်းဖြင့် တီးခတ်ဖျော်ဖြေပြီး ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ် ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီ(တက္ကသိုလ်များ ရန်ကုန်)၏ နာယကဆရာမကြီး နန့်ခင်အေးဦးနှင့် သမိုင်းဌာန ပါမောက္ခ ဒေါက်တာနန်းလှိုင်တို့က မိတ်ဆုံပွဲ အမှတ်တရစကားများ ပြောကြားကြသည်။

ယင်းနောက်ပညာရေးတက္ကသိုလ်ကျောင်းသားကျောင်းသူများက "အော်ဟူအော်ဟောင်" ကရင်သီချင်းဖြင့် သီဆိုဖျော်ဖြေကာ ပညာရေးတက္ကသိုလ် နောက်ဆုံးနှစ်ကျောင်းသား စစည်သူဟိန်း က ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီ (တက္ကသိုလ်များရန်ကုန်)သို့ထောက်ပံ့ငွေများပေးအပ်ပြီး ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက တက္ကသိုလ်များမှ ဆရာ ဆရာမများ၊ ကရင်မောင်မယ် တက္ကသိုလ်ကျောင်းသား ကျောင်းသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပုသိမ်မြို့၌ (၈၅)နှစ်မြောက် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ ကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၂၂**

ဧရာဝတီ တိုင်းဒေသကြီး (၈၅)နှစ်မြောက် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ကို ယနေ့နံနက်ပိုင်းတွင် ပုသိမ်မြို့ အမှတ်(၅)အခြေခံပညာ အထက်တန်းကျောင်း ပင်လုံခန်းမ၌ ပြုလုပ်ရာ အနောက်တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်အောင်ခင်ဇော်နှင့် တာဝန်ရှိသူများ၊ ကရင်တိုင်းရင်းသား တိုင်းရင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**အခမ်းအနားကိုဖွင့်လှစ်**

ဦးစွာ တိုင်းဒေသကြီး တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး စောလင်းခယ်က ကရင်ရိုးရာ ဖားစည်(၉)ချက်တီး၍ အခမ်းအနားကို ဖွင့်လှစ်သည်။ ထို့နောက် ဒုတိယတိုင်းမှူးက နှုတ်ခွန်းဆက် အမှာစကား ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးထံမှ ပေးပို့သည့် ကရင်အမျိုးသားနှစ်သစ်ကူး သဝဏ်လွှာကို တိုင်းဒေသကြီး တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ဖတ်ကြားပြီး ဗုဒ္ဓဘာသာဘုန်းတော်ကြီး တစ်ပါးနှင့် ခရစ်ယာန် ဘုန်းတော်ကြီး တစ်ပါးတို့က နှုတ်ခွန်းဆက် အမှာစကားများ ပြောကြားကြရာ တိုင်းဒေသကြီး ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီမှ တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ဒုတိယတိုင်းမှူးနှင့် တက်ရောက် လာကြသူများက ကရင်အမျိုးသား နှစ်သစ်ကူးနေ့ အထိမ်းအမှတ် ပြခန်းများကို လိုက်လံကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

❐

# ဓနုဖြူမြို့နယ်၌ နွေစပါးကန်ထရိုက်လယ်ယာနှင့် မျိုးစေ့ထုတ် တောင်သူများအား သွင်းအားစုပေးအပ်

**ဓနုဖြူ ဒီဇင်ဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်၌ ၂၀၂၂-၂၀၂၃ ခုနှစ် နွေစပါးကန်ထရိုက်လယ်ယာနှင့် မျိုးစေ့ထုတ်တောင်သူများအား သွင်းအားစုပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့က ကဉ္စနကျွန်းသာ(Gold Delta)ကုမ္ပဏီလီမိတက် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးကိုတင့်က အဖွင့်အမှာစကားပြောကြားပြီး ကဉ္စနကျွန်းသာ ကုမ္ပဏီလီမိတက် ဓနုဖြူရုံးခွဲမှ လက်ထောက်အထွေထွေမန်နေဂျာ ဦးတိုးလွင်က လုပ်ငန်းဆိုင်ရာများ ရှင်းလင်းဆွေးနွေးသည်။ ဆက်လက်၍ ကဉ္စနကျွန်းသာ ကုမ္ပဏီလီမိတက် တိုက်နယ်ကြီးကြပ်ရေးမှူး ဦးဝင်းမြင့်က ကန်ထရိုက်လယ်ယာနှင့် မျိုးစေ့ထုတ်လယ်ယာလုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးပြီး ကဉ္စနကျွန်းသာကုမ္ပဏီလီမိတက် စိုက်ပျိုးရေးတာဝန်ခံ လက်ထောက်မန်နေဂျာ ဦးညွန့်ဝင်းက စိုက်ပျိုးရေးပညာပေးဆိုင်ရာများကို ရှင်းလင်းပြောကြားကာ ကန်ထရိုက်လယ်ယာနှင့် မျိုးစေ့ထုတ် တောင်သူများအား သွင်းအားစုများ ပေးအပ်ခဲ့သည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအေးကိုတင့်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တောင်သူများ စုစုပေါင်း ၂၀၀ ခန့် တက်ရောက်ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# မြန်မာပြည်မြောက်ဖျား ရေခဲဖုံးလွှမ်းရာ အမျိုးသားဥယျာဉ်နှင့် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောမှ ခရီးသွားများကို လှမ်းလို့ကြိုဆို

ညိမ်းသူ (သတင်းစဉ်)

အာဆီယံဒေသတွင် ရေခဲတောင်များတည်ရှိရာ နိုင်ငံတစ်နိုင်ငံဖြစ်သော မြန်မာနိုင်ငံ၌ ကချင်ပြည်နယ် နောင်မွန်မြို့နယ်ရှိ ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်နှင့် ဖုန်ကန်ရာဇီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောမှ ပြည်တွင်း/ ပြည်ပခရီးသွားများကို အရောက်လှမ်းလာရန် ကြိုဆိုဖိတ်ခေါ်လျက်ရှိသည်။

အထူးသဖြင့် ခါကာဘိုရာဇီအမျိုးသားဥယျာဉ်ဧရိယာအတွင်းတည်ရှိသော ရေခဲတောင်များသို့ တောင်တက်ဝါသနာရှင်များနှင့် အပျော်တမ်းတောင်တက်အဖွဲ့များ ဒီဇင်ဘာလတွင် ပိုမိုဝင်ရောက်လျက်ရှိပြီး ရေခဲဖုံးလွှမ်းရာ ဖုန်ကန်ရာဇီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသို့ ခရီးသွားအချို့လည်း ဝင်ရောက်လျက်ရှိရာ အာဆီယံနိုင်ငံများထဲ၌ ထူးခြားစွာ ရေခဲတောင်များကို ပိုင်ဆိုင်ထားသော မြန်မာနိုင်ငံအနေဖြင့် ဂုဏ်ယူဖွယ်ဖြစ်သည့်အပြင် ရေခဲတောင်ဒေသသို့ လာရောက်လည်ပတ်လိုသော ခရီးသွားများအနေဖြင့် မြန်မာပြည်မြောက်ဖျား ရေခဲများဖုံးလွှမ်းရာဒေသသို့ တိုက်ရိုက်လာရောက်လည်ပတ်နိုင်သောအခွင့်အလမ်းများစွာ စောင့်ကြိုလျက်ရှိသည်။



ဖုန်ကန်ရာဇီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောမှ ရေခဲတောင်အလှက ခရီးသွားများကို ဆွဲဆောင်လျက်ရှိစဉ်။ (ဓာတ်ပုံ – ကနူး)

**ရေခဲတောင်သဘာဝပတ်ဝန်းကျင်ဂေဟစနစ်အလှများ**

ခရီးသွားရာသီတွင် ပြည်တွင်းခရီးသွားများအနေဖြင့် မြစ်ကြီးနား၊ ပူတာအိုခရီးစဉ်ဖြင့် ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်မှ လေကြောင်းဖြင့် လာရောက်လည်ပတ်နိုင်သည့်နည်းတူ နိုင်ငံခြားခရီးသွားများသည်လည်း မလေးရှား၊ စင်ကာပူနှင့် ထိုင်းနိုင်ငံခရီးစဉ်မှ တစ်ဆက်တည်း မြန်မာနိုင်ငံသို့ ဝင်ရောက်၍ ရန်ကုန်၊ မန္တလေးမြို့ခရီးသွားနေရာများသို့ လည်ပတ်ပြီးပါက ရန်ကုန်၊ မန္တလေးမှ မြစ်ကြီးနား-ပူတာအိုသို့ လေကြောင်းခရီးစဉ်ဖြင့် ဝင်ရောက်နိုင်လျက်ရှိသည်။ ပူတာအိုမှ နောင်မွန်မြို့နယ်သို့ ကုန်းလမ်းခရီးဖြင့် သွားရောက်နိုင်ပြီး ခါကာဘိုရာဇီအမျိုးသားဥယျာဉ်နှင့် ဖုန်ကန်ရာဇီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတို့တွင် ဆောင်းခိုငှက်များ၊ ရေခဲတောင်များနှင့် သဘာဝရှုခင်းအလှများ၊ အာဆီယံတွင် ရှားရှားပါးပါးတည်ရှိသော ရေခဲတောင် သဘာဝပတ်ဝန်းကျင်ဂေဟစနစ်အလှများ၊ အပျော်တမ်းတောင်တက်ခြင်းနှင့် ဇီဝမျိုးစုံမျိုးကွဲများ၏ ရုက္ခနှင့်ဇီဝကြွယ်ဝမှုတို့ကို တွေ့မြင်ခံစားနိုင်မည်ဖြစ်သည်။

"မြန်မာနိုင်ငံမှာ တစ်ခုတည်းသောရေခဲတောင်တွေရှိတဲ့ ခါကာဘိုရာဇီအမျိုးသားဥယျာဉ်နဲ့ ဖုန်ကန်ရာဇီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောဟာ နိုင်ငံအတွက် ဂုဏ်ယူစရာနေရာတွေပါ။ ရေခဲတောင်ဧရိယာအတွင်းမှာရှိတဲ့ နို့တိုက်သတ္တဝါတွေနဲ့ အပင်တွေကို ထိန်းသိမ်းစောင့်ရှောက်တဲ့နေရာလည်းဖြစ်ပါတယ်။ ဆောင်းခိုငှက်အပြင် ရေခဲတောင်ဂေဟစနစ်မှာပဲ ကျက်စားတဲ့ငှက်တွေလည်းရှိတယ်။ အပင်မျိုးစုံ၊ ရှားပါးသစ်ခွနဲ့ ဟိမဝန္တာအယ်လ်ဖိုင်းသစ်တောမှာပေါက်ရောက်တဲ့ ဆေးဖက်ဝင်အပင်တွေနဲ့ တောင်ဇလပ်အပါအဝင် အခြားမျိုးစိတ်များစွာ ရှင်သန်နေတဲ့နေရာတစ်ခုပါ။ ရေခဲငါးဆိုရင်လည်း သုတေသနအတွက် စိတ်ဝင်စားစရာတွေ စုဝေးနေတဲ့ဒေသတစ်ခုလည်းဖြစ်ပါတယ်။ တောရိုင်းတိရစ္ဆာန်၊ အပင်၊ ရေခဲငါးနဲ့ ငှက်မျိုးစုံကြွယ်ဝတဲ့ဒေသဖြစ်တာကြောင့် ခရီးသွားလုပ်ငန်းအတွက် အလွန်တန်ဖိုးရှိတဲ့နေရာတစ်ခုပါ။ ဒီလမှာ တောင်တက်အဖွဲ့နဲ့ ခရီးသွားအချို့ဝင်ရောက်နေပြီဖြစ်တဲ့အတွက် ခရီးသွားလုပ်ငန်းစတင်နေပြီလို့ ပြောရမှာပါ။ အာဆီယံမှာ ရေခဲတောင်ရှိတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်တာကြောင့် ပွင့်လင်းခရီးသွားရာသီမှာ နိုင်ငံခြားဝင်ငွေရှာဖွေပေးနိုင်တဲ့ ဒေသတစ်ခုလည်းဖြစ်ပါတယ်။ အထူးသဖြင့် လမ်းပန်းဆက်သွယ်ရေးကောင်းမယ်ဆိုရင် ခရီးသွားတွေ တဖွဲဖွဲဝင်နေမှာပါ။ ဒီဒေသကို ခရီးသွားအဝင်များရင် မြို့နယ်နဲ့ ကျေးရွာတွေ ဖွံ့ဖြိုးမှုမြန်ဆန်သွားပြီး ဒေသခံတွေလည်း အလုပ်အကိုင်အခွင့်အလမ်းတွေ ရတဲ့အတွက် မိသားစုတွေဝင်ငွေတိုးလာစေမှာအမှန်ပါ"ဟု ခါကာဘိုရာဇီအမျိုးသားဥယျာဉ် သုတေသနနှင့်အသိပညာပေးလုပ်ငန်းတာဝန်ခံ ဒေါ်အယ်လ်ကေစီယွန်က ပြောသည်။

**သဘာဝအခြေခံခရီးသွားလုပ်ငန်း**

ခါကာဘိုရာဇီအမျိုးသားဥယျာဉ်သည် ဇော
ကိုးသိန်းကျော်ကျယ်ဝန်းပြီး ရုက္ခနှင့်ဇီဝမျိုးစိတ်များ ရှင်သန်ကြွယ်ဝလျက်ရှိရာ သုတေသနလုပ်ငန်းများနှင့် လေ့လာရေးခရီးစဉ်တို့အတွက် အထောက်အကူပြုလျက်ရှိသည်။ ချင်းပြည်နယ်နှင့် ပူတာအိုတွင် ပေါက်ရောက်သော တောင်ဇလပ်ပန်းအရွယ်အစားနှင့် ပုံသဏ္ဌာန်မှာ တူညီမှုရှိသော်လည်း ခါကာဘိုရာဇီအမျိုးသားဥယျာဉ်၏ တောင်ခြေနှင့် တောင်ပေါ်တို့တွင် ပေါက်ရောက်သော တောင်ဇလပ်အပင်ပုံသဏ္ဌာန်နှင့် အရွယ်အစားတို့မှာ တူညီမှုမရှိသည့်အပြင် တောင်ပိုမြင့်ပါက အပင်ပုရှုသေးသွားသောကြောင့် သုတေသနအဖြစ်ဖော်ထုတ်ရန် သဘာဝအခြေခံခရီးသွားလုပ်ငန်းအတွက် ဆွဲဆောင်လျက်ရှိသည်။

မြန်မာပြည်ရှိ ဘေးမဲ့တောများနှင့် သဘာဝရေပြင်တို့တွင် နှစ်စဉ်ဆောင်းခိုလေ့ရှိသည့် ဆောင်းခိုငှက်များသည် မြန်မာပြည်မြောက်ဖျားရှိ ဟိမဝန္တာတောင်ကိုကျော်ဖြတ်စဉ် မြင့်မားသော တောင်ကိုကျော်ဖြတ်ရ၍ ဆက်လက်ပျံသန်းနိုင်ရန် ခါကာဘိုရာဇီအမျိုးသားဥယျာဉ်တွင် အောက်တိုဘာလကုန်ပိုင်းနှင့် နိုဝင်ဘာလဆန်းပိုင်းတို့တွင် တစ်ပတ်မှနှစ်ပတ်အထိ ခေတ္တဝင်ရောက်နားခိုလေ့ရှိပြီး အင်းတော်ကြီးကန်၊ အင်းလေးကန်၊ မိုးယွန်းကြီးအင်းနှင့် ဆောင်းခိုကြမည့်သဘာဝရေပြင်များသို့ ဆက်လက်ပျံသန်းကြလေ့ရှိသည်။ ဆောင်းခိုငှက်များ ရာသီပိတ်သိမ်းချိန်တွင် ဆောင်းခိုရာနေရာများမှ မူရင်းဒေသသို့ပျံသန်းစဉ် ခါကာဘိုရာဇီနှင့် ဖုန်ကန်ရာဇီမြက်ခင်းလွင်ပြင်တစ်လျှောက် မတ်လတစ်လတာအတွင်း ခန္ဓာကိုယ်အတွက်လိုအပ်သော အစာအာဟာရများကို ဖြည့်တင်းကြပြီး ဟိမဝန္တာတောင်တန်းကို ကျော်ဖြတ်ရန် စွမ်းအားပြည့်ချိန်တွင် လေဟုန်စီးပျံသန်းကြလေ့ရှိရာ ငှက်ဝါသနာရှင်များအနေဖြင့် ကမ္ဘာ့ရှားပါးငှက်များ ဝင်ထွက်နားခိုလေ့ရှိသော ခါကာဘိုရာဇီအမျိုးသားဥယျာဉ်နှင့် ဖုန်ကန်ရာဇီဘေးမဲ့တောသို့ လာရောက်လည်ပတ်လေ့လာနိုင်ရန် အခွင့်အလမ်းကောင်းများက စောင့်ကြိုလျက်ရှိသည်။

**ပန်ဒါနီမျိုးစိတ်အချို့နှင့် ရေခဲကျားသစ်မျိုးစိတ်**

နောင်မွန်မြို့နယ်နှင့် ပန်နန်းဒင်မြို့တွင် ခါကာဘိုရာဇီအမျိုးသားဥယျာဉ်နှင့် ဖုန်ကန်ရာဇီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် ရှေ့တန်းစခန်းများထားရှိပြီး ရုံးကို ပူတာအိုတွင်ထားရှိ၍ သဘာဝကိုအခြေခံသော ခရီးသွားလုပ်ငန်းအများစုမှာ ပူတာအိုတွင်တည်ရှိသည့်အတွက် ပူတာအိုမြို့သည် ခရီးသွားရာသီတွင် စည်ကားလေ့ရှိသည်။ ခါကာဘိုရာဇီအမျိုးသားဥယျာဉ်အား သဘာဝထိန်းသိမ်းရေးဧရိယာအဖြစ် ထိန်းသိမ်းဆောင်ရွက်လျက်ရှိပြီး သစ်ခွမျိုးစိတ်ပေါင်း ၂၀၀ ကျော်နှင့် တောင်ဆိတ်နီ၊ ရေခဲတောင်ဆိတ်၊ သွေးရစ်ငှက်၊ သားမင်း၊ ကတိုးချေ၊ ဖက်ဂျီ၊ ငဟစ်ဝမ်းဖြူ၊ ဟိမဝန္တာရစ်၊ ကြိုးကြာခေါင်းမည်း၊ လည်ပင်းနီအောက်ချင်းငှက်၊ လိပ်ပြာ၊ အင်းဆက်ပိုးများ၊ တောရိုင်းတိရစ္ဆာန်များစွာနေထိုင်ကျက်စားလျက်ရှိကာ ကမ္ဘာပေါ်တွင် ကောင်ရေတစ်သောင်းကျော်သာ ကျန်ရှိသော ပန်ဒါနီမျိုးစိတ်အချို့နှင့် ရေခဲကျားသစ်မျိုးစိတ်တို့ ရှင်သန်လျက်ရှိသည်။

> ချင်းပြည်နယ်နှင့် ပူတာအိုတွင် ပေါက်ရောက်သော တောင်ဇလပ်ပန်းအရွယ်အစားနှင့် ပုံသဏ္ဌာန်မှာ တူညီမှုရှိသော်လည်း ခါကာဘိုရာဇီအမျိုးသားဥယျာဉ်၏ တောင်ခြေနှင့် တောင်ပေါ်တို့တွင် ပေါက်ရောက်သော တောင်ဇလပ်အပင်ပုံသဏ္ဌာန်နှင့် အရွယ်အစားတို့မှာ တူညီမှုမရှိသည့်အပြင် တောင်ပိုမြင့်ပါက အပင်ပုရှုသေးသွားသောကြောင့် သုတေသနအဖြစ်ဖော်ထုတ်ရန် သဘာဝအခြေခံခရီးသွားလုပ်ငန်းအတွက် ဆွဲဆောင်လျက်ရှိ

ခါကာဘိုရာဇီအမျိုးသားဥယျာဉ်အား ၁၉၉၆ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်နေ့တွင် သဘာဝထိန်းသိမ်းရေးနယ်မြေအဖြစ်လည်းကောင်း၊ ၁၉၉၈ ခုနှစ် နိုဝင်ဘာလ ၁၀ ရက်နေ့တွင် အမျိုးသားဥယျာဉ်အဖြစ်လည်းကောင်း၊ ၂၀၀၃ ခုနှစ်၌ အာဆီယံအမွေအနှစ်ဥယျာဉ်အဖြစ်အသီးသီးသတ်မှတ်ခဲ့ပြီး ၁၉၂၉၆ ပေမြင့်၍ ၁၄၇၂ စတုရန်းမိုင်ကျယ်ဝန်းသော ခါကာဘိုရာဇီအမျိုးသားဥယျာဉ်၏ ခရီးသွားတို့အတွက် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေး ပညာပေးပြခန်းကို ပူတာအိုမြို့တွင် ထားရှိသည်။ ဖုန်ကန်ရာဇီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအား ၂၀၀၃ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ၂၇၀၃ ဒသမ ၉၅ စတုရန်းမိုင်ကျယ်ဝန်းသော ကမ္ဘာ့ရှားပါးကုန်းနေ/ ရေနေတွားသွားသတ္တဝါများ၊ ငှက်မျိုးစိတ်နှင့် လိပ်ပြာမျိုးစိတ်များ၊ ဆီးနှင်းဖုံးလွှမ်းနေသော သဘာဝရှုခင်းများ၊ တောင်ပေါ်ထင်းရှူးတောများနှင့် တောင်ဇလပ်တောအုပ်များဖြင့် ဇီဝမျိုးစုံမျိုးကွဲများစွာ ပေါကြွယ်ဝရာ ခါကာဘိုရာဇီနှင့် ဖုန်ကန်ရာဇီသို့ ပြည်တွင်း/ ပြည်ပခရီးသွားများ လေ့လာသုတေသနပြုမှုနှင့် အပန်းဖြေအနားယူနိုင်ရန် ကြိုဆိုဖိတ်ခေါ်လျက်ရှိသည်။ ။



မြန်မာပြည်မြောက်ဖျားရှိ ခါကာဘိုရာဇီအမျိုးသားဥယျာဉ်နှင့် ဖုန်ကန်ရာဇီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောမှ သဘာဝအလှများ၊ ရုက္ခနှင့် ဇီဝကြွယ်ဝမှုများဖြင့် ပြည်တွင်း/ ပြည်ပခရီးသွားများကို ဆွဲဆောင်လျက်ရှိစဉ်။ (ဓာတ်ပုံ – ကနူး)

## ဆင်တပ်လျှပ်စစ်မြစ်ရေတင်အဆင့် (၂) ရှိ ၁၆၀ ကီလိုဝပ် မော်တာနှစ်စုံကို ဆိုလာစနစ်တွဲဖက်တပ်ဆင်ခြင်းဖွင့်ပွဲ ကျင်းပ

မုံရွာ ဒီဇင်ဘာ ၂၂

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စစ်ကိုင်းမြို့နယ် ဆင်တပ်ကျေးရွာ ဆင်တပ်လျှပ်စစ်မြစ်ရေတင် အဆင့် (၂) ရှိ ၁၆၀ ကီလိုဝပ် မော်တာနှစ်စုံကို ဆိုလာစနစ် တွဲဖက်တပ်ဆင်ခြင်း ဖွင့်ပွဲကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါ လျှပ်စစ်မြစ်ရေတင်တွင် ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က အမှာစကားပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)မှ တိုင်းဒေသကြီး ဦးစီးမှူး ဦးချိုလတ်က ဆင်တပ်လျှပ်စစ်မြစ်ရေတင် အဆင့် (၂) ရှိ ၁၆၀ ကီလိုဝပ် မော်တာနှစ်စုံကို ဆိုလာစနစ် တွဲဖက်တပ်ဆင်ခြင်း လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

### စက်ခလုတ်နှိပ်ဖွင့်လှစ်

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် စစ်ကိုင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခင်မောင်ဆင့်တို့က ဆင်တပ် လျှပ်စစ်မြစ်ရေတင် အဆင့် (၂) ရှိ ၁၆၀ ကီလိုဝပ် မော်တာနှစ်စုံကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကြပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဆင်တပ်လျှပ်စစ်မြစ်ရေတင် အဆင့် (၂) ရှိ ၁၆၀ ကီလိုဝပ် မော်တာနှစ်စုံအတွက် တစ်ချပ်လျှင်သုည ဒသမ ၅၄၅ ကီလိုဝပ် ထွက်ရှိသည့် ဆိုလာပြား ၇၈၄ ချပ် တပ်ဆင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

### ရင်းရင်းနှီးနှီး တွေ့ဆုံ

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ရေတင်စက်ကြီးများဖြင့် ဒေသခံတောင်သူများအား စိုက်ပျိုးရေပေးဝေနေမှုကို ကြည့်ရှုစစ်ဆေးကာ ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပတ်သက်၍ တင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**





## ကရင်နှစ်သစ်ကူးနေ့သည် ကရင်အမျိုးသားအားလုံး၏ စည်းလုံးညီညွတ်ရေးကို တည်ဆောက်ပေးခဲ့သော သမိုင်းဝင်နေ့ဖြစ်

မြိတ် ဒီဇင်ဘာ ၂၂

ကရင်နှစ်သစ်ကူးနေ့သည် ကရင်အမျိုးသားအားလုံး၏ စည်းလုံးညီညွတ်ရေးကို တည်ဆောက်ပေးခဲ့သော သမိုင်းဝင်နေ့လည်းဖြစ်ပြီး ထိုနေ့ကို ကရင်တစ်မျိုးသားလုံး၏ မိဘဘိုးဘေးတို့ထံမှ လက်ဆင့်ကမ်းပေးခဲ့သည့် တစ်ခုတည်းသော အမွေအနှစ် နေ့ကြီးရက်မြတ်အဖြစ် ဂုဏ်ယူကြပါကြောင်း တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက ယနေ့နံနက် ၇ နာရီက မြိတ်မြို့ မြို့မအားကစားကွင်းတွင် ကျင်းပသည့် ၂၇၆၂ ခုနှစ် ကရင်နှစ်သစ်ကူးနေ့ အခမ်းအနားတွင် ပြောကြားသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်က ကရင်နှစ်သစ်ကူးနေ့ ကရင်အမျိုးသားတို့ နှစ်သစ်မင်္ဂလာကျင်းပရာတွင် ရိုးရာဓလေ့အတိုင်း အတီးအမှုတ်ပျော်ပွဲရွှင်ပွဲများ ကျင်းပခြင်း၊ သက်ကြီးဝါကြီး ဘိုးဘွားမိဘများအား ဂါရဝပြုပြီး ကောက်သစ်စားသောက်ဖွယ်ဖြင့် ပူဇော်ကန်တော့ကျွေးမွေးခြင်း၊ လက်ဆောင်ပစ္စည်းများ ပေးကမ်းလှူဒါန်းခြင်း၊ လူမျိုးဘာသာမရွေး လူအပေါင်းတို့အား ဆုတောင်းမေတ္တာပို့သခြင်းတို့သည် ကရင်တိုင်းရင်းသားတို့၏ မွန်မြတ်သည့် ရိုးရာယဉ်ကျေးမှုအစဉ်အလာနှင့် ချစ်မြတ်နိုးဖွယ်ရာ ဂုဏ်ဒြပ်ကို ထင်ဟပ်ပေါ်လွင်စေကြောင်း၊ ယခုလို နှစ်သစ်ကူးပွဲတော်ကို အောင်မြင်စွာကျင်းပနိုင်ခြင်းသည် ကရင်တိုင်းရင်းသားများ၏ အမျိုးသားစည်းလုံးညီညွတ်မှုကိုဖော်ပြနေသလို စည်းလုံးညီညွတ်ခြင်း၏ အောင်မြင်မှုရလဒ်များပင်ဖြစ်ကြောင်း ဆက်လက်ပြောကြားသည်။

ထို့နောက် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးမှပေးပို့သည့် ကရင်နှစ်သစ်ကူးနေ့သဝဏ်လွှာကို တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဖဒိုစောမာတင်လူသာက ဖတ်ကြားပြီး ကရင်အမျိုးသားနှစ်သစ်ကူးနေ့ ဖြစ်ပေါ်လာပုံကို ကရင်တိုင်းရင်းသူနှစ်ဦးက မြန်မာဘာသာ၊ စကောကရင်ဘာသာတို့ဖြင့် ဖတ်ကြားကာ ကရင်တိုင်းရင်းသူလေးများက ဒုံးယိမ်းအက၊ ဝါးထောက်အကဖြင့် ဂုဏ်ပြုဖျော်ဖြေ တင်ဆက်ကြပြီး ကရင်အမျိုးသားသီချင်းကို စုပေါင်းသီဆိုကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ပဲခူးမြို့၌ ကရင်အမျိုးသားနှစ်သစ်ကူးနေ့အခမ်းအနား ကျင်းပ

ပဲခူး ဒီဇင်ဘာ ၂၂

ကရင်သက္ကရာဇ် ၂၇၆၂ ခုနှစ် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ ပွဲတော်အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်ချီးမြှင့်သည်။

ရှေးဦးစွာ ဖားစည် ကိုးချက်တီး၍ အခမ်းအနားကိုဖွင့်လှစ်ပြီး နိုင်ငံတော်အလံနှင့် ကရင်အမျိုးသားအလံတို့အား အလံတိုင်ထိပ်သို့လွှင့်ထူကာ အခမ်းအနားတက်ရောက်လာကြသူများက အလေးပြုကြသည်။




ထို့နောက် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက အမှာစကားပြောကြားသည်။

ထို့နောက် ကရင်တိုင်းရင်းသားဘာသာသင်ဆရာမများက ကရင်နှစ်သစ်ကူးပွဲတော် ဖြစ်ပေါ်လာပုံနှင့် ကရင်အမျိုးသားအလံ၊ ဖားစည်၊ ကျွဲချိုတို့၏ အဓိပ္ပာယ်များကို ရှင်းလင်းဖတ်ကြားကြသည်။

ယင်းနောက် ပဲခူးမြို့နယ် သရက်ကုန်းကျေးရွာ ဒုံးယိမ်းအဖွဲ့က "မိုးသောက်ကြယ်" အမည်ဖြင့် အလုပ်သမား၊ လယ်သမားများ လုပ်ငန်းခွင်ဝင်ရန် နှိုးဆော်သည့် သီချင်းဖြင့် လည်းကောင်း၊ ပဲခူးမြို့နယ် ဘုရားသုံးဆူကျေးရွာ ဒုံးယိမ်းအဖွဲ့က "ထိန်းသိမ်းကာကွယ် အမျိုးသားရန်စွယ်" အမည်ဖြင့် အမျိုး၊ ဘာသာ၊ သာသနာများ မညှိုးနွမ်း မပျောက်ပျက်စေရေး ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ရန် နှိုးဆော်သည့် သီချင်းဖြင့် လည်းကောင်း၊ ပဲခူးမြို့နယ် ညောင်အင်းကျေးရွာ ဒုံးယိမ်းအဖွဲ့က "စည်းလုံးခြင်းသည် အင်အား"အမည်ဖြင့် ရရှိပြီးသော လွတ်လပ်ရေးနှင့် တိုင်းရင်းသားချစ်ကြည်ရင်းနှီးမှုအား အတူတကွ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် နေထိုင်သွားကြရန် နှိုးဆော်သည့်သီချင်းဖြင့် လည်းကောင်း၊ ညောင်လေးပင်မြို့နယ် ဒုံးယိမ်းအဖွဲ့က "ထိန်းသိမ်းစို့လေ ရိုးရာအမွေ" အမည်ဖြင့် ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများ၊ အမွေအနှစ်များအား ထိန်းသိမ်းကာကွယ်ရန် နှိုးဆော်သည့်သီချင်းဖြင့် လည်းကောင်း ကပြဖျော်ဖြေ တင်ဆက်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကပြဖျော်ဖြေတင်ဆက်ကြသည့် ဒုံးယိမ်းအဖွဲ့များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ရာ ညောင်လေးပင်ခရိုင် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီ ဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ၎င်းနောက် အမှတ်တရ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးကြပြီး တက်ရောက်လာသည့် ဧည့်သည်တော်များအား ကရင်တိုင်းရင်းသားရိုးရာ အစားအစာများဖြင့် တည်ခင်းဧည့်ခံကျွေးမွေးကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ကျောက်တံခါး၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား အခမဲ့ ကျန်းမာရေးစောင့်ရှောက်ကုသပေး

ကျောက်တံခါး ဒီဇင်ဘာ ၂၂

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ကျောက်တံခါးမြို့နယ်၌ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ဆီးချို၊ သွေးတိုး၊ နှလုံး စသည့်ရောဂါများအား အခမဲ့စမ်းသပ်ကုသပေးခြင်းနှင့် အသိပေးလက်ကမ်းစာစောင်ဖြန့်ဝေခြင်းလုပ်ငန်းကို ယမန်နေ့ နံနက်ပိုင်းက မြို့နယ်မြန်မာ့စီးပွားရေးဘဏ်နှင့် မြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမတို့၌ ဆောင်ရွက်ခဲ့သည်။

အဆိုပါ အခမဲ့ဆေးကုသပေးရာတွင် ကျောက်တံခါးမြို့နယ်အတွင်းရှိ အငြိမ်းစားနိုင်ငံ့ဝန်ထမ်း ၈၄ ဦးအား ဆီးချို၊ သွေးတိုး၊ နှလုံး စသည့်ရောဂါများအား အဓိကစမ်းသပ်ကုသပေးလျက်ရှိကြောင်း သိရသည်။

လုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညွန့်ဆွေနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ဆရာဝန်ကြီးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်မြန်မာ့စီးပွားရေးဘဏ်မန်နေဂျာနှင့် ဝန်ထမ်းများ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**





ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာတွင် ဒီဇင်ဘာ ၂၂ ရက် (ကရင်နှစ်သစ်ကူးနေ့)က တိုင်းရင်းသားပြည်သူများ လာရောက်လည်ပတ်လျက်ရှိသည်ကို တွေ့ရစဉ်။ ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)




# ပိတ်ရက်ကာလမှာ ခုလိုနေ့စဉ်ပြေးဆွဲပေးတာဆိုတော့ အပြုသဘောနဲ့ပြောရရင် အဆင်ပြေလွယ်ကူချောမွေ့ကောင်းမွန်တယ်လို့ ပြောချင်ပါတယ်၊ နောက်ပိုင်း ခရီးထွက်ဖြစ်ရင်လည်း ရထားစီးနင်းဖို့ စဉ်းစားထားပါတယ်

ကိုမောင် (ရထားစီးခရီးသည်)

ရန်ကုန် ဒီဇင်ဘာ ၂၂

ရထားစီးခရီးသွားမိဘပြည်သူများနှင့် ကျောင်းသား ကျောင်းသူများအဆင်ပြေလွယ်ကူစွာရထားစီးနင်းနိုင်ကြစေရန်အတွက် ဒီဇင်ဘာကျောင်းပိတ်ရက်ကာလအတွင်း ရန်ကုန်-မန္တလေးလေအိတ်အမြန်ရထားတွဲဆိုင်းအား ဒီဇင်ဘာ ၂၁ ရက်မှစတင်၍ လာမည့် ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁ ရက်ထိ နေ့စဉ်ပြေးဆွဲပေးသွားမည်ဖြစ်ရာမြန်မာ့မီးရထားမှတာဝန်ရှိသူအပါအဝင် အမြန်ရထားတွဲဆိုင်း၌ လိုက်ပါစီးနင်းကြသည့်ရထားစီးခရီးသည်များ၏ရင်တွင်းဖြစ် စကားသံများအားဖော်ပြလိုက်ပါသည်။

**မြန်မာ့မီးရထား၊ ရန်ကုန်ဘူတာကြီးမှတာဝန်ရှိသူ**

အမှတ်(၅)အဆန်နဲ့အမှတ်(၆)အစုန် ရန်ကုန်-မန္တလေးလေအိတ်အမြန်ရထားတွဲဆိုင်းကို ပုံမှန်အားဖြင့် ဗုဒ္ဓဟူးနေ့၊ သောကြာနေ့၊ တနင်္ဂနွေနေ့တွေမှာ ပြေးဆွဲပေးနေ တယ်ဆိုပေမယ့် အခုအခါမှာ ဒီဇင်ဘာလကျောင်းပိတ်ရက်ကာလဖြစ်တဲ့အတွက်ကြောင့် ရထားစီးခရီးသွား မိဘပြည်သူတွေနဲ့ ကျောင်းသား ကျောင်းသူတွေ အဆင်ပြေလွယ်ကူချောမွေ့စွာ



ဒေါ်မြတ်ကြည်ဝင်း
(ရထားစီးခရီးသည်)



ကိုမောင်
(ရထားစီးခရီးသည်)

ရထားစီးနိုင်ကြစေဖို့အတွက် ဒီနေ့ကစပြီးလာမယ့် ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁ ရက်ထိ နေ့စဉ်ပြေးဆွဲပေးသွားမှာဖြစ်ပါတယ်၊ အရင်နှစ်ကျောင်းပိတ်ရက်ကာလတွေတုန်းကတော့ခုလို ဒီဇင်ဘာလမှာ အမှတ်(၅)အဆန် ရန်ကုန်-မန္တလေးလေအိတ် အမြန်ရထားတွဲဆိုင်း ပြေးဆွဲပေးခဲ့တာ မရှိခဲ့ပေမယ့် အခုဒီနှစ်ကျောင်းပိတ်ရက်ကာလမှာတော့ ခရီးသွားမိဘပြည်သူတွေ အဆင်ပြေကြစေဖို့အတွက် ကျွန်တော်တို့မြန်မာ့မီးရထားက ခုလိုစီစဉ်ဆောင်ရွက်ပေးလိုက်တာလည်း ဖြစ်ပါတယ်၊ ခရီးသည်တွေအတွက် ရထားလက်မှတ်ခနှုန်းထားတွေပြောင်းလဲခြင်းမရှိဘဲ ပုံမှန်အတိုင်း ကောက်ခံပေးသွားမှာဖြစ်ပြီး ခရီးသည်တစ်ဦးအတွက် ရထားလက်မှတ်ခ ရိုးရိုးတန်း ငွေကျပ်၇၇၀၀ နဲ့ အထက်တန်းထိုင်ခုံငွေကျပ် ၂၁၀၅၀ ကျသင့်မှာဖြစ်ပါတယ်။၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁ ရက်နောက်ပိုင်းမှာတော့ ဗုဒ္ဓဟူးနေ့၊ သောကြာနေ့နဲ့ တနင်္ဂနွေနေ့တွေ အတွက်ကို ရန်ကုန်-မန္တလေးလေအိတ်အမြန်ရထားတွဲဆိုင်း ပြန်လည်ပုံမှန် ပြေးဆွဲပေးသွားမှာပဲ ဖြစ်ပါတယ်။

**ဒေါ်မြတ်ကြည်ဝင်း (ရထားစီးခရီးသည်)**

လက်ရှိတော့ ကျွန်မက ရန်ကုန်မြို့ သန်လျင်မြို့နယ်စီစီးတောရပ်ကွက်မှာနေထိုင်တာပါ၊ မန္တလေးမြို့ ကန်တော်ကြီးရပ်ကွက်ကတော့ ကျွန်မရဲ့ဇာတိလည်းဖြစ်ပြီး နေအိမ်ရှိတာဆိုတော့ သွားလိုက်၊ လာလိုက်နဲ့ ရန်ကုန်-မန္တလေးအမြန်ရထားကတော့ စီးနေကျပါ၊ ခုကလည်း ဇာတိနေရပ်ကို ခဏပြန်တဲ့သဘောပေ့ါ၊ နေအိမ်ပြန်တဲ့အခါတိုင်းလည်း ခရီးသည်တင်ကားမစီးဖြစ်ပါဘူး၊ခုလိုညနေပိုင်းပြေးဆွဲနေတဲ့အမြန်ရထားပဲစီးနင်းနေကျပါ၊ခရီးသည်တင်ကားကျတော့ ကျွန်မတို့နဲ့ အဆင်မပြေသလိုဖြစ်နေတယ်၊ရထားကျတော့ လေကောင်းလေသန့်ရပြီးတွဲဆိုင်းထဲမှာလည်းလမ်းလျှောက်လို့ရတာကြောင့် အဆင်ပြေပါတယ်၊ ဘာလို့စိတ်ချမ်းသာလဲ၊ ဘာလို့အဆင်ပြေလဲလို့မေးရင်ပြောပြပ့ါမယ်၊ ကျွန်မတို့ငယ်ငယ်က ရထားစီးတုန်းကဆိုရင် ခရီးစဉ်ဘူတာတိုင်း ရထားရပ်တန့်တာဆိုတော့ ကြားဘူတာတွေကတက်လာတဲ့ခရီးသည်တွေကအထုပ်အပိုးတွေပစ်တင်တဲ့အတွက် စိတ်အနှောင့်အယှက်ဖြစ်ရပါတယ်၊ ခုဆိုရင် ရပ်တန့်ရမယ့်ဘူတာ



ဒီဇင်ဘာ ၂၁ ရက် ညနေပိုင်းက ရန်ကုန်ဘူတာကြီး၌ လိုက်ပါစီးနင်းကြမည့်ရထားစီးခရီးသည်များအား တွေ့ရစဉ်။

လောက်ပဲ ရထားကရပ်တန့်တာဆိုတော့တော်တော်လေး အဆင်ပြေပါတယ်၊ ခုလိုနေ့တိုင်းပြေးဆွဲပေးတဲ့ အတွက်မြန်မာ့မီးရထားကို အထူးကျေးဇူးတင်ပါတယ်။

**ကိုမောင် (ရထားစီးခရီးသည်)**

ကျွန်တော်ကရန်ကင်းမြို့နယ်မှာနေထိုင်တာပါ၊နေပြည်တော်မှာဆွေမျိုးတွေရှိလို့မိသားစုအလိုက် အလည်အပတ်သွားကြတာပါ၊ နေပြည်တော်ကို အထက်တန်းရထားလက်မှတ်ခက ငွေကျပ် ၉၃၅၀ ဖြစ်ပါတယ်၊ ရထားက ခုမှစီးဖူးတာပေ့ါနော်၊ ခုလိုနေ့စဉ်ရထားပြေးဆွဲပေးနေတာနဲ့ ပတ်သက်ပြီး ကျွန်တော့်အထင်နဲ့ ပြောရရင်ခါတိုင်းတော့ ခုလိုနေ့စဉ်ပြေးဆွဲပေးနေတာမရှိဘူးလို့ထင်ပါတယ်။ ခုလိုကျောင်းပိတ်ရက်ကာလမှာ တချို့ခရီးသည် တွေကျတော့ ခရီးသည်တင်ကားကိုမစီးချင်ကြဘူးပေ့ါဗျာ၊ဘာလို့လဲဆိုတော့ ကျွန်တော်တောင်အရပ်ရှည်တဲ့အတွက် ရထား စီးနင်းရာမှာခြေဆန့်၊လက်ဆန့်ရှိတာကြောင့်ရထားကိုပဲ ရွေးချယ်စီးနင်း ဖြစ်သွားတယ်။ ပိတ်ရက်ကာလမှာခုလိုနေ့စဉ်ပြေးဆွဲပေးတာဆိုတော့ အပြုသဘောနဲ့ ပြောရရင်အဆင်ပြေလွယ်ကူ ချောမွေ့ကောင်းမွန်တယ်လို့ ပြောချင်ပါတယ်၊ နောက်ပိုင်း ခရီးထွက်ဖြစ်ရင်လည်း ရထားစီးနင်းဖို့ စဉ်းစားထားပါတယ်။

လက်ရှိ မြန်မာ့မီးရထားက ရန်ကုန်-မန္တလေး လမ်းပိုင်းအတွက် ရန်ကုန်ဘူတာကြီးမှ တစ်ဆင့် ခရီးဝေး(အမြန်ရထား)များပြေးဆွဲပေးလျက်ရှိရာ ရန်ကုန်ဘူတာကြီးမှ တစ်ရက်ခြား နံနက် ၇ နာရီ ၄၅ မိနစ်တွင် ထွက်ခွာပြေးဆွဲသည့် အမှတ်(၁)အဆန်၊အမှတ်(၂)အစုန် ရန်ကုန်-မန္တလေးစာပို့ရထား အစုန်/အဆန်နှစ်စင်း၊ ဗုဒ္ဓဟူးနေ့၊ သောကြာနေ့နှင့် တနင်္ဂနွေနေ့များတွင် ညနေ ၃ နာရီ ၄၅ မိနစ် ထွက်ခွာပြေးဆွဲသည့် အမှတ်(၅)အဆန်၊အမှတ်(၆)အစုန် ရန်ကုန်-မန္တလေးလေအိတ်အမြန် ရထားတွဲဆိုင်း အစုန်/အဆန်နှစ်စင်းနှင့် နေ့စဉ် ညနေ ၅ နာရီတွင် ထွက်ခွာပြေးဆွဲသည့် အမှတ်(၃)အဆန်၊အမှတ်(၄)အစုန် ခရီးဝေးအမြန်ရထား အစုန်/အဆန် နှစ်စင်းတို့အား ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

တွေ့ဆုံမေးမြန်း-ပွင့်သစ္စာ
ဓာတ်ပုံ-စိုးမြင့်အောင်

■

စောစောအိပ်လို့ စောစောထလို့ စောစောလမ်းလျှောက်ကြပါစို့

# ဂျပန်နိုင်ငံ၌ ကလေးမွေးဖွားမှုနှုန်း စံချိန်တင် ဆက်လက်လျော့ကျလျက်ရှိ



တိုကျို ဒီဇင်ဘာ ၂၂

ဂျပန်နိုင်ငံ၌ ကလေးမွေးဖွားနှုန်း စံချိန်တင် ဆက်လက်လျော့ကျလျက်ရှိကြောင်း သိရသည်။

ယခုနှစ် ပထမ ၁၀ လအတွင်း ကလေး ၆၆၉၈၇၁ ဦး မွေးဖွားခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏နောက်ဆုံးကိန်းဂဏန်းများအရ သိရသည်။ အဆိုပါအရေအတွက်တွင် နိုင်ငံခြားသားများမှ ကလေးမွေးဖွားမှုအရေအတွက်လည်း ပါဝင်သည်။

ထို့ပြင် အဆိုပါကိန်းဂဏန်းသည် ယမန်နှစ် အလားတူကာလထက် ၃၃၈၂၇ ဦး (၄ ဒသမ ၈ ရာခိုင်နှုန်း) လျော့နည်းလာကြောင်း သိရသည်။ လစဉ်ကလေးမွေးဖွားမှုအရေအတွက်သည် တစ်နှစ်ထက်တစ်နှစ် ဖေဖော်ဝါရီလမှစ၍ ကိုးလ ဆက်တိုက် ကျဆင်းလာခဲ့သည်။

ဂျပန်နိုင်ငံ၏ ကလေးမွေးဖွားမှုနှုန်း ဆက်လက်လျော့ကျလာလျက်ရှိပြီး ၂၀၂၂ ခုနှစ်ကုန်ပိုင်းတွင် ၈၀၀၀၀၀ အောက်သို့ လျော့ကျလာနိုင်ဖွယ်ရှိသည်။ အဆိုပါအရေအတွက်သည် ဂျပန်နိုင်ငံ၏ ကလေးမွေးဖွားမှု စံချိန်တင်လျော့ကျခြင်းဖြစ်သည်။ ၂၀၂၁ ခုနှစ်တွင် ကလေးမွေးဖွားမှုအရေအတွက် ၈၁၁၆၂၂ ဦးသာရှိခဲ့သည်။

လွန်ခဲ့သောလအတွင်း ဂျပန်သုတေသနဌာနက ကလေး ၇၇၀၀၀၀ ခန့်ကို ၂၀၂၂ ခုနှစ်အတွင်း မွေးဖွားမည်ဟု ခန့်မှန်းခဲ့သည်။

ဂျပန်နိုင်ငံ၏ ကလေးမွေးဖွားမှုနှုန်းသည် ၂၀၃၀ ပြည့်နှစ်အထိတိုင် ၈၀၀၀၀၀ အောက်သို့ ကျဆင်းသွားမည်မဟုတ်ကြောင်း အမျိုးသားလူဦးရေနှင့် လူမှုဖူလုံရေး သုတေသနဌာနက ၂၀၁၇ ခုနှစ်က ခန့်မှန်းပြောကြားခဲ့သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**

**ဘာသာပြန် – အောင်ကျော်ကျော်**

# ဂျပန်နိုင်ငံ၌ ဆီးနှင်းများ ထူထပ်စွာကျဆင်းမှုကြောင့် ပိတ်ထားသည့်လမ်းမများ ပြန်လည်သုံးစွဲခွင့်ပေး

တိုကျို ဒီဇင်ဘာ ၂၂

ဂျပန်ပင်လယ်ကမ်းရိုးတန်း တစ်လျှောက်ရှိ နီဂါတာစီရင်စုအတွင်း ဆီးနှင်းထူထပ်စွာ ကျဆင်းမှုကြောင့် ယာယီပိတ်ထားသည့် မော်တော်ကားလမ်းများကို ယခု ပြန်လည်ဖွင့်ပေးလိုက်ပြီဖြစ်ကြောင်း သိရသည်။

ဆီးနှင်းများ ကျဆင်းလျက်ရှိသည့် အေးခဲသောလမ်းမများပေါ်တွင် သတိထားမောင်းနှင်ကြရန် ယာဉ်မောင်းများကို အာဏာပိုင်များက တိုက်တွန်းထားကြောင်း သိရသည်။

ဆီးနှင်းထူထပ်စွာကျဆင်းမှုကြောင့် ပိတ်ပင်ထားသည့် မတ်ဆူကီနှင့် နာဂါအိုကာမြို့များအကြားရှိ မော်တော်ကားလမ်းများကို ယနေ့နံနက် ၈ နာရီတွင် ပြန်လည်ဖွင့်ပေးခဲ့ပြီး ကာရီဝါဇာကီနှင့် ယိုနီယာမာမြို့များရှိ လမ်းမများကို ယနေ့နံနက် ၆ နာရီတွင် ပြန်လည်ဖွင့်ပေးခဲ့ကြောင်း သိရသည်။

ယာဉ်ကြောပိတ်ဆို့မှုကာလအတွင်း ဗဟိုအစိုးရ၊ ခရိုင်နှင့် သက်ဆိုင်ရာ စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်းကာ မော်တော်ယာဉ်များအတွင်း ပိတ်မိနေသူများအား ထောက်ပံ့ရေးပစ္စည်းများ ပေးပို့ကာ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ခဲ့သည်။

ဆီးနှင်းများ ထူထပ်စွာကျဆင်းမှုကြောင့် ဆာဒိုမြို့ရှိ အိမ်ထောင်စု ၄၈၀၀ ခန့်သည် လျှပ်စစ်မီးပြတ်တောက်မှုများနှင့် ကြုံတွေ့ခဲ့ကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**

**ဘာသာပြန် – အောင်ကျော်ကျော်**





# အင်ဒိုနီးရှားနိုင်ငံက ၂၀၂၃ ခုနှစ်တွင် ကျောက်မီးသွေးတန်ချိန် သန်း ၇၀၀ နီးပါး ထုတ်လုပ်မည်

ဂျကာတာ ဒီဇင်ဘာ ၂၂

အင်ဒိုနီးရှားနိုင်ငံသည် ပြည်တွင်းထောက်ပံ့မှုနှင့် ပို့ကုန်လိုအပ်ချက်များကို ဖြည့်စွမ်းရန် လာမည့် ၂၀၂၃ ခုနှစ်တွင် ကျောက်မီးသွေးထုတ်လုပ်မှုကို တန်ချိန် ၆၉၄ သန်းအထိ မြှင့်တင်ရန် ဆောင်ရွက်ထားလျက်ရှိကြောင်း အင်ဒိုနီးရှားနိုင်ငံ စွမ်းအင်နှင့် သတ္တုအရင်းအမြစ်ဝန်ကြီးဌာနက ဒီဇင်ဘာ ၂၀ ရက်တွင် ကြေညာခဲ့သည်။

မိမိတို့အနေဖြင့် ၂၀၂၂ ခုနှစ်အတွင်း ကျောက်မီးသွေးတန်ချိန် ၆၆၃ သန်းထုတ်လုပ်ရန် ဆောင်ရွက်ထားခဲ့ပြီး လက်ရှိတွင် ၉၄ ဒသမ ၆ ရာခိုင်နှုန်း သို့မဟုတ် ကျောက်မီးသွေးတန်ချိန် ၆၂၇ သန်း ထုတ်လုပ်ပြီးဖြစ်ကြောင်း သိရသည်။

လာမည့်နှစ်တွင် ပြည်တွင်းလိုအပ်ချက် တိုးမြှင့်လာမည်ဖြစ်ပြီး အများစုကို လျှပ်စစ်ထုတ်လုပ်မှုအတွက် အသုံးပြုမည်ဖြစ်ကြောင်း သိရသည်။ တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့၏ ဝယ်လိုအားသည် မြင့်တက်လာမည်ဖြစ်သောကြောင့် အင်ဒိုနီးရှားနိုင်ငံအနေဖြင့် ကျောက်မီးသွေးကို ပိုမိုထုတ်လုပ်ရန် အမှန်တကယ် လိုအပ်မည်ဖြစ်ကြောင်း အင်ဒိုနီးရှားကျောက်မီးသွေးတူးဖော်ရေးအသင်းက ပြောကြားသည်။

ထို့ပြင် အင်ဒိုနီးရှားနိုင်ငံအနေဖြင့် ဥရောပနိုင်ငံများ၏ ကျောက်မီးသွေးလိုအပ်ချက် မြင့်မားမှုကိုလည်း ဆက်လက်ဖြည့်စွမ်းပေးမည်ဖြစ်ကြောင်း အင်ဒိုနီးရှားကျောက်မီးသွေး တူးဖော်ရေးအသင်းက ပြောကြားသည်။

၂၀၂၂ ခုနှစ်အတွင်း အင်ဒိုနီးရှားနိုင်ငံက ဥရောပသို့ ကျောက်မီးသွေးတင်ပို့မှုသည် တန်ချိန် လေးသန်းမှ ငါးသန်းအထိ သိသိသာသာ မြင့်တက်ခဲ့ပြီး အင်ဒိုနီးရှားနိုင်ငံ၏ ကျောက်မီးသွေးတင်ပို့မှုသမိုင်းတွင် အများဆုံးတင်ပို့ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံသည် ယခင်နှစ်က ဥရောပသို့ ကျောက်မီးသွေးတန်ချိန် ငါးသိန်းသာ တင်ပို့ခဲ့ခြင်းဖြစ်ကြောင်း အင်ဒိုနီးရှားကျောက်မီးသွေး တူးဖော်ရေးအသင်းက ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ**

**ဘာသာပြန် – အလင်းသစ်**

# နီပေါနိုင်ငံ၌ ဒစ်ဂျစ်တယ်နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိဟု ဟွာဝေးနည်းပညာကုမ္ပဏီ ပြောကြား

ခတ္တမန္ဒူ ဒီဇင်ဘာ ၂၂

နီပေါနိုင်ငံ၌ ဒစ်ဂျစ်တယ်နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ဟွာဝေးနည်းပညာကုမ္ပဏီက ပြောကြားသည်။

Next Generation Data Center to Unleash Digital Nepal ဟု အမည်ရသည့် နည်းပညာဆိုင်ရာ စကားဝိုင်းဆွေးနွေးပွဲတစ်ခုအား နီပေါနိုင်ငံတွင် ဒီဇင်ဘာ ၂၀ ရက်က ကျင်းပခဲ့ရာ ကမ္ဘာတစ်ဝန်းရှိ နည်းပညာလုပ်ငန်းကဏ္ဍများမှ ကျွမ်းကျင်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ အဆိုပါဆွေးနွေးပွဲအား Huawei Connect 2022 ဟု အမည်ရသည့် ဟွာဝေးကုမ္ပဏီမှ ပြုလုပ်သည့် နည်းပညာဆိုင်ရာ အစီအစဉ်အရ ကျင်းပရခြင်းဖြစ်သည်။

Huawei Asia Pacific Enterprise Business Group ၏ ဥက္ကဋ္ဌ Nicholas Ma က ဟွာဝေးကုမ္ပဏီနှင့် ၎င်း၏ မိတ်ဖက်များအနေဖြင့် နီပေါနိုင်ငံ၏ ဒစ်ဂျစ်တယ်စီးပွားရေးတွင် ဒစ်ဂျစ်တယ်အခြေခံအဆောက်အအုံ၊ စက်မှုလုပ်ငန်းဆိုင်ရာ အသုံးချမှုများနှင့် ဒစ်ဂျစ်တယ်စွမ်းရည်မြှင့်တင်ရေးအတွက် ပံ့ပိုးပေးနိုင်ကြောင်း ပြောကြားခဲ့သည်။

နီပေါနိုင်ငံသည် ၎င်းချမှတ်ထားသည့် ဒစ်ဂျစ်တယ် နီပေါမူဘောင်အောက်တွင် သိသိသာသာ တိုးတက်မှုကိုရရှိထားပြီး၊ Huawei ကလည်း ၎င်း၏ ကမ္ဘာလုံးဆိုင်ရာနှင့် ဒေသဆိုင်ရာ ဆန်းသစ်တီထွင်မှုစွမ်းရည်များကို နီပေါနိုင်ငံတွင် အသုံးပြုနိုင်စေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။




နီပေါအစိုးရသည် နီပေါနိုင်ငံ၏ စီးပွားရေးကို ဒစ်ဂျစ်တယ်စီးပွားရေးအဖြစ် ပြောင်းလဲရန် အရေးကြီးကြောင်း မီးမောင်းထိုးပြရန်အတွက် ဒစ်ဂျစ်တယ်နီပေါမူဘောင်ကို စတင်အကောင်အထည်ဖော်ခဲ့ကြောင်း နီပေါဆက်သွယ်ရေးအာဏာပိုင်အဖွဲ့ဥက္ကဋ္ဌ Purushottam Khanal က ပြောသည်။

မိမိတို့၏ ရည်ရွယ်ချက်မှာ သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးကဏ္ဍ၌ ပုဂ္ဂလိကကဏ္ဍ ကျယ်ပြန့်စွာ ပါဝင်ဆောင်ရွက်ခြင်းဖြင့် လူမှုရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ကျေးလက်အဆင့်အထိ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးကဏ္ဍကို ဖွံ့ဖြိုးတိုးတက်ရေး ချဲ့ထွင်ရန်ဖြစ်ကြောင်း နီပေါနိုင်ငံဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနမှ တာဝန်ရှိသူ Baikuntha Aryal က ပြောသည်။

Huawei သည် ဆန်းသစ်တီထွင်မှုအရှိဆုံး နည်းပညာကုမ္ပဏီများထဲမှ တစ်ခုဖြစ်ပြီး ကမ္ဘာပေါ်တွင် သတင်းအချက်အလက်နည်းပညာလုပ်ငန်းကို ဦးဆောင်နေသောလုပ်ငန်းဖြစ်သောကြောင့် ၎င်းက ဆောင်ရွက်သည့် Huawei Connect အစီအစဉ်သည် နီပေါနိုင်ငံအား ဒစ်ဂျစ်တယ်ဆိုင်ရာချိတ်ဆက်မှု အများအပြားကို ရရှိလာစေမည်ဖြစ်ကြောင်း နီပေါနိုင်ငံ တရုတ်သံရုံး၏ စီးပွားရေးသံမှူး Xie Yu က ပြောကြားသည်။

နီပေါနိုင်ငံ၏ ဒစ်ဂျစ်တယ်နည်းပညာကဏ္ဍအား မည်ကဲ့သို့မြှင့်တင်သင့်ကြောင်း ၎င်းဆွေးနွေးပွဲတွင် တက်ရောက်လာသည့် ကျွမ်းကျင်သူများကလည်း အကြံပေးဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**

☆ ရှေ့ဖုံးမှ

ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ ပေးပို့သည့် သဝဏ်လွှာကို သဘာပတိ ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးစောခင်မောင်မြင့်က ဖတ်ကြားပြီး တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်ထံမှပေးပို့သည့် သဝဏ်လွှာကို ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးစိုးလွင်က ဖတ်ကြားကာ ကရင်ပြည်နယ်ဝန်ကြီးချုပ်သီရိပျံ့ချီ ဦးစောမြင့်ဦးက နှစ်သစ်ကူးဆုမွန်ကောင်းစကား ပြောကြားသည်။

ယင်းနောက် ကရင်အမျိုးသားနေ့ဖြစ်ပေါ်လာပုံ သမိုင်းအကျဉ်းကို ကရင်စာပေနှင့် ယဉ်ကျေးမှုအသင်းမှ လူငယ်မောင်မယ်များက မြန်မာဘာသာ၊ ပိုးကရင်ဘာသာ၊ စကောကရင်ဘာသာတို့ဖြင့် ဖတ်ကြားကြပြီး ကရင်ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြတ်သက်ဦးနှင့် ဇနီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်းနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များက ဂုဏ်ပြုခံ အထင်ကရ သက်ကြီးကရင်အဘိုးအဘွားများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အခမ်းအနားကို စည်းလုံးခြင်းသည်အင်အားဟု အဓိပ္ပာယ်ရသော အောဟုအောဟောင် ကရင်တေးသီချင်းဖြင့် သီဆိုရုပ်သိမ်းပြီး ဖီးဗူးယော် (ရိုးရာကောက်သစ်စားပွဲတော်)ကို ဆက်လက်ကျင်းပရာ ကရင်ပြည်နယ်ဝန်ကြီးချုပ်ဦးစောမြင့်ဦး၊ ကရင်ပြည်နယ်ဝန်ကြီးချုပ်(အငြိမ်းစား)သီရိပျံ့ချီ ဦးဇော်မင်းနှင့် တာဝန်ရှိသူများက ဖီးဗူးယော် ကောက်သစ်စားပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကာ ငြိမ်းချမ်းရေးချိုးငှက်များ ဘေးမဲ့လွှတ်ပေးခဲ့ကြသည်။

ထို့နောက် ဖီးဗူးယော်ကောက်သစ်စားပွဲတော်ကို ဆက်လက်ကျင်းပရာ ကရင်တိုင်းရင်းသားလူငယ်မောင်မယ်များက ဖီးဗူးယော်ဆုတောင်းတေးသီချင်းများ စုပေါင်းသီဆို၍ ကရင်လူမျိုးတို့၏ ရှေးခေတ်ထုံးတမ်းစဉ်လာများအတိုင်း ကောက်သစ်စားပွဲကို ဆင်ယင်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ တာဝန်ရှိသူများ၊ ဧည့်သည်တော်များနှင့် ကရင်အမျိုးသားအပေါင်းတို့က တည်ခင်းဧည့်ခံထားသောစားသောက်ဖွယ်ရာများကို အတူတကွသုံးဆောင်၍ ကောက်သစ်စားပွဲတော်ကို ပျော်ရွှင်စွာပါဝင်ဆင်နွှဲခဲ့ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ကရင်အမျိုးသားနှစ်သစ်ကူးနေ့အထိမ်းအမှတ် ခင်းကျင်းပြသထားသော ကရင်တိုင်းရင်းသားလူမျိုးများ၏ ရိုးရာဓလေ့ယဉ်ကျေးမှုပြခန်း၊ ဗမာ၊ မွန်၊ ရှမ်းတိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုပြခန်း၊ ဌာနဆိုင်ရာပြခန်းများနှင့် MSMEs အသေးစား၊ အငယ်စား၊ အလတ်စား စက်မှုလက်မှုထုတ်ကုန်ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

အလားတူ ကရင်သက္ကရာဇ် ၂၇၆၂ ခုနှစ် ကရင်အမျိုးသားနှစ်သစ်ကူးနေ့အထိမ်းအမှတ် အားကစားပျော်ပွဲရွှင်ပွဲများအနေဖြင့် ချောတိုင်တက်ပြိုင်ပွဲ၊ ခေါင်းအုံးရိုက်ပြိုင်ပွဲ၊ အာလူးကောက်ပြိုင်ပွဲ၊ စမော ဂိုးသွင်းပြိုင်ပွဲ၊ ဆန်ကောရွက်ပြိုင်ပွဲ အစရှိသည့်ပြိုင်ပွဲများကို ထည့်သွင်းကျင်းပခဲ့ရာ တိုင်းရင်းသားပြည်သူများ အေးချမ်းပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြပြီး ညပိုင်းတွင် တိုင်းရင်းသားပဒေသာအကအလှများဖြင့်လည်း ကပြဖျော်ဖြေဧည့်ခံခဲ့ကြောင်း သိရသည်။ ပြည်နယ်(ပြန်/ဆက်)


**မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှယာဉ်ကို ကျော်တက်လိုပါက ဂရုပြုရမည့်အချက်များ**

**{နည်းဥပဒေ ၂၉၀(က)}**

မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှမော်တော်ယာဉ်ကို ကျော်တက်လိုလျှင် အောက်ပါအချက်များကို ဂရုပြုရပါမည်-

(က) နောက်မှလိုက်ပါနေသောမော်တော်ယာဉ်သည် မိမိမော်တော်ယာဉ်ကို ကျော်တက်ရန် ပြင်ဆင်နေခြင်းရှိ/ မရှိ၊

(ခ) မိမိကျော်တက်လိုသော မော်တော်ယာဉ်သည် ယင်း၏ရှေ့ရှိ မော်တော်ယာဉ်ကို ကျော်တက်ရန် ပြင်ဆင်ခြင်း ရှိ/ မရှိ၊

(ဂ) ကျော်တက်ရာတွင် မိမိအသုံးပြုမည့် ယာဉ်ကြောသွားလာမှု ရှင်း/ မရှင်း။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန



**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ**


# တရားမဝင် ဆင်းတုတော်များ၊ လုပ်ငန်းသုံးပစ္စည်းများ၊ မော်တော်ယာဉ်အပိုပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၂**



တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁၉ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မြန်မာအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း (သီလဝါ)၌ တာဝန်ကျစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာ (ID)တွင် ကြေညာထားသည်နှင့် ကွဲလွဲစွာပါရှိလာသော Corrosion And Scale Inhibitor ၄၀၀၀၀ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၁၆၈၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဒီဇင်ဘာ ၂၀ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းစစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြဝတီ-ဘားအံ-ရန်ကုန်ကားလမ်း ဘုရားကြီးမြို့နယ် ရာဇာမင်းဆီဆိုင်အနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသော Air Filter များ အပါအဝင် ကုန်စည် လေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၁၆၂၄၈)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသော မော်တော်ယာဉ်တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀၀) ကိုလည်းကောင်း၊ မြဝတီကုန်သွယ်ရေးဇုန်၌ မော်တော်ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာ(ID)တွင်ကြေညာထားသည်ထက်ပိုမိုပါရှိသော Cement Ceiling Board များ ၁၀၀၀၀ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၀၅၈၆၄)ကိုလည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၅၆၂၂၁၁၂) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဒီဇင်ဘာ ၂၁ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ၁၆ မိုင် ကျောက်ချောစစ်ဆေးရေးစခန်း၌ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မော်တော်ယာဉ် နှစ်စီးပေါ်မှ သတ္တုတွင်းဦးစီးဌာန၏ ခဲတတ်သတ္တု အသေးစားထုတ်လုပ်ရန်ခွင့်ပြုမိန့် သက်တမ်းကုန်ဆုံးနေသော စကျင်ဆင်းတုတော်များ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၅၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသော မော်တော်ယာဉ်နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၅၅၀၀၀၀ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မုံရွာမြို့နယ်၌ လိုင်စင်မဲ့ ANBO 125 အမျိုးအစား ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဒီဇင်ဘာ ၁၉ ရက်၊ ၂၀ ရက်နှင့် ၂၁ ရက်များတွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ ၁၀ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၉၄၄၀၁၁၂) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

**ကျောက်ဆည် ဒီဇင်ဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ အ.ထ.က(၁) ကျောင်းခန်းမ၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။



အဆိုပါ အသိပညာပေးဟောပြောပွဲတွင် ကျောက်ဆည်ခရိုင် မိခင်နှင့်ကလေးကာကွယ်စောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်(၁) ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး၏ဇနီး ဒေါ်ပေါက်ပေါက်က အဖွင့်အမှာစကားပြောကြားကာ အမှတ်(၁၁)လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု (မန္တလေး) တပ်ဖွဲ့စုမှူး ရဲမှူး ခင်မောင်သိန်းက လူကုန်ကူးမှုနှင့်လူမှောင်ခိုမှု၊ ပြည်ပအလုပ်အကိုင်ဆိုင်ရာများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ခရိုင်ဥပဒေအရာရှိ ဒေါ်ခင်ဝင်းဌေးက ပြစ်မှုပြစ်ဒဏ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အသိပညာပေးဟောပြောပွဲသို့ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာဆရာမများ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ခရိုင်မိခင်နှင့် ကလေးကာကွယ်စောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

# ဒေါ်ပုံနှင့် တာချီလိတ်မြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၂**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂၀ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် ဒေါ်ပုံမြို့နယ် ဗိုလ်ထွန်းဇံရပ်ကွက် မေတ္တာလမ်းရှိ မြင့်မင်း(ခ)ချစ်ကို၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၂၀၀ ကိုလည်းကောင်း၊ ဒီဇင်ဘာ ၂၁ ရက် ညနေ ၆ နာရီခွဲတွင် တာချီလိတ်မြို့နယ် လွယ်တော်ခမ်းကျေးရွာအနီးတွင် ဂျိုးဇက်မောင်းနှင်ပြီး ရှောယ လိုက်ပါလာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။



သတင်းစဉ်

# မဘိမ်းမြို့နယ်၌ NUG၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများက ကျောင်းပို့/ကျောင်းကြို ယာဉ်တစ်စီးအား ရီမုတ်မိုင်းဖြင့် မိုင်းခွဲတိုက်ခိုက်

နေပြည်တော် ဒီဇင်ဘာ ၂၂

နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်အဖွဲ့များအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန် ရည်ရွယ်၍ စစ်ရေးပစ်မှတ်မဟုတ်သည့် အပြစ်မဲ့ပြည်သူများနေထိုင်ရာ မြို့၊ ကျေးရွာများအတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ လမ်းမကြီးများပေါ်၌ မောင်းနှင်သွားလာနေသည့် မော်တော်ယာဉ်များကို မိုင်းဆွဲတိုက်ခိုက်ခြင်း၊ လမ်းတံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းစသည့် အကြမ်းဖက်မှုလုပ်ရပ်များ လုပ်ဆောင်လျက်ရှိသည့်အပြင် အေးချမ်းစွာ ပညာသင်ကြားလျက်ရှိသည့်ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများကို ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်းများလုပ်ဆောင်လျက်ရှိသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ ဒီဇင်ဘာ ၂၁ ရက် နံနက် ၁၁ နာရီ ၅၅ မိနစ်ခန့်တွင် ကချင်ပြည်နယ် မဘိမ်းမြို့နယ် ငါးအိုးကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(ငါးအိုး)တွင် တက်ရောက်ပညာသင်ကြားနေသည့် ၁၀ တန်းစာမေးပွဲဖြေဆိုပြီးသော ကျောင်းသား ကျောင်းသူများကို ကြိုရန်ထွက်ခွာလာသည့် မော်တော်ယာဉ်တစ်စီးအား NUG၊ CRPH တို့၏လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများက ရီမုတ်မိုင်းဖြင့် မိုင်းဆွဲတိုက်ခိုက်ခဲ့သည်။ အဆိုပါဖြစ်စဉ်နေရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးစဉ် ငါးအိုးမြို့မဈေးအနီးသို့အရောက်၌ NUG၊ CRPH တို့၏လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ထပ်မံပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အကြမ်းဖက်သမားများသည် ကျေးရွာ၏အနောက်တောင်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်း၊ အကြမ်းဖက်သမားများ၏ မိုင်းထောင်ဖောက်ခွဲခြင်း၊ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ရမ်းသမ်းပစ်ခတ်တိုက်ခိုက်မှုများကြောင့် ဖြစ်စဉ်နေရာအနီးရှိ အမျိုးသားတစ်ဦး သေဆုံးပြီး သုံးဦး ဒဏ်ရာရရှိခဲ့ကြောင်းနှင့် သေဆုံးသူ၏ရုပ်အလောင်းကို ၎င်း၏မိသားစုထံသို့ပို့ဆောင်ပေးပြီး ဒဏ်ရာရရှိသူများကို နယ်မြေခံတပ်ရင်းဆေးပေးခန်းသို့ ပို့ဆောင်၍ ဆေးကုသမှုခံယူစေလျက်ရှိကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်တွင် အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်ခဲ့သည့် NUG၊ CRPH တို့၏လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ လိုအပ်သည်များ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

■



PDF အမည်ခံအကြမ်းဖက်သမားများ မိုင်းထောင်ဖောက်ခွဲ ပစ်ခတ်တိုက်ခိုက်ခဲ့သည့် နေရာပြပုံ။

# ရေစကြိုမြို့နယ် ကြန့်ဆိပ်ကျေးရွာအနီး၌ PDF အမည်ခံအကြမ်းဖက်သမားများအား လက်နက်/ခဲယမ်းများ၊ လက်လုပ်မိုင်းများနှင့်အတူ အသေပစ်ခတ်ဖမ်းဆီးရမိ

နေပြည်တော် ဒီဇင်ဘာ ၂၂

နိုင်ငံတော်အတွင်း တရားဥပဒေစိုးမိုးရေး၊ နယ်မြေတည်ငြိမ်အေးချမ်းရေးတို့ကို ပျက်ပြားစေရန်ရည်ရွယ်၍ NUG ၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများက လုံခြုံရေးတပ်ဖွဲ့ဝင်များအား ချောင်းမြောင်းတိုက်ခိုက်ခြင်း၊ ရဟန်းသံဃာများ၊ အစိုးရဝန်ထမ်းများနှင့် ဒေသခံပြည်သူများအား ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ အများပြည်သူအသုံးပြုသွားလာလျက်ရှိသည့် လမ်းတံတားများနှင့် ယာဉ်များ၊ အဆောက်အအုံများကို မိုင်းထောင် ဖောက်ခွဲဖျက်ဆီးခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များအား လိုင်စင်မဲ့ယာဉ်များအသုံးပြု၍ လုပ်ဆောင်လျက်ရှိသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်အတွင်း လုံခြုံရေးဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များသည်အကြမ်းဖက်မှုကိုမလိုလားသည့် ဒေသခံပြည်သူများ၏ သတင်းပေးပို့ချက်အရ ကြန့်ဆိပ်ကျေးရွာ၏ မြောက်ဘက်မိုင် ၂၀၀ ခန့်အကွာ၌ စောင့်ဆိုင်းနေစဉ် ယနေ့နံနက် ၁၁ နာရီ မိနစ် ၅၀ ခန့်တွင် တောင်ကြားကျေးရွာဘက်မှ ကြန့်ဆိပ်ကျေးရွာဘက်သို့ မောင်းနှင်လာသည့် Mishubishi အမျိုးအစား လိုင်စင်မဲ့ယာဉ်ပေါ်၌ လက်နက်များ ကိုင်ဆောင်ထားသည့် PDF အမည်ခံအကြမ်းဖက်သမားများအားတွေ့ရှိရသဖြင့် ပစ်ခတ်ဖမ်းဆီးခဲ့ရာ အကြမ်းဖက်သမားအမျိုးသားသုံးဦးအား ၁၂ ဗိုသေနတ် တစ်လက်၊ ၎င်းကျည် ၁၄ တောင့်၊ လက်လုပ်သေနတ်တစ်လက်၊ လက်လုပ်မိုင်း လေးလုံး၊ လိုင်စင်မဲ့ မော်တော်ယာဉ် တစ်စီးတို့နှင့်အတူ အသေပစ်ခတ် ဖမ်းဆီးရမိခဲ့သည်။

အကြမ်းဖက် လုပ်ရပ်များကို ကျူးလွန်လျက်ရှိသည့် NUG၊ CRPH တို့၏လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကို ဒေသခံပြည်သူများက ရွံရှာမုန်းတီးလျက်ရှိကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ အကြမ်းဖက်သမားများ၏ လှုပ်ရှားမှုသတင်းများ ရရှိပါက နီးစပ်ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လျှို့ဝှက်စွာသတင်းပေးပို့နိုင်ရန်နှင့် ရပ်ရွာတည်ငြိမ်အေးချမ်းရေးအတွက် ပြည်သူတစ်ရပ်လုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးနိုင်ပါရန် တိုက်တွန်းထားကြောင်း သိရသည်။

သတင်းစဉ်


ရေစကြိုမြို့နယ် ကြန့်ဆိပ်ကျေးရွာအနီး၌ PDF အမည်ခံအကြမ်းဖက်သမားများထံမှ သိမ်းဆည်းရမိသည့် လက်နက်ခဲယမ်းများတွေ့ရှိမှု မှတ်တမ်းဓာတ်ပုံ။




ရေစကြိုမြို့နယ် ကြန့်ဆိပ်ကျေးရွာအနီး၌ PDF အမည်ခံအကြမ်းဖက်သမားများအား ပစ်ခတ်ဖမ်းဆီးရမိခဲ့သည့် ရုပ်အလောင်းနှင့် လက်လုပ်မိုင်းများတွေ့ရှိမှု မှတ်တမ်းဓာတ်ပုံ။

# တနင်္သာရီတိုင်းဒေသကြီး သမဝါယမကဏ္ဍက ပြည်ပသို့ ရေနံငါးနှင့် ပုစွန်များ တင်ပို့

တနင်္သာရီ ဒီဇင်ဘာ ၂၂

တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ပင်လယ်ငါးဖမ်းလုပ်ငန်းများမှ ငါး၊ ပုစွန်နှင့် ရေထွက်ပစ္စည်းများကို ပြည်ပပို့ကုန်အဖြစ် တင်ပို့လျက်ရှိရာ ကော့သောင်းမြို့နယ် သိမ်းတိုက်ဇော် ရေထွက်ပစ္စည်းနှင့် အထွေထွေရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်က အမေရိကန်ဒေါ်လာ ၂ ဒသမ ဖ၈၄ သန်းတန်ဖိုးရှိ ရေနံပုစွန်နှင့် ရေနံငါးမက်ထရစ် တန်ချိန် ၁၈၃၃ ဒသမ ၃၁၅ တန်နှင့် အောင်ကျော်ဇေ ရေထွက်ပစ္စည်းနှင့် အထွေထွေရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်က အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၄၅ သန်းတန်ဖိုးရှိ ရေနံပုစွန်နှင့် ရေနံငါး မက်ထရစ်တန်ချိန် ၁၅၄၂ ဒသမ ၀၁၇ တန်ကို ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချခဲ့ပြီး နိုင်ငံခြားဝင်ငွေရရှိစေရန်အတွက် သမဝါယမကုန်သွယ်မှုကဏ္ဍက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

■

# ဓာတ်ခွဲနမူနာစုစုပေါင်း ၃၉၉၈ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ငါးဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၂-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၁-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၂-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၉၉၈)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၅) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၁၃) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၇၇၉,၁၉၈) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၅၉၀) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၈) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၀၈,၁၉၀) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၈၉) ဦး ရှိပါသည်။

ယခုအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါသည် ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပွား၊ သေဆုံးမှုအနေဖြင့် လျော့နည်းကျဆင်းလာလျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်မှ နေ့စဉ်ဓာတ်ခွဲစစ်ဆေးမှုများ၌ ရောဂါပိုးတွေ့ရှိမှုအနေဖြင့်(၃၇)ရက်ဆက်တိုက် (၁) ရာခိုင်နှုန်းအောက်သို့ ကျဆင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ်(New Normal) နည်းလမ်းအားလိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် -

- အသက်(၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ(သို့မဟုတ်)အယ်လ်ကိုဟော(အနည်းဆုံး ၆၀ ရာခိုင်နှုန်း)ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့်(၂၀)ကြာ မကြာခဏဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့်အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၃-၁၂-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၆၅ | ၂၀၁၅ | ၂၀၀၅ | ၁၉၇၅ | ၂၀၁၀ | ၂၀၃၅ | ၂၀၂၀ | ၂၀၀၀ | ၂၀၉၀ | ၂၁၀၅ | ၂၀၀၅ | ၂၀၁၅ | ၂၀၅၀ | ၂၀၅၀ | ၂၀၅၀ | ၂၂၇၀ | ၂၇၆၀ |
| 95 Ron | ၂၀၃၅ | ၂၀၈၅ | ၂၀၈၀ | ၂၀၄၅ | ၂၀၈၀ | ၂၁၀၅ | ၂၀၉၀ | ၂၀၆၅ | ၂၁၆၀ | ၂၁၇၅ | ၂၀၇၅ | ၂၀၉၀ | ၂၁၁၅ | ၂၁၁၅ | ၂၁၂၀ | ၂၃၄၀ | ၂၈၄၀ |
| HSD (500 ppm) | ၂၃၄၀ | ၂၃၈၅ | ၂၃၈၅ | ၂၃၄၅ | ၂၃၈၅ | ၂၄၀၅ | ၂၄၀၀ | ၂၃၇၀ | ၂၄၈၅ | ၂၄၈၀ | ၂၃၇၅ | ၂၃၉၀ | ၂၄၂၀ | ၂၄၂၀ | ၂၄၂၅ | ၂၆၄၀ | ၃၄၈၅ |
| HSD (50 ppm) | ၂၄၂၀ | ၂၄၆၅ | ၂၄၆၅ | ၂၄၂၅ | ၂၄၆၅ | ၂၄၈၅ | ၂၄၈၀ | ၂၄၅၀ | ၂၅၆၅ | ၂၅၆၀ | ၂၄၅၅ | ၂၄၇၀ | ၂၅၀၀ | ၂၅၀၀ | ၂၅၀၅ | ၂၇၂၀ | ၃၅၁၅ |
| HSD (10 ppm) | ၂၄၂၀ | ၂၄၆၅ | ၂၄၆၅ | ၂၄၂၅ | ၂၄၆၅ | ၂၄၈၅ | ၂၄၈၀ | ၂၄၅၀ | ၂၅၆၅ | ၂၅၆၀ | ၂၄၅၅ | ၂၄၇၀ | ၂၅၀၀ | ၂၅၀၀ | ၂၅၀၅ | ၂၇၂၀ | ၃၅၁၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၆၉ | ၁၉၄၀ |
| 95 Ron | ၁၉၃၆ | ၂၀၀၈ |
| HSD (500 ppm) | ၂၂၃၅ | ၂၃၀၉ |
| HSD (50 ppm) | ၂၃၀၉ | ၂၃၈၄ |
| HSD (10 ppm) | ၂၃၀၉ | ၂၃၈၄ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ဥသျှစ်ပင်မြို့မဈေးအတွင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ပူးပေါင်းလေ့ကျင့်

**ပန်းတောင်း ဒီဇင်ဘာ ၂၂**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့တို့ ပူးပေါင်း၍ ဥသျှစ်ပင်မြို့မဈေးအတွင်း မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးပူးပေါင်းလေ့ကျင့်မှုကို ဒီဇင်ဘာ ၂၀ ရက် နံနက် ၉ နာရီက အဆိုပါဈေးရှေ့တွင်ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကိုကိုဝေဟိန်းက မီးသတ်ဆေးဘူးစနစ်တကျအသုံးပြုပြီးမီးငြိမ်းသတ်နည်းကို ရှင်းလင်းပြသကာ မီးသတ်ယာဉ်များဖြင့် မီးငြိမ်းသတ်ပုံကို သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးဝန်ထမ်းများနှင့် ဈေးသူ ဈေးသားများက ပူးပေါင်းလေ့ကျင့်ကြသည်။

အဆိုပါ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ပူးပေါင်းလေ့ကျင့်ရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သူရနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးရန်လင်းအောင်နှင့် ဝန်ထမ်းများ၊ မြို့အုပ်ချုပ်ရေးမှူး ဦးကျော်ဇင်ဦးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဈေးကော်မတီဝင်များနှင့် ဈေးသူ ဈေးသားများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ တက်ရောက်ကြကြောင်း သိရသည်။

**အောင်မြင့်(ပန်းတောင်း)**

# တတိယအကြိမ်မြောက် ပရိဘောဂဒီဇိုင်းပြိုင်ပွဲအစီအစဉ်

**နေပြည်တော် ဒီဇင်ဘာ ၂၂**

ဂျပန်နိုင်ငံ ဟိုကိုင်းဒိုးပြည်နယ်ရှိ ဓာတ်ပုံမြို့တော်ဖြစ်သော ဟီရရှီခါဝါမြို့နှင့် ဗိသုကာပညာရှင် Mr.Kuma Kengo တို့က ဦးစီး၍ "Furniture Fits in the Open Air" ခေါင်းစဉ်ဖြင့် "တတိယအကြိမ်မြောက် ပရိဘောဂဒီဇိုင်းပြိုင်ပွဲ" ကျင်းပမည်ဖြစ်သဖြင့် အဆိုပါပြိုင်ပွဲတွင် ပရိဘောဂပြိုင်ပွဲသို့ မည်သည့်နိုင်ငံသားမဆို သက်ဆိုင်ရာ ကျောင်း (သို့မဟုတ်) တက္ကသိုလ်တက်ရောက်နေသည့် အသက် ၃၀ နှစ်အောက် ကျောင်းသား ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်နိုင်ပြီး တစ်ဦးချင်း (သို့မဟုတ်) အဖွဲ့လိုက်ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

ပြိုင်ပွဲတွင် ပေးအပ်မည့်ဆုများအနေဖြင့် Kuma Kengo ဆု တစ်ဆု၊ ထူးချွန်ဆု သုံးဆုနှင့် နှစ်သိမ့်ဆု ခြောက်ဆုတို့ဖြစ်သည်။

ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်လိုသူများအနေဖြင့် အခမဲ့စာရင်းပေးသွင်းနိုင်မည်ဖြစ်ပြီး လျှောက်လွှာတင်သွင်းရာ၌ ဒီဇိုင်းခေါင်းစဉ်၊ ဒီဇိုင်း၏ဦးစားပေးအကြောင်းအရာ၊ ရှင်းလင်းဖော်ပြချက်၊ ပုံကြမ်း၊ ပုံချော၊ CG ပုံစံ(သို့မဟုတ်)ဓာတ်ပုံ အစရှိသည်များကို A3 ဆိုဒ် စာရွက်တစ်မျက်နှာတွင် အလျားလိုက်ရေးဆွဲကာ pdf ဖိုင်ဖြင့် ပေးပို့ရမည်ဖြစ်သည်။ ဒီဇိုင်း၏ ရှင်းလင်းဖော်ပြချက်အား အင်္ဂလိပ်ဘာသာ (သို့မဟုတ်)ဂျပန်ဘာသာဖြင့် ပေးပို့ရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်များအနက် ဆန်ခါတင်အဆင့်ပြိုင်ပွဲတွင် ၁၀ ဦးအား ရွေးချယ်၍ ဆုပေးပွဲအခမ်းအနားသို့ တက်ရောက်ခွင့်ရရှိမည်ဖြစ်ပြီး ၎င်းတို့အတွက် လေယာဉ်စရိတ် အသွား/အပြန်နှင့် တည်းခိုစရိတ်များကိုပြိုင်ပွဲဖြစ်မြောက်ရေးကော်မတီမှ ကျခံပေးသွားမည်ဖြစ်သည်။ ဆုပေးပွဲအခမ်းအနားသို့ အဖွဲ့လိုက်ပြိုင်ပွဲဝင်များအတွက် ကိုယ်စားပြုပြိုင်ပွဲဝင် တစ်ဦးကိုသာ ဖိတ်ကြားသွားမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်လိုသူများအနေဖြင့် Website https://www.kagu.higashikawa.jp တွင် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်နောက်ဆုံးထား၍ ကြိုတင်စာရင်းပေးသွားရမည်ဖြစ်ပြီး ပရိဘောဂဒီဇိုင်းလျှောက်လွှာများအား ၂၀၂၃ ခုနှစ် မတ် ၃၁ ရက်တွင် နောက်ဆုံးထားလျှောက်ထားရမည်ဖြစ်သည်။

အသေးစိတ် သိလိုသည့်အချက်အလက်များကို KAGU Design Competition Executive Committee Office, Mail: official@kagu- higashikawa.jp သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရေတာရှည်မြို့နယ်၌ မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်မှုရှိစေရေး စိစစ်ခြင်းလုပ်ငန်းများ ဆောင်ရွက်

**ရေတာရှည် ဒီဇင်ဘာ ၂၂**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံး၌ မဲဆန္ဒရှင်စာရင်းများ



ပြည့်စုံမှန်ကန်မှုရှိစေရေးအတွက် မြေပြင်ရှိလူဦးရေစာရင်းနှင့် တိုက်ဆိုင်စစ်ဆေးခြင်း၊ မှတ်ပုံတင် နှစ်ကြိမ်၊ သုံးကြိမ်နှင့်အထက် ထပ်နေသူများ စိစစ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ဒီဇင်ဘာ ၁၉ ရက်တွင် တောင်ငူခရိုင်ရွေးကောက်ပွဲအရာရှိနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌတို့က ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ရေတာရှည်မြို့နယ်အတွင်း မြေပြင်လူဦးရေစာရင်းတွင် ဥပဒေနှင့်အညီ နေထိုင်သူများ (ပုံစံ ၆၆/၆) အိမ်ထောင်စုစာရင်းရှိသူများအနက် မှတ်ပုံတင်ပြည့်စုံသူများတွင် (နိုင်) နံပါတ် နှစ်ကြိမ်နှင့်အထက် ထပ်နေသူများ၏ အချက်အလက်များကို စိစစ်ဆောင်ရွက်ခြင်းလုပ်ငန်းအား ဒီဇင်ဘာ ၁၅ ရက်မှစတင်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့မှ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# သနပ်ပင်မြို့နယ်၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိ

**သနပ်ပင် ဒီဇင်ဘာ ၂၂**

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဦးဆောင်၍ သနပ်ပင်မြို့နယ်တွင် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ဆီးချို၊ သွေးတိုး၊ နှလုံးစသည့်ရောဂါများအား အခမဲ့စမ်းသပ်ကုသပေးခြင်းလုပ်ငန်းကို ယမန်နေ့နံနက် ၉ နာရီခွဲက မြို့နယ်ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ အခမဲ့ဆေးကုသရာတွင် သနပ်ပင်မြို့နယ်အတွင်းရှိ အငြိမ်းစားနိုင်ငံ့ဝန်ထမ်း ၅၁ ဦးအား ဆီးချို၊ သွေးတိုး၊ နှလုံး စသည့်ရောဂါများအား အဓိကစမ်းသပ်ကုသပေးလျက်ရှိကြောင်း သိရသည်။

သနပ်ပင်မြို့နယ်အတွင်း အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား အခမဲ့ဆေးကုသခြင်းလုပ်ငန်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်လင်းထက်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ဆရာဝန်ကြီးနှင့် ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**လှမိုး (ပြန်/ဆက်)**

# လက်ပံတန်းမြို့၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေး

**လက်ပံတန်း ဒီဇင်ဘာ ၂၂**

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဦးဆောင်၍ လက်ပံတန်းမြို့နယ် ပြည်သူ့ဆေးရုံကြီး၌ ဒီဇင်ဘာ ၂၁ ရက် နံနက် ၁၀ နာရီက အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးခြင်းအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှကြီးကြပ်၍ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာတင်ဇော်ဝင်း၊ လက်ထောက်ဆရာဝန် ဒေါက်တာထင်ဇော်၊ ဒေါက်တာကျော်ဝေဇော်နှင့် ကျန်းမာရေးဝန်ထမ်းများက အငြိမ်းစားနိုင်ငံ့ဝန်ထမ်း အမျိုးသား ၃၂ ဦး၊ အမျိုးသမီး ၁၃ ဦး စုစုပေါင်း ၄၅ ဦး



တို့အား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ဆီးချို၊ သွေးချို၊ သွေးတိုး၊ နှလုံးရောဂါသည်များအား ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အောင်ဆင့်**

# ခရိုင်အဆင့် အသက် ၁၈ နှစ်အောက် ကျောင်းသားဘောလုံးပြိုင်ပွဲ လူရွေးချယ်

**ရန်ကုန် ဒီဇင်ဘာ ၂၂**

ရန်ကုန်တိုင်း ဒေသကြီး ဗိုလ်တထောင်မြို့နယ်၌ ထူးချွန်ထက်မြက်သည့် ဘောလုံးအားကစားသမားကောင်းများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ အသက် ၁၈ နှစ်အောက် ခရိုင်အဆင့် ကျောင်းသားဘောလုံး



အသက် ၁၈ နှစ်အောက် ကျောင်းသား ဘောလုံးပြိုင်ပွဲ လူရွေးချယ်ပွဲကို ယနေ့နံနက် ၇ နာရီက ဗိုလ်တထောင်မြို့နယ် အမှတ် (၁၀)ရပ်ကွက် အထက (၆) စိန်ပေါကျောင်း ဘောလုံး အားကစားကွင်း၌ ကျင်းပသည်။

လူရွေးချယ်ပွဲတွင် ရန်ကုန်အရှေ့ပိုင်းခရိုင်အတွင်းရှိ မြို့နယ် ၁၄ မြို့နယ်မှ ဘောလုံးအသင်း ၁၄ သင်း ယှဉ်ပြိုင်ကစားကြပြီး တိုင်းအဆင့်ပြိုင်ပွဲအတွက်အဆိုပါ လူရွေးချယ်ပွဲသို့ ဗိုလ်တထောင်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)နှင့် သဃ်ာန်းကျွန်းခရိုင်များမှ ခရိုင်ပညာရေးမှူးများ၊ မြို့နယ် ၁၄ မြို့နယ်မှ ပညာရေးမှူးများ၊ ဗိုလ်တထောင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးလှိုင်မောင်နှင့် အဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ဘောလုံးအားကစား ဝါသနာရှင်များ၊ ကျောင်းသား ကျောင်းသူများ လာရောက် အားပေးကြည့်ရှုကြကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# မိုးကုတ်မြို့နယ် လီရှောလယ်ဦးကျေးရွာ၌ ကတ္တရာလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**မိုးကုတ် ဒီဇင်ဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေကျပ် ၁၀ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း (VDP) စီမံကိန်းကို လီရှောလယ်ဦးကျေးရွာအတွင်း ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း အရှည် ၄၈၉ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုးကုတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးမြင့်အောင်က စီမံကိန်းလုပ်ငန်းများ



ဆောင်ရွက်ရာတွင် ကျေးရွာကော်မတီများအနေဖြင့် ဌာနမှ သတ်မှတ်ထားသည့် စီမံကိန်းလုပ်ငန်းများ စံချိန်စံညွှန်းပြည့်မီစွာ ဆောင်ရွက်ရေးနှင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးတို့အား ဆောင်ရွက်သွားရန် ရှင်းလင်းပြောကြားပြီး ဌာန အင်ဂျင်နီယာ ဝန်ထမ်းများက နည်းပညာပံ့ပိုးမှုများဖြင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါ လီရှောလယ်ဦးကျေးရွာအတွင်း ကတ္တရာလမ်းခင်းခြင်း လုပ်ငန်းစီမံကိန်း ဆောင်ရွက်ပြီးစီးပါက အိမ်ခြေ ၁၄၅ အိမ်ရှိ လူဦးရေ ၆၇၄ ဦးတို့အား အကျိုးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး လုပ်ငန်းစဉ်တစ်ရပ်အဖြစ် ကော်မရှင်အပါအဝင် အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသည့် ရုံး၌ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် "1111 " အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

ပြည်သူများအနေဖြင့် ဝန်ဆောင်မှုရယူခဲ့သည့် ဌာန/အဖွဲ့အစည်းထံမှ မိမိတို့၏ လက်ကိုင်ဖုန်းများသို့ ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ Short Code နံပါတ် "1111" ဖြင့် SMS များ ပေးပို့မေးမြန်းလာပါက မှန်ကန်စွာပြန်လည်ဖြေကြား၍ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် သက်ဆိုင်ရာဌာနများ၏ ဝန်ဆောင်မှုလုပ်ငန်း အရည်အသွေးနှင့် လိုအပ်ချက်များကို အချိန်မီပြုပြင်နိုင်မည်ဖြစ်ပြီး ပြည်သူများအနေဖြင့်လည်း ပိုမိုကောင်းမွန်သည့်ဝန်ဆောင်မှုများကို ရရှိလာမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် Short Code နံပါတ် "1111" ဖြင့်ပေးပို့လာသည့် မေးခွန်းများကို ပြန်လည်ဖြေကြားခြင်းဖြင့် အဂတိပယ်ခွာ ပြည်သာယာရေး ပူးပေါင်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

## SIM Card များမှတ်ပုံတင်ခြင်းဆိုင်ရာ အသိပေးကြေညာချက်

ဆင်းကတ်များမှတ်ပုံတင်ရာတွင် ဖြည့်စွက်ရသည့် အမည်/ နိုင်ငံသားစိစစ်ရေးကတ်အမှတ် စသည့် အချက်အလက်များကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ National Database အချက်အလက်များနှင့် တိုက်ဆိုင်စစ်ဆေး၍ အချက်အလက်မှန်ကန်စွာ ဖြည့်စွက်ထားခြင်းမရှိသည့် ဆင်းကတ်များကို ပိတ်သိမ်းမည်ဖြစ်ပါသဖြင့် သုံးစွဲသူများအနေဖြင့် မိမိတို့၏ ဆင်းကတ်မှတ်ပုံတင်သည့် အမည်/ နိုင်ငံသားစိစစ်ရေးကတ်အမှတ်တို့ကို မှန်/မမှန် စစ်ဆေးပြီး ပြင်ဆင်ရန်လိုအပ်ပါက (၃၁-၁-၂၀၂၃) ရက်နေ့ နောက်ဆုံးထား၍ ပြန်လည်ပြင်ဆင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ မိမိတို့၏အမည်/ နိုင်ငံသားစိစစ်ရေးကတ်အမှတ်တို့ မှန်/မမှန် စစ်ဆေးသိရှိနိုင်ရန် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(MPT)အတွက် ***601#**၊ Atomအတွက် ***979*3*3#**၊ Ooredoo အတွက် ***666#**၊ Mytel အတွက် ***966#** သို့ခေါ်ဆို၍ ကြည့်ရှုစစ်ဆေးနိုင်ပါသည်။ ပြန်လည်ပြင်ဆင်မှတ်ပုံတင်ခြင်းကို သက်ဆိုင်ရာ အော်ပရေတာများ၏ အရောင်းဆိုင်များ၊ Application များနှင့် Website တို့တွင် ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

## ပြည်ထဲရေးဝန်ကြီးဌာနမိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဒီဇင်ဘာ ၂၂**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ စက်ရုံကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ကတိုးမဟာပရိယတ္တိစာသင်တိုက်၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ ကျားရုပ်ပရိယတ္တိစာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်ရှိ ဘီးလင်းတိုက်သစ်ပရိယတ္တိစာသင်တိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ တိပိဋကမဟာ ဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်ရှိ တိပိဋကစိန်ရွှေဖူးကျောင်းတိုက်နှင့် လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ်ရှိ အောင်ဇေယျာမင်းကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ မစိုးရိမ်ပရဟိတကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ မတ္တရာတိုက်မကျောင်းတိုက်၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ ပညာမဏ္ဍိုင်ပရိယတ္တိစာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ်ရှိ စင်ကာပူကျောင်းတိုက်၊ ရှမ်းပြည်နယ် လားရှိုးမြို့နယ်ရှိ ရွှေလီကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့/ဦးစီးဌာနများမှ သက်ဆိုင်ရာ နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီး/ ပြည်နယ်တို့ရှိ တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



## ၂၀၂၂ ခုနှစ် ဒီဇင်ဘာလထုတ် သုတပဒေသာနှင့်လူငယ်ရေးရာစာစောင် ထွက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၂**

၁၉၇၃ ခုနှစ် ဇူလိုင်လမှ စတင်ထုတ်ဝေခဲ့ပြီး နှစ်ပေါင်း ၄၀ ကျော် စာချစ်သူများ လက်ခံအားပေးလာခဲ့သော သုတပဒေသာစာစောင်ကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာလမှစ၍ သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်ဟု အမည်ပြောင်းလဲကာ မျက်နှာဖုံးဒီဇိုင်း၊ အကြောင်းအရာနှင့် စာအုပ်အပြင်အဆင်တို့ အပြောင်းအလဲများပြုလုပ်ပြီး ဆယ်ကျော်သက်လူငယ်များကို ဦးတည်ပရိသတ်အဖြစ်ထားကာ လစဉ်ထုတ်ဝေလျက်ရှိပါသည်။ နိုင်ငံတကာထုတ် စာအုပ်စာစောင်များမှ ကောင်းနိုးရာ ခေတ်မီအကြောင်းအရာများနှင့် ယခုလအတွက် အထူးပြုရေးသားသည့် "သွေးသည် အသက်" မျက်နှာဖုံးဆောင်းပါးကြီးများပါဝင်သော သုတပဒေသာနှင့် လူငယ်ရေးရာစာစောင် (ဒီဇင်ဘာလ)ကို ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ဖြန့်ချိလိုက်ပြီဖြစ်သည်။

**သရုပ်ဖော်ပုံ ဝေဝေဆာဆာ**

၂၀၂၂ ခုနှစ် ဒီဇင်ဘာလထုတ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်တွင် ဒေါက်တာမြင့်သန်း (ညောင်လေးပင်)၊ ဒေါက်တာမြင့်သန်း(အမျိုးသားစာပေဆုရ)တို့၏ "သွေးသည် အသက်" မျက်နှာဖုံးဆောင်းပါးများ၊ ဒေါက်တာခင်မောင်ညို၊ ကောင်းသန့်၊ မောင်ဒီပ(ပညာရေး)၊ ညီညီဖေ၊ ညီမော်သိမ်း၊ ဆန်းသစ်အောင် (မဟာဝိဇ္ဇာ-အင်္ဂလိပ်ဘာသာစကား)၊ တွဲဖက်ပါမောက္ခ ဦးလွင်မြင့်၊ ကိုဇော်ဌေး (ယဉ်ကျေးမှု)တို့၏ လူငယ်ရေးရာဆောင်းပါးများ၊ ခင်မောင်အေး၏ ကလေးအလုပ်သမားဆိုင်ရာ ဆောင်းပါး၊ စိုးစိုး(ပန်းတောင်း)၏ အတွေးအခေါ်နှင့် တက်ကျမ်းဆိုင်ရာ ဆောင်းပါး၊ အေးထွန်းမင်း၊ K. M. A တို့၏ နိုင်ငံတကာနှင့် ဒီမိုကရေစီဆိုင်ရာ ဆောင်းပါးများ၊ ဒေါက်တာသန်းထွဋ်၊ မြသိန်း တို့၏ သဘာဝပတ်ဝန်းကျင် ရှုထောင့်ဆိုင်ရာဆောင်းပါးများ၊ ဒေါက်တာကောင်းစံ၏ အကြမ်းဖက်မှုဆိုင်ရာ ဆောင်းပါး၊ ပါမောက္ခကိုကိုအောင်၊ ဆရာဝန်မင်းသိုက်၊ ဒေါက်တာမြင့်သန်းတို့၏ ကျန်းမာရေးဆိုင်ရာ ဆောင်းပါးများ၊ မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)၏ စီးပွားရေးဆိုင်ရာ ဆောင်းပါး၊ ဦးဘသန်း(မဟာဝိဇ္ဇာ)၊ ဆောင်းဝင်းလတ်၊ ရဲထက်ဇော်၊ ရန်ကုန်ဌေးဇော်၊ ဒေါက်တာစန်းဦး၊ မော်(သန်လျင်)တို့၏ ကဗျာ၊ ဟာသ၊ ဝတ္ထုတိုနှင့် အထွေထွေကဏ္ဍများကို ရောင်စုံ၊ ဖြူ/မည်း သရုပ်ဖော်ပုံ ဝေဝေဆာဆာဖြင့် စီစဉ်တင်ဆက်ထားသည်။

အဆိုပါ သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်ကို တစ်အုပ်လျှင် ငွေကျပ် ၂၅၀၀ နှုန်းဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင် အမှတ် (တ-၅၅) သပြေကုန်းဈေး၊ နေပြည်တော် ဖုန်း ၀၆၇-၃၄၃၄၆၈၁၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင် အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင် ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေး ဖုန်း ၀၂-၄၀၃၀၁၈၆၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများ၊ မန္တလေးမြို့ရှိ ထွန်းဦးစာပေ၊ နဂါးစာပေနှင့် မြို့အသီးသီးရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံ ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန် စာအုပ်အရောင်းဆိုင်အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၈၂၄၉၀၃၁၊ ၀၁- ၈၃၈၀၄၄၈ သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၂**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။




၂၄-၁၂-၂၀၂၂ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ(၅၄)၊ အမှတ်(၅၂)တွင် **အကျင့်သီလကောင်းမွန်ခြင်းကြောင့် လူအများ၏ ကြည်ညိုလေးစားမှု ရရှိနိုင်ပုံအကြောင်းကို တင်ဆက်ထားသည့် "မြတ်နိုးရခြင်း" မျက်နှာဖုံးကာတွန်း**၊ လသည်ဂြိုဟ်ကြီးတစ်ခုဖြစ်ကာ ကမ္ဘာဂြိုဟ်ထက် များစွာသေးငယ်ပြီး ဆွဲငင်အားနည်းကြောင်း၊ သိပ္ပံပညာရှင်များက စက်ရုပ်ပါသော အာကာသယာဉ်ဖြင့် စတင်စူးစမ်းခဲ့ပြီး လပေါ်သို့ စတင်ခြေချနိုင်ခဲ့သည့်အကြောင်းတို့ကို ဗဟုသုတဖြစ်ဖွယ် ရေးသားထားသည့် **"စိတ်ဝင်စားစရာ လကမ္ဘာ"** သုတကဏ္ဍ၊ ပိုက်ဆံမရှိသောလူပျိုကြီးကိုရွှေလုံးအိမ်သို့ သူခိုးလာခိုးပုံကို ဟာသနှော၍ တင်ပြထားသည့် "ကိုရွှေလုံး" နှစ်မျက်နှာကာတွန်း၊ ဖခင်က ပိုက်ဆံကျပျောက်လို့ ခဏခဏရှာနေရင် လူညံ့ပဲဟုပြောသည်ကို သားဖြစ်သူက ပြန်လည်ဖြေကြားသည်ကို ဟာသဖြစ်ဖွယ် **"အတူတူပဲ"** တစ်မျက်နှာကာတွန်း ၊ ခရစ္စမတ်သစ်ပင်လေးဆီသို့ သွားရန် လမ်းပျောက်နေသည့် ခရစ္စမတ်ဘိုးဘိုးကြီးအတွက် လမ်းကြောင်းရှာပေးရမည့် ဉာဏ်စမ်းကဏ္ဍ၊ အလုပ်မလုပ်ဘဲ ချမ်းသာချင်သော ငပျင်းဆိုသည့် လူငယ်လေးသည် နောက်ဆုံးတွင် နောင်တရ၍ မိမိ၏လယ်များကို ဖွဲ၊ လုံ့လ၊ ဝီရိယဖြင့် ကြိုးစားလုပ်ကိုင်သွားသည့်အကြောင်းကို တင်ဆက်ထားသော **"ငပျင်းနဲ့ ဖွဲ၊ လုံ့လ၊ ဝီရိယ"** နှစ်မျက်နှာကာတွန်း၊ အပြင်သွားတိုင်း MASK တပ်ရန်နှင့် အပြင်မှပြန်လာတိုင်း လက်ကိုဆပ်ပြာနှင့် စင်ကြယ်စွာဆေးကြောရန် ဗဟုသုတတိုးပွားရန် စာဖတ်ရမည့်အကြောင်း တင်ဆက်ထားသည့် **"မမေ့နဲ့၊ မပေ့ါနဲ့"** နှစ်မျက်နှာကာတွန်း၊ လက်နှစ်ဖက်သည် လက်မြှောက်အရှုံးပေးရန် မဟုတ်၊ ခြေနှစ်ချောင်းသည် ဒူးထောက်ရန်မဟုတ်ဘဲ လဲကျလျှင် ပြန်ထ၍ သင်ခန်းစာယူကာ ရှေ့ဆက်ရန်နှင့် လောကဓံကို အရှုံးမပေးဘဲ ရှေ့သို့ရဲဝံ့စွာ လျှောက်သင့်ကြောင်း လူငယ်များကို စိတ်ဓာတ်ခွန်အားပေးရေးဖွဲ့ထားသည့် **"နေ့သစ်များဆီ လျှောက်လှမ်းချီ"** ကဗျာကဏ္ဍ၊ ဦးလေးဖြစ်သူက ကျောင်းပြေးလားဟု မေးသည့်အခါ ဖြတ်ထိုးဉာဏ်ကောင်းသည့် ပုချို၏ ပြန်ဖြေပုံကို ဟာသဖြစ်ဖွယ် တင်ဆက်ထားသည့် **"စဉ်းစားဉာဏ်"** မျက်နှာဝက်ကာတွန်း၊ အင်္ဂလိပ်စာသင်ခန်းစာကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍ၊ ဝတ္ထုကဏ္ဍနှင့် ပုံပြင်ကဏ္ဍအပါအဝင် ကဏ္ဍစုံလင်စွာ ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကျန်းမာဖို့အရေး လမ်းလျှောက်ပေး

# နန်းမဆန်သော်လည်း မြန်မာ့ဟန်ပန်ရှိပါစေ

နုခန့်ယဉ် (ရစ်ကန်ကြီး)

## မြန်မာမှု

မြန်မာမှုဆိုသည်မှာ မြန်မာတို့၏ယဉ်ကျေးမှု ဓလေ့ထုံးစံအရ သွားလာပြုမူနေထိုင်မှုအားလုံး တို့ သည် မြန်မာမှုပင်ဖြစ်သည်။ လူသားတို့သည် ရေကြည်ရာမြက်နုရာသို့ လှည့်လည်သွားလာ နေထိုင်ကြရာမှ တူညီမှုကိုအုပ်စုဖွဲ့ပြီး တစ်သီး တစ်သန့် နေထိုင်လာကြသည်။ ထိုသို့အုပ်စုဖွဲ့ နေထိုင်ကြရာမှ မြန်မာဟူ၍ သီးသန့်ပေါ်လာပြီး ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်ကိုးကွယ်ကြသည်။ ယဉ်ကျေးပျူငှာသော နူးညံ့သည့်စိတ်နှလုံးသား ပိုင်ရှင်များဖြစ်ကြသည်။ မြန်မာ့အနုသုခုမပညာရပ် များကိုလည်း အမြတ်တနိုးတန်ဖိုးထားကြသော လူမျိုးများဖြစ်သည်။ ဝတ်စားဆင်ယင်မှု၊ ပြောဆို နေထိုင်မှုတို့တွင် ယဉ်ကျေးသိမ်မွေ့သော မြန်မာ လူမျိုးများပင်ဖြစ်သည်။ ထိုသို့ကျင့်ကြံနေထိုင်မှု ကိုပင် မြန်မာမှုဟုခေါ်ဆိုကြခြင်းဖြစ်သည်။

## ခေတ်အဆက်ဆက်ယဉ်ကျေးမှု

လူသားတို့သည် ရေကြည်ရာမြက်နုရာ လှည့်လည်သွားလာကြရာမှ တူရာတူရာအုပ်စုဖွဲ့၍ နေထိုင်လာကြသည်။ ထိုသို့အုပ်စုဖွဲ့နေထိုင်ခြင်းမှ သည် မြန်မာဟု သီးသီးသန့်သန့်နေထိုင်ကြသည်။ ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်ကြသည်။ ဗုဒ္ဓ တရားတော်များနှင့်အညီ ကျင့်ကြံနေထိုင်ကြပြီး ကိုယ်နှုတ်အမူအရာ ယဉ်ကျေးသိမ်မွေ့ကြသည်။ မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်း ရာကျော် မှီတင်းနေထိုင်သောပြည်ထောင်စုဖြစ် သည်နှင့်အညီ မတူကွဲပြားသော ယဉ်ကျေးမှုများနှင့် အတူ အမြဲရှင်သန်နေသည့် ယဉ်ကျေးမှုအမွေအနှစ် စုံလင်စွာတည်ရှိနေပါသည်။ လူမျိုးတစ်မျိုး၊ တိုင်းပြည်တစ်ခု၏ “ယဉ်ကျေးမှု”ဟု ပြောဆို ဖော်ညွှန်းမည်ဆိုပါက စိတ်ပိုင်းဆိုင်ရာယဉ်ကျေးမှု (Intangible Culture)နှင့် ရုပ်ပိုင်းဆိုင်ရာယဉ်ကျေးမှု (Tangible Culture) ဟူ၍ နယ်ပယ်နှစ်ခုကို ခွဲခြား ဖော်ထုတ်ရမည်ဖြစ်ပါသည်။

တစ်နည်းအားဖြင့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် (Intangible Culture Heritage)နှင့် ဒြပ်ရှိယဉ်ကျေး မှုအမွေအနှစ် (Tangible Culture Heritage)ဟူ၍ လည်း ခေါ်ဆိုကြပါသည်။ ဒြပ်မဲ့ယဉ်ကျေးမှုဟူသည် လူသားတို့ ပြောဆိုသည့်ဘာသာစကား၊ ဓလေ့ စရိုက်၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု၊ ယုံကြည်ကိုးကွယ် မှု၊ ရိုးရာဓလေ့ထုံးစံများ၊ အတွေးအခေါ်၊ လက်မှု အနုပညာနှင့် အနုသုခုမပညာ စသည်တို့ပေါင်းခြုံ ထားခြင်းပင်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် မြန်မာ ဘာသာစကားသည် မြန်မာနိုင်ငံ၏ ရုံးသုံးဘာသာ စကားဖြစ်သည်။ လူဦးရေ ၃၈ သန်းကျော်ခန့်သည် မြန်မာဘာသာစကားကို မိခင်ဘာသာစကားအနေ ဖြင့်သုံး၍ မြန်မာတိုင်းရင်းသားများသည် ဒုတိယ ဘာသာစကားအနေဖြင့် သုံးသည်။

မြန်မာလူမျိုးတို့သည် ဆယ့်နှစ်လရာသီပွဲတော် များနှင့်ပျော်မွေ့၍ တရားဓမ္မအဆုံးအမများ၊ ဓလေ့ အစဉ်အလာများကို ထိုပွဲတော်များဖြင့် ဂုဏ်ပြု မှတ်တမ်းတင်ကြခြင်းဖြစ်သည်။ ဝတ်စားဆင်ယင် မှုသည် လျှပ်ပေါ်လော်လည်ခြင်းမရှိဘဲ တည်ငြိမ် ခန့်ညားသည်။ မြန်မာတို့၏ ဝတ်စားဆင်ယင်မှုကို ကမ္ဘာကပင်ချီးကျူးကြရသည်။

ဗုဒ္ဓဘာသာ၌ သက်ဝင်ယုံကြည်ကြသည့် အလျောက် ဘုရားကျောင်းကန်စေတီပုထိုးများကို ပြုပြင်မွမ်းမံကြသည်။ ထို့အပြင် မြန်မာ့အနုသုခုမ ပညာရပ်များဖြစ်သော ပန်းချီ၊ ပန်းပု၊ ပန်းတဉ်း၊ ပန်းတော့၊ ပန်းတမော့၊ ပန်းထိမ်၊ ပန်းရန်၊ ပန်းပွတ်၊ ပန်းယွန်း၊ ပန်းပဲ စသော မြန်မာ့ပန်းဆယ်မျိုးတို့ဖြင့် ထပ်မံတန်ဆာဆင်ကြသည်။ ဘုရားနိပါတ်တော်များ ကို နံရံဆေးရေးပန်းချီများဖြင့် အများသူငါ လေ့လာ ဖွယ်၊ သံဝေဂရဖွယ်အဖြစ် ကုသိုလ်ပြု၍ ခြယ်သထား ကြသည်။ ရှေးခေတ်အဆက်ဆက် ယဉ်ကျေးမှုများ သည် ကမ္ဘာ့အလယ်တွင် ဝင့်ထည်နိုင်သော ပြယုဂ် တစ်ခုပင်ဖြစ်ကြောင်း ရှေးဘုရင်မင်းအဆက်ဆက် တည်ထားသောနန်းတော်ရာများ၊ စေတီပုထိုးများ က သက်သေပြနေပေသည်။ မြန်မာ့ယွန်းပညာ လုပ်ငန်း၊ မြန်မာ့ရက်ကန်းလုပ်ငန်းတို့သည်လည်း မြန်မာတို့၏ ဂုဏ်ယူဖွယ်လက်မှုပညာများဖြစ်ပြီး ယနေ့ထက်ထိတိုင်ထင်ရှား၍ လူကြိုက်များနေဆဲ ပင်ဖြစ်သည်။

ဒြပ်ရှိယဉ်ကျေးမှုအမွေအနှစ်တွင်မူ လူသား တို့ပြုလုပ်သုံးစွဲခဲ့သော၊ ကိုင်တွယ်ထိတွေ့၍ ရသော ပစ္စည်းများအားလုံးပါဝင်ပါသည်။ ဥပမာ- ရှေးဟောင်း ကျောက်လက်နက်ကိရိယာများ၊ နေအိမ်၊ အဆောက်အအုံ၊ အသုံးအဆောင်ပစ္စည်း တို့ဖြစ်သည်။ ခေတ်မီတိုးတက်သောခေတ် အချိန်အခါ မရောက်ခင်ကတည်းက မြန်မာတို့၏ ဆန်းသစ်တီထွင်မှုသည် လေးစားဂုဏ်ယူဖွယ်ရာပင် ဖြစ်သည်။ မြန်မာနိုင်ငံတွင် နေရာဒေသအသီးသီး၌ ရှေးဟောင်းပြတိုက်များရှိသည်။ ပြတိုက်များသည် အပျော်သဘောလေ့လာရန်မဟုတ်ဘဲ လူသားတိုင်း မြန်မာလူမျိုးဖြစ်ရသည်ကို ဂုဏ်ယူနိုင်စေရန် ခင်းကျင်းပြသထားခြင်း ဖြစ်ပေသည်။ ထို့ကြောင့် ခေတ်အဆက်ဆက်ယဉ်ကျေးမှုများသည် မြန်မာ လူမျိုးတို့၏ဖြစ်တည်မှုအတွက် များစွာအရေးပါပေ သည်။

## ခေတ်နှင့် ယဉ်ကျေးမှု

လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားလာ ခြင်းသည် ယဉ်ကျေးမှုအဆင့်အတန်း တိုးတက် မြင့်မားလာခြင်း၏ ပြယုဂ်ပင်ဖြစ်သည်။ ဘာသာ အယူဝါဒများ၊ ဓလေ့ထုံးစံများ၏ အဆုံးအမနှင့် လမ်းညွှန်မှုများအောက်တွင် ကိုယ်အမူအရာနှင့် စိတ်နေစိတ်ထား ယဉ်ကျေးသိမ်မွေ့ခြင်း၊ စာနာ ထောက်ထားခြင်း၊ ခေတ်မီတိုးတက်သည့်၊ ယဉ်ကျေးသောလူ့အဖွဲ့အစည်းများ ထူထောင်ခြင်း၊ ယဉ်ကျေးလာအောင် ပြုလုပ်ခြင်း၊ ခေတ်ကာလ အလျောက် ထွန်းကားလာသောယဉ်ကျေးမှု အနု ပညာများကို ခံစားနားလည်ခြင်း၊ မြတ်နိုးတန်ဖိုး ထားခြင်း၊ အဆိုပါအစဉ်အလာကောင်းများ ဓလေ့ ထုံးတမ်းများကို ပိုးမွေးသကဲ့သို့ မွေးမြူ၍ အရှည် တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ဖွံ့ဖြိုး တိုးတက်အောင် လေ့ကျင့်ပျိုးထောင်ခြင်းများသည် ပင် ယဉ်ကျေးမှု၏အနှစ်သာရဖြစ်သည်။

မြန်မာတိုင်းရင်းသား လူမျိုးအားလုံးတို့တွင် ကိုယ်ပိုင်ယဉ်ကျေးမှုဓလေ့ထုံးစံများ ရှိကြသည်။

> **အဝတ်အစားသည် လူ၏ရုပ်သွင်ပြင်နှင့် စိတ်ဓာတ်တို့ကို ပြောင်းလဲစေပါသည်။ မြန်မာဆန်ဆန်ဝတ်စားဆင်ယင်သည့်အခါ သိမ်မွေ့မှုကို ပေါ်လွင်စေပြီး စိတ်ဓာတ်သည်လည်း အဝတ်အစားနှင့် လိုက်ဖက်စွာထိန်းသိမ်းပြီး ကိုယ်နှုတ်အမူအရာယဉ်ကျေးလာသည်။ ခေတ်ဆန်သောမြန်မာ့ဟန်ကို ဝတ်ဆင်သည့်အခါ ယဉ်ကျေးခြင်း၊ သွက်လက်ခြင်းဟူသောအသွင်ကိုဆောင်ပြီး စိတ်ဓာတ်သည်လည်း ရှင်လန်းတက်ကြွနေတတ်သည်။ အနောက်တိုင်းဆန်ဆန်ဝတ်ဆင်သည့်အခါ မြန်မာ့ဟန်ပျောက်သွားသည့်အပြင် စိတ်ဓာတ်သည်လည်း အရာရာတိုင်းကို စိတ်လွတ်ကိုယ်လွတ်ဖြင့် စိတ်ကိုဝင်သွားတတ်ကြသည်။ ကိုယ်သာလျှင် ခေတ်အမီဆုံးဟူသောအတွေးများသာ ဝင်ရောက်လာတတ်ကြသည်။ ထို့ကြောင့် ခေတ်မီအောင်ဝတ်စားဆင်ယင်၍ မြန်မာ့ဟန်မပျောက်ရန် အလွန်ပင်အရေးကြီး**

“ယဉ်ကျေးမှု” ဟူသည်ကား တစ်မျိုးသားလုံး၏ ပြယုဂ်ဖြစ်သည်။ ကိုယ်ပိုင်ယဉ်ကျေးမှုမရှိလျှင် မျိုးချစ်စိတ်လည်းရှိမည်မဟုတ်။ မိမိတို့ ယဉ်ကျေးမှု ပျက်စီးလျှင် မျိုးချစ်စိတ်လည်း ပပျောက်သွားမည်။ တိုင်းတစ်ပါးယဉ်ကျေးမှုများ ထိုးဖောက်ဝင်ရောက် လာပြီး သူ့ကျွန်ဘဝသို့ သိမ်းပိုက်ခြင်းခံကြရမည် ဖြစ်သည်။ ယဉ်ကျေးမှုအား ခေတ်နှင့်အညီ တီထွင် ဆန်းသစ်၍ရပါသည်။ သို့သော် ဆန်းသစ်တီထွင် ခြင်းထက် ပိုသာသောခေတ်လွန်ခြင်းသည် အရုပ် ဆိုးအကျည်းတန်စေပါသည်။ ယဉ်ကျေးမှုနှင့် သွေဖည်သွားသောအခါ “သရုပ်ပျက်” ၍ ဖျက်ဆီး ရာရောက်ပါသည်။ ခေတ်မီခြင်းသည် ကောင်းမွန်၏။ ခေတ်လွန်ခြင်းသည် ပျက်စီး၏။ အမြင်မတင့်စေ သော အပြင်အဆင်များသည် ယဉ်ကျေးမှုကိုပျက်စီး စေရုံသာမက စာရိတ္တကိုလည်း ပျက်ပြားစေပါသည်။ မြန်မာ့ယဉ်ကျေးမှုကို အတိုင်းထက်အလွန်သွေဖည် သွားသည့်အခါ ယဉ်ကျေးမှုပျက်ပြားသူနှင့် ပတ်ဝန်း ကျင်တွင် မလိုလားအပ်သောရာဇဝတ်မှုများလည်း ဖြစ်ပေါ်လာနိုင်ပါသည်။ ထိုအခါ ယဉ်ကျေးမှု ပျက်ပြားစေရုံသာမက “အမျိုးဂုဏ်”ကိုလည်း ထိခိုက်စေပါသည်။ ထို့ကြောင့် ယဉ်ကျေးမှုကို ထိန်းသိမ်း၍ အမျိုးဂုဏ်ကို တင့်တယ်စေရန် သတိပြုဆင်ခြင်ကြရပေမည်။

ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်လာသည်မှာ ဝမ်းသာစရာဖြစ်သည်။ ကမ္ဘာ့နိုင်ငံများနှင့် ရင်ပေါင် တန်းလာနိုင်ခြင်းသည် ဂုဏ်ယူစရာပင်ဖြစ်သည်။ သို့သော် ခေတ်မီသည်ဟူသောစကားလုံးကို အကြောင်းပြု၍ ယဉ်ကျေးမှုကို သွေဖည်ခြင်းက အရုပ်ဆိုးအကျည်းတန်ပေသည်။ မြန်မာ့ဂီတကို အနောက်တိုင်းတေးဂီတနှင့်တွဲဖက်၍ သီဆိုကြ သည်။ နားသောတပန်ဆင်ရသည်မှာ တစ်မျိုးတစ်ဖုံ လန်းဆန်းစေပါသည်။ သို့သော် ခေတ်လွန်ခြင်းများ ကမူ မကောင်းချေ။ မြန်မာ့ရိုးရာအဝတ်အထည် များကို ပြန်လည်ဆန်းသစ်လာကြသည်မှာ မြင်ရသူ အတွက် မျက်စိပသာဒဖြစ်ရပါသည်။ သို့သော် လျှပ်ပေါ်လော်လည်သော ဗိုက်ပေါ်ခါးလွတ်၊ ပေါင် ပေါ်အခွဲများသည်လည်း လိုသည်ထက်ပိုလာသော အခါ အရုက်သာမက အသက်အန္တရာယ်အထိပါဖြစ် လာနိုင်ပါသည်။ ဆန်းသစ်ပါ။ သို့သော် ယဉ်ကျေးမှု ကို မသွေဖည်ပါနှင့်။ ဆံထုံး၊ ရင်ဖုံး၊ ထိုင်မသိမ်း၊ တောင်ရှည်ပုဆိုးတို့ဖြင့် အမြဲတမ်းနန်းဆန်ပြရန် ဆိုလိုခြင်းမဟုတ်ပါ။ ခေတ်နှင့်အညီ ဝတ်စား ဆင်ယင်ခွင့် လူသားတိုင်းတွင်ရှိပါသည်။ သို့သော် လူသားတိုင်းတွင် အလုကိုယ်စီပိုင်ဆိုင်ပြီးသား ဖြစ်၍ လိုအပ်သည်ထက်ပိုသောအခါ ကိုယ်ပိုင်အလှ တရားကို ပျောက်ကွယ်စေသည်ကို သတိပြုကြရပါ မည်။ မြန်မာဆန်သော မြန်မာ့ဟန်ကို ထိန်းသိမ်း ၍ ပြုပြင်ဖန်တီးကြရပါမည်။

## ယဉ်ကျေးမှုနှင့် ခေတ်ဟန်ပန်

ဆန်းသစ်လာသောခေတ်ဟန်ပန်တွင် မြန်မာ့ ယဉ်ကျေးမှုဟန်ပန်များစွာ ပြန်လည်ပါဝင်လာသည် မှာ ခေတ်အမြင်ဖြင့် တီထွင်သူများကို ချီးကျူးပါ သည်။ သို့သော်ဝတ်ဆင်သူများ၏ ကိုယ်အမူအရာ ယဉ်ကျေးမှုကို ပြုပြင်ကြရမည်ဖြစ်သည်။ ထိုင်မသိမ်း ဟူသော ထဘီသုံးလွှာသည် ရှေးမြန်မာဘုရင်များ လက်ထက်ကတည်းက ဝတ်ဆင်ခဲ့ကြခြင်းဖြစ် သည်။ ပြန်လည်ဆန်းသစ်သည့်အခါ ပွင့်လန်းစ ပန်းကလေးများကဲ့သို့ လန်းဆန်းနေပါသည်။ လန်းဆန်းမှုကို ပျက်ပြားစေသောအကြောင်းမှာ ဝတ်ဆင်သူများသည် “ခြေတစ်လှမ်းကုဋေ တစ်သန်း” မသွားနိုင်သည့်အချိန်မှာ ပို၍များပြားပါ သည်။ သွားလို့ရသည့်အချိန်မှာ ရွေးချယ်ဝတ်ဆင် ပါက ယဉ်ကျေးမှုနှင့် ခေတ်မီခြင်းသည် အလွန် လိုက်ဖက်ပါသည်။ နေရာဒေသ၊ အချိန်အခါ၊ အခြေ အနေကို ရွေးချယ်၍ သင့်တော်ရာကို ဝတ်ဆင်စေ ချင်ပါသည်။ ခေတ်မီ၍ရပါသည်။ ခေတ်လွန်ခြင်း မဖြစ်စေရန် သတိပြုရမည်။ ယဉ်ကျေးသောမြန်မာ တို့၏ယဉ်ကျေးမှုကို မျက်ကွယ်ပြု၍ ဟီရိဩတ္တပ္ပ တရားကင်းမဲ့ခြင်းကို ရှောင်ကြဉ်ကြရပါမည်။

အဝတ်အစားသည် လူ၏ရုပ်သွင်ပြင်နှင့် စိတ်ဓာတ်တို့ကို ပြောင်းလဲစေပါသည်။ မြန်မာ ဆန်ဆန် ဝတ်စားဆင်ယင်သည့်အခါ သိမ်မွေ့မှုကို ပေါ်လွင်စေပြီး စိတ်ဓာတ်သည်လည်း အဝတ်အစား နှင့် လိုက်ဖက်စွာထိန်းသိမ်းပြီး ကိုယ်နှုတ်အမူအရာ ယဉ်ကျေးလာသည်။ ခေတ်ဆန်သော မြန်မာ့ဟန်ကို ဝတ်ဆင်သည့်အခါ ယဉ်ကျေးခြင်း၊ သွက်လက်ခြင်း ဟူသောအသွင်ကိုဆောင်ပြီး စိတ်ဓာတ်သည်လည်း ရှင်လန်းတက်ကြွနေတတ်သည်။ အနောက်တိုင်း ဆန်ဆန်ဝတ်ဆင်သည့်အခါ မြန်မာ့ဟန်ပျောက်သွား သည့်အပြင် စိတ်ဓာတ်သည်လည်း အရာရာတိုင်းကို စိတ်လွတ်ကိုယ်လွတ်ဖြင့် စိတ်ကိုဝင်သွားတတ်ကြ သည်။ ကိုယ်သာလျှင် ခေတ်အမီဆုံးဟူသောအတွေး များသာ ဝင်ရောက်လာတတ်ကြသည်။ ထို့ကြောင့် ခေတ်မီအောင်ဝတ်စားဆင်ယင်၍ မြန်မာ့ဟန် မပျောက်ရန် အလွန်ပင်အရေးကြီးပါသည်။

## မြန်မာ့ဟန်ရှိပါစေ

ယနေ့သည်ပွင့်လင်းမြင်သာသော IT နည်းပညာ ခေတ်သို့ရောက်ရှိနေပြီဖြစ်သည်။ နည်းပညာ ထွန်းကားလာသည်နှင့်အမျှ တီထွင်ဆန်းသစ်မှုတို့ သည် အံ့သြဖွယ်တိုးတက်လာခဲ့သည်။ ဝမ်းမြောက် ဂုဏ်ယူဖွယ်ရာဖြစ်သည်။ သို့သော်ခေတ်နှင့် မြန်မာ့ ယဉ်ကျေးမှုကို တွဲ၍မြင်ရန်လိုအပ်ပါသည်။ ခေတ် ကိုသာကြည့်နေလျှင် ယဉ်ကျေးမှုသည် ပျောက်နေ ပေလိမ့်မည်။ ယဉ်ကျေးမှုတစ်ခု တည်းကိုကြည့်လျှင် လည်း ခေတ်ကိုမီအောင်လိုက်နိုင်မှု အားနည်းပေ မည်။ ခေတ်နှင့် ယဉ်ကျေးမှုကို တွဲဖက်၍ချီတက်မှ သာ မြန်မာ့ဟန်မပျောက်သော ခေတ်မီယဉ်ကျေးမှု ကို ရရှိမည်ဖြစ်ကြောင်း လူကြီး၊ လူငယ်၊ ကျား၊ မ မရွေး သတိပြုဆင်ခြင်ကြရပေမည်။ အမျိုးကိုချစ် လျှင်၊ တိုင်းပြည်ကိုချစ်လျှင် ယဉ်ကျေးမှုကို မပစ် ပယ်ပါနှင့်။ ခေတ်မီစွာပြုမူနေထိုင်ပါ။ မြန်မာ့ဟန်ကို မပျောက်ကွယ်ပါစေနှင့်ဟု အကြံပြုရေးသားလိုက်ရ ပေသည်။ ။

ကိုးကား-

မောင်ခင်မင် (ဓနုဖြူ) ၏ မြန်မာဘာသာ စကား၏ သွင်ပြင်လက္ခဏာများ၊ ပညာ တန်ဆောင်မဂ္ဂဇင်း အတွဲ ၅၈၊ အမှတ် ၅။

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ အောင်လင်း၏ အရိုင်းစံပယ် အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

၂၁-၁၂-၂၀၂၂ ရက်မှအဆက်

ကိုဘခက်က 'မ' မျက်နှာတွင် စို့နေသောချွေးများကို လက်ကိုင်ပဝါဖြင့် အသာသုတ်၍ပေးလိုက်သည်။

'မ' ကမူ ပင်ပန်းနွမ်းနယ်ဟန်မရှိ၊ ကြည်လင်ချို့မြသော အပြုံးဖြင့်သာ ကြည့်၍နေရှာသည်။

"'မ' မပင်ပန်းပါဘူး ဆရာ။ 'မ' ဘဝဟာ ခုအချိန်မှာ တကယ့်လောကထဲကိုဆင်းပြီး အသက်ဝင်လှုပ်ရှားရတယ်ဆိုတာ တွေးပြီး ကြည်နူးနေပါတယ်"

ကိုဘခက်သည် 'မ' ၏ နဖူးဆံစကလေးများကို အသာသပ်လိုက်သည်။ အချစ်အတွက် အမြင့်မှအနိမ့်သို့ ဆင်းလာရသော 'မ' အတွက် ကိုဘခက်မှာ ချီးကျူးလေးစား၍ မဆုံးနိုင်အောင် ရှိတော့သည်။ 'မ' ၏စွန့်စားမှုသည် ကိုဘခက်အပေါ်၌ ထားရှိသော 'မ' ၏ မေတ္တာအဟုန်ကို သက်သေတည်လိုက်ခြင်းဖြစ်သည်။

"အဆောင်အယောင်ချင်း ကွာခြားပေမယ့် နှလုံးသားမှာ တည်ရှိနေတဲ့ မေတ္တာချင်းကတော့ ကျွန်တော်တို့ကို မမီနိုင်ပါဘူး 'မ' ရာ။ ဘဝဆိုတာ တကယ်ရုန်းကန်ရတဲ့သူချင်းမှ ပိုပြီးမေတ္တာကြီးမားတတ်ပါတယ်။ နေဘယ်လောက်ပဲပူပူ ဒီအပူကို ကျွန်တော် ခံယူပါ့မယ်။ 'မ' ကိုတော့ ကျွန်တော့် အရိပ်အာဝါသအောက်မှာပဲ အေးမြစေချင်ပါတယ်။ 'မ' ကို နေတစ်ပြောက်ထိုးလို့ ညိုးမှာတောင် ကျွန်တော် မခံနိုင်ဘူး"

"'မ' ဒါတွေ လုံးလုံးမစဉ်းစားပါဘူး ဆရာ။ ဆင်းရဲအတူ ချမ်းသာအမျှ ဘဝကို ဆရာနဲ့အတူ ရုန်းကန်ဖို့ 'မ' ဆုံးဖြတ်ပြီးသားပါ။ အေးအတူပူအမျှဆိုတဲ့ စကားလိုပေါ့ ဆရာ။ 'မ'ကြောင့် ဆရာ့မှာ နှစ်ယောက်စာ ရုန်းရတဲ့အဖြစ်ကိုတော့ အရောက်မခံနိုင်ပါဘူး။ ဆရာ့ရဲ့တန်ဖိုးရှိတဲ့အနုပညာတာဝန်တွေကို 'မ' ရဲ့ ထမင်းတစ်လုတ်အတွက် လဲလှယ်ရမယ်ဆိုရင် 'မ' ဟာ ဆရာ့ရဲ့ ပါရမီဖြည့်ဖက် တစ်ယောက် ဖြစ်နိုင်ပါဦးမလားရှင်"

'မ'ပြုံးစိစိဖြင့် သူ့စေတနာသန့်သန့်ကို ဖွင့်ဟပြောတော့လည်း ကိုဘခက်မှာ မလှုပ်သာအောင် ရှိတော့သည်။

"'မ' က စကားပြောလိမ္မာလွန်းတယ်ကွယ်၊ 'မ' ကို ကျွန်တော် နိုင်အောင် မပြောနိုင်ဘူး"

"'မ' ဆရာနဲ့ စကားပြောပြိုင်တာ မဟုတ်ပါဘူး။ ဆရာ့မေတ္တာနဲ့ စေတနာချင်းပြိုင်တာပါ။ ကိုယ့်ချစ်သူကို လေးစားထိုက်သူ၊ ကြည်ညိုထိုက်သူ၊ အားကိုးထိုက်သူမို့ ချစ်ခဲ့တာကို ဘယ်နေရာမှ ပြိုင်စရာလည်းမလိုဘူး။ အနိုင်ယူစရာလည်းမလိုဘူး။ ဒါပေမဲ့ မေတ္တာရယ်၊ တွယ်တာမှုရယ်၊ ကရုဏာရယ်၊ ကြင်နာမှုစေတနာတွေအားလုံးကလွဲလို့ ကျန်တာတွေ ချစ်သူရဲ့နောက်ပါးမှာ တစ်ဖဝါးမကွာ ရှိပါတယ်ရှင်"

ကိုဘခက်သည် 'မ' ကို စကားဖြင့် ပြန်မပြောတော့ချေ။

'မ' ၏ နဖူးပြင်ညက်ညက်ကလေးကိုသာ တယုတယဖြင့် တစ်ချက်မျှ နမ်းလိုက်သည်။

ပြီးမှ 'မ' အပါးမှ ခွာ၍သွားတော့သည်။ 'မ' က ကိုဘခက် စာရေးစားပွဲကို အသင့်ပြင်၍ထားလိုက်သည်။ ဆေးလိပ်ခွက်ထဲတွင် ဆေးလိပ်နှင့် မီးခြစ်ကို အသင့်ထည့်၍ ပေးလိုက်သည်။ ပြီးမှ မီးဖိုချောင်သို့ဝင်၍ ရေနွေးတည်ထားလိုက်သည်။

ကိုဘခက်၏တယောသံသည် တငြိမ့်ငြိမ့်ပေါ်၍လာသည်။ ကိုဘခက်တီးသော သီချင်းမှာ နှစ်ကိုယ်သစ္စာ ပတ်ပျိုးဖြစ်သည်။ 'မ' က ကိုဘခက်၏ရှေ့တွင် ထိုင်ရင်း ချစ်သူ၏ဂီတတွင် ယစ်မူးနေမိသည်။ အမှန်တော့လည်း နှစ်ကိုယ်သစ္စာပတ်ပျိုးသည် ကိုဘခက်နှင့် 'မ' တို့အတွက် မင်္ဂလာတေးတစ်ပုဒ် ဖြစ်လာသည်။

အချိန်ကား တဖြည်းဖြည်း လွန်၍လာသည်။ ကိုဘခက်ကမူ တယောကို စမ်းနေရာမှ ညောင်းဟန်ရှိလျှင် ရေနွေးကြမ်းကိုသောက်လိုက်ရင်း ဂီတအကြောင်းကို ဆွေးနွေးနေရပြန်သည်။

'မ' က ကိုဘခက်ပြောသမျှကို စိတ်ရှည်လက်ရှည် နားထောင်နေရာမှ တစ်ချက်မျှ သမ်းလိုက်သည်။ ကိုဘခက်က အလိုက်သိစွာပင် ...

"'မ' ညောင်းသွားရင် လှဲနေပါလား ဟင်..."

'မ' က ကိုဘခက်ကို ရှက်ပြုံးလေးပြုံး၍ ကြည့်နေရှာသည်။ သည်တော့မှ ကိုဘခက်က တယောကို နေရာတွင် ထ၍ချိတ်လိုက်သည်။ ပြီးမှ 'မ' ပခုံးစွန်းကလေးနှစ်ဖက်ကို အသာဆွဲယူလိုက်သည်။




'မ' က အလိုက်သင့်ပင် ကိုဘခက် ခေါ်ရာသို့ ခပ်နွဲ့နွဲ့မှီ၍ ထလိုက်သည်။ အခန်းတွင်းသို့ရောက်လျှင် နှစ်ယောက်သား အတူယှဉ်၍ထိုင်လိုက်သည်။

ကိုဘခက်က အိမ်ရှေ့ပေါက်များကို ပြန်၍ပိတ်လိုက်သည်။ တံခါးပေါက်များ အားလုံး ပိတ်လိုက်သည်။

တစ်ခန်းလုံးကား တိတ်ဆိတ်လျက်ရှိသည်။ 'မ' ရင်ထဲတွင် တဒိန်းဒိန်း ခုန်၍နေတော့သည်။ အခန်းတွင်းသို့ ဝင်လာသော ကိုဘခက်၏ခြေသံကို ကြားရသည်။ 'မ' သည် အသက်ကိုပင် မှန်မှန် မရှူနိုင်။ လက်ဖျားကလေးများ အေး၍လာသည်။

ကိုဘခက်သည် အိမ်ရှေ့ခန်းမှယူလာသော အာလာဒင်မီးခွက်ကို ငြိမ်းလိုက်သည်။ ပြီးမှ ဘေးတွင် ဝင်၍လှဲလိုက်သည်။ တစ်ယောက်နှင့်တစ်ယောက် အတန်ကြာအောင် စကားမပြောကြ။ အသက်ရှူသံကိုသာ မှန်မှန် ကြားနေရသည်။

"'မ' ရေ ... လွတ်လွတ်လပ်လပ် အိပ်နေပ်၊ စိတ်ကျဉ်းကျပ်ပြီးမနေနဲ့..."

ကိုဘခက်က အလိုက်သိစွာပင် 'မ' ကို နှစ်သိမ့်လိုက်သည်။ ကိုဘခက်၏ စကားများသည် 'မ' ရင်ထဲတွင် အေးမြ၍ သွားတော့သည်။ ကိုဘခက်ဆိုလိုသော အဓိပ္ပာယ်ကို နားလည်လိုက်သဖြင့် 'မ' မှာ ရှက်သလို၊ ဝမ်းနည်းသလို ခံစားရသည်။

'မ' အတွက် ဆရာ ဘာမှစိတ်အနှောင့်အယှက်မဖြစ်ပါစေနဲ့ ဆရာ။ ရင်းရင်းနှီးနှီးပြောရမယ်ဆိုရင် သူစိမ်းယောကျ်ားတစ်ယောက်နဲ့ 'မ' ဟာ နှစ်ယောက်ချင်း အတူယှဉ်ဖို့မပြောနဲ့ ကြာကြာတောင် ရပ်ပြီး စကားမပြောရဲပါဘူး။ ဒါပေမဲ့ ဆရာဟာ 'မ' ချစ်သူ၊ 'မ' ရဲ့ လင်ယောကျ်ားပါကလားဆိုတာ တွေးပြီး 'မ' စိတ်ကို 'မ' ဖြေပါတယ်ဆရာ။ မလွန်ဆန်နိုင်တဲ့ တရားတွေနဲ့ ရင်ဆိုင်လာရရင် ရှောင်လွှဲမရဘူးဆိုတာ 'မ' နားလည်ပါတယ်"

ကိုဘခက်သည် 'မ' ၏ လည်တိုင်ကလေးကို သိုင်း၍ဖက်လိုက်သည်။ ပြီးမှ ပါးမို့မို့အစုံကို တစ်ချက်စီ နမ်းလိုက်သည်။

"'မ' ဟာ ကိုယ်ထင်ထားတာထက် လေးစားမြတ်နိုးထိုက်တဲ့ မိန်းမရိုင်းလေးပါလားကွယ်"

ကိုဘခက်နှင့် 'မ' တို့ အခန်းကလေးကား မှောင်မည်း၍နေသည်။ သို့သော် ကိုဘခက်နှင့် 'မ' တို့၏ နှလုံးသားမှ တောက်ပနေသော မေတ္တာအလင်းရောင်ကား တစ်လောကလုံးကိုပင် ထိန်လင်းဖြာဝေနေသည်ကို သူတို့ကိုယ်တိုင်ပင် သိနိုင်မည်မဟုတ်ချေ။

[၂၂]

ကိုဘခက်သည် ကုမ္ပဏီပိုင်ရှင်နှင့် စာရေးဆရာ ဒါရိုက်တာဆိုသူနှစ်ယောက်အား ဒေါသဖြင့် တစ်ချက်မျှ စိုက်၍ကြည့်နေမိသည်။

စိတ်ကို အစွမ်းကုန်ချုပ်တည်းထားသော်လည်း ပညာနှင့်ပတ်သက်၍ ကျူးလွန်စော်ကားသောစကားများကို သည်းမခံနိုင်အောင်ရှိတော့သည်။

သိန်းသန်းကုမ္ပဏီမှ သူဌေးကိုခင်မောင်နှင့် စာရေးဆရာ ဒါရိုက်တာ ဦးကျော်ဇောတို့သည် သူတို့ရိုက်နေဆဲဇာတ်ကားအတွက် ကိုဘခက်ထံမှာ သီချင်းလာအပ်ခြင်းဖြစ်သည်။

ယခုအချိန်မျိုးတွင် ကိုဘခက်အနေနှင့်ကား လာသမျှအလုပ်ကို အဆင်ပြေအောင် လက်ခံရမည်ကိုလည်း သဘောပေါက်ထားပြီးဖြစ်သည်။ ထို့ကြောင့်လည်း တတ်နိုင်သမျှ အဘက်ဘက်မှ အလျှော့ပေး၍ ဆက်ဆံသည်။

သို့သော် ဦးကျော်ဇော၏စကားများမှာ တင်းစီးလွန်းသည်ဟု ထင်သည်။ ပညာကို စော်ကားသည်ဟုလည်း သဘောပေါက်မိသည်။ ကိုဘခက်သည် အပျော့ပျောင်းဆုံးနည်းဖြင့်ဆက်ဆံရန် ကြိုးစားသော်လည်း နောက်ဆုံး ဦးကျော်ဇောပြောသောစကားမှာ လူတစ်ယောက်၏ အနုပညာကို အထင်သေးအမြင်သေးဖြင့် စော်ကားလာသည်ကား ထင်ရှားလှသည်။

"ဦးကျော်ဇောပြောတဲ့ အဓိပ္ပာယ်က ဘယ်လိုလဲခင်ဗျာ ...။ ဦးကျော်ဇောရဲ့ ဇာတ်ကားအတွက် ကျွန်တော်က သီချင်းစပ်ပေးရမယ်။ ဒါပေမဲ့ ဒီသီချင်းကို ဦးကျော်ဇောက မကြိုက်ရင် မယူဘူးဆိုတော့ ကျွန်တော်ကြိုးစားသမျှ အချိန်ကုန်လူပန်းပြီး အလကားဖြစ်မနေဘူးလား"

ဦးကျော်ဇောသည် ဆေးပေ့ါလိပ်ကို တစ်ချက်မျှဖွာလိုက်ပြီးလျှင် လက်တစ်ဖက်ဖြင့် သူ့ပေါင်ကို တဖြန်းဖြန်းပုတ်၍ နေလိုက်၏။ သူ၏ ဖြူဖွေးသောသွားများကို ပေါ်အောင် အဖြဲသားပြုံးလိုက်ပြီးလျှင် ခေါင်းကို တဆတ်ဆတ်ညိတ်လိုက်သည်။

"ကျုပ်လည်း သဘောပေါက်ပါတယ်။ ဒါပေမဲ့ ခင်ဗျားသီချင်းကို ကြိုက်လွန်းလို့ ကိုရဲမောင်ကိုမေးပြီးလိုက်လာတာ။ ကိုရဲမောင်ကလည်း ခင်ဗျားကို ချီးကျူးပါတယ်။ ဒါပေမဲ့ ကိုဘခက်ရဲ့ ရုပ်ရှင်ဆိုတာ သီချင်းကောင်းတိုင်းလည်း မဟုတ်ဘူး။ ဇာတ်နဲ့ အံဝင်မှ ပိုပြီးထိရောက်တယ်။ ကျွန်တော်လည်း ပညာသည်တစ်ယောက်အနေနဲ့ ပညာသည်တွေရဲ့မာနကို နားလည်ပါတယ်ဗျာ။ ဒါပေမဲ့ ခုသီချင်းကတော့ အရေးကြီးဆုံးဖြစ်နေလို့ ကျွန်တော် ချေးများပါရစေဗျာ။ ဆရာအေးတောင် ကျွန်တော် ဒါကြောင့် မအပ်တာ။ ချေးများချင်တယ်လို့ သွားပြောရင် ဆဲလွှတ်မှာ။ ဒီတော့ နောင်လည်း အလုပ်ဖြစ်အောင် ဒါတစ်ခုတော့ သည်းခံပေးပါဗျာ"

ဦးကျော်ဇောသည် သူ့လိုလားချက်ကို အလိမ္မာဆုံးနည်းဖြင့် အချိုသတ်၍ ပြောလိုက်သည်။

ကိုဘခက်ကမူ ကိုယ့်ပညာကိုလည်း မထိခိုက်အောင်၊ အလုပ်လည်းဖြစ်အောင် အလျှော့နိုင်ဆုံးနည်းကို စဉ်းစားနေမိသည်။

ဆက်လက်ဖော်ပြပါမည်။

ဆရာအောင်လင်း၏ "အရိုင်းစံပယ်" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ စာတည်း

"အချစ်အတွက် အမြင့်မှအနိမ့်သို့ ဆင်းလာရသော 'မ'အတွက် ကိုဘခက်မှာ ချီးကျူးလေးစား၍ မဆုံးနိုင်အောင် ရှိတော့သည်။ 'မ'၏စွန့်စားမှုသည် ကိုဘခက်အပေါ်၌ ထားရှိသော 'မ'၏ မေတ္တာအဟုန်ကို သက်သေတည်လိုက်ခြင်းဖြစ်သည်။
"အဆောင်အယောင်ချင်း ကွာခြားပေမယ့် နှလုံးသားမှာတည်ရှိနေတဲ့ မေတ္တာချင်းကတော့ ကျွန်တော်တို့ကို မမီနိုင်ပါဘူး'မ'ရာ။ ဘဝဆိုတာ တကယ်ရုန်းကန်ရတဲ့သူချင်းမှ ပိုပြီးမေတ္တာကြီးမားတတ်ပါတယ်။ နေဘယ်လောက်ပဲပူပူ ဒီအပူကို ကျွန်တော် ခံယူပါ့မယ်။ 'မ'ကိုတော့ ကျွန်တော့်အရိပ်အာဝါသအောက်မှာပဲ အေးမြစေချင်ပါတယ်။ 'မ'ကို နေတစ်ပြောက်ထိုးလို့ ညိုးမှာတောင် ကျွန်တော်မခံနိုင်ဘူး"
'မ'ကြောင့် ဆရာ့မှာ နှစ်ယောက်စာရုန်းရတဲ့အဖြစ်ကိုတော့ အရောက်မခံနိုင်ပါဘူး။ ဆရာ့ရဲ့တန်ဖိုးရှိတဲ့အနုပညာတာဝန်တွေကို 'မ'ရဲ့ ထမင်းတစ်လုတ်အတွက် လဲလှယ်ရမယ်ဆိုရင် 'မ'ဟာ . . ."

## နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် တောင်သူများသို့ ယူရီးယားဓာတ်မြေဩဇာများပေးအပ်

ဖျာပုံ ဒီဇင်ဘာ ၂၂

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးရေးဆိုင်ရာသွင်းအားစုများဖြစ်သည့် ယူရီးယားဓာတ်မြေဩဇာပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၁၀ နာရီက ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် အပြောင်ကျေးရွာ တောင်သူဦးကျော်ဝင်းသန်း၏ ခနဆန်စက်ဝင်းအတွင်း ကျင်းပသည်။

ရှေးဦးစွာ ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူး ဦးစိန်မောင်မြင့်က အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီးလယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူးဦးဝင်းမြင့်နှင့် ဖျာပုံခရိုင်လုပ်ငန်းကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်လင်းတို့က နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့်ဆောင်ရွက်သည့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သောသွင်းအားစုဖြစ်သည့် ယူရီးယားဓာတ်မြေဩဇာများ တောင်သူများလက်ဝယ်သို့ ပေးအပ်ရခြင်းနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ဖျာပုံမြို့နယ် ဝယ်ယူကြိတ်ခွဲတင်ပို့သူအစုအဖွဲ့ လုပ်ငန်းရှင်များကိုယ်စား မြို့နယ်ဆန်စက်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးအုန်းဟန်က ဆွေးနွေးပြောကြားပြီး တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူး၊ တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး၊ ဖျာပုံခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ယူရီးယားဓာတ်မြေ



ဩဇာများအား တောင်သူများလက်ဝယ်အရောက် ပေးအပ်ခဲ့သည်။

ဖျာပုံမြို့နယ်အနေဖြင့် ၂၀၂၂-၂၀၂၃ ခုနှစ်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် နွေစပါးစီမံကိန်း လျာထားဧက ၂၅၆၀၀ ရှိပြီး ကျေးရွာအုပ်စု ၃၅ အုပ်စုရှိ တောင်သူ ၈၇၆ ဦးက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ တောင်သူတစ်ဦးလျှင် တစ်ဧကအတွက် ယူရီးယားအာမိုကုလားအုတ်လုံးကြီး တစ်အိတ်နှင့် ကောမတ်ပုလဲ(ဩဘာ) တစ်အိတ် စုစုပေါင်း နှစ်အိတ်ကျစီ ပေးအပ်ခြင်းဖြစ်ကြောင်းနှင့် တစ်အိတ်လျှင် ငွေကျပ် တစ်သိန်းနှုန်းဖြစ်ကြောင်း သိရသည်။

၂၀၇

## မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီ တိုင်းဒေသကြီးအဆင့် နည်းပြသင်တန်းဖွင့်

မြန်အောင် ဒီဇင်ဘာ ၂၂

ဧရာဝတီတိုင်းဒေသကြီး (Working Group) မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီ တိုင်းဒေသကြီးအဆင့် နည်းပြသင်တန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်က မြန်အောင်ခရိုင် ပညာရေးမှူးရုံး ပညာရတနာခန်းမတွင် ပြုလုပ်သည်။

အဆိုပါ နည်းပြသင်တန်းဖွင့်ပွဲအခမ်းအနားတွင် ခရိုင်အဆင့် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြန်အောင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးလှိုင်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်အဆင့် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီအတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြန်အောင်ခရိုင် ဦးစီးမှူး ဦးတင်မြိုင်က အိမ်ထောင်စုလူဦးရေစာရင်းမြေပြင်ကွင်းဆင်းစာရင်း ကောက်ယူရမည့် လုပ်ငန်းစဉ်များအား ရှင်းလင်းပြောကြားသည်။

အိမ်ထောင်စုလူဦးရေစာရင်း မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးလုပ်ငန်းများကို မြန်အောင်ခရိုင် မြန်အောင်မြို့နယ်၌ ၁၇၆ ဖွဲ့၊ ကြံခင်းမြို့နယ်၌ ၆၄ ဖွဲ့၊ အင်္ဂပူမြို့နယ်၌ ၁၃၂ ဖွဲ့ ဖွဲ့စည်းထားရှိကြောင်း သိရသည်။

မြန်အောင်(ပြန်/ဆက်)

## ပဲခူးတိုင်းဒေသကြီး Working Group မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီ တိုင်းဒေသကြီးအဆင့် နည်းပြသင်တန်းဖွင့်

ညောင်လေးပင် ဒီဇင်ဘာ ၂၂

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ပဲခူးတိုင်းဒေသကြီး Working Group မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီ တိုင်းဒေသကြီးအဆင့် နည်းပြသင်တန်းဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၁ ရက် နံနက် ၉ နာရီက ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။



အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင် Working Group မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌဦးအောင်ကျော်စိုးက အဖွင့်အမှာစကားပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒေါ်နီလာထွန်းက သင်တန်းဆိုင်ရာများ ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ဖွင့်ပွဲအခမ်းအနားအား ရုပ်သိမ်းကာ တိုင်းဒေသကြီးအဆင့် လူဦးရေစာရင်း မြေပြင်စာရင်း ကောက်ယူရေးကြီးကြပ်မှု နည်းပြသင်တန်းအား ဆက်လက်ပို့ချခဲ့သည်။

သင်တန်းသို့ ညောင်လေးပင်၊ ရွှေကျင်၊ ဒိုက်ဦး၊ ကျောက်တံခါး၊ ကျောက်ကြီး မြို့နယ်များမှ သင်တန်းသား ၅၆ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

နီနီဝင်း(ပြန်/ဆက်)



## ဟင်္သာတမြို့၌ မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီ နည်းပြသင်တန်းဖွင့်

ဟင်္သာတ ဒီဇင်ဘာ ၂၂

ဧရာဝတီတိုင်းဒေသကြီး(Working Group) မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီမှ တိုင်းဒေသကြီးအဆင့် နည်းပြသင်တန်းကို ဒီဇင်ဘာ ၂၀ ရက်က ဟင်္သာတမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ဟင်္သာတခရိုင်(Working Group)မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သန်းဝင်းက အမှာစကားပြောကြားပြီး ကော်မတီအတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာအောင်က သင်တန်းဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ မြေပြင်ကွင်းဆင်းကောက်ယူရေးစီမံချက် သင်တန်းဆိုင်ရာများ၊ ဖွဲ့စည်းပုံနှင့်လုပ်ငန်းတာဝန်များ၊ စာရင်းကောက်လက်စွဲစာစောင်နှင့် စာရင်းကောက်ကျင့်ဝတ်များ၊ အထစ-ပုံစံ အလွတ်ရေးသွင်းခြင်း၊ ပုံစံများဖြန့်ဝေခြင်း၊ နေ့စဉ်စာရင်းနှင့်စာရင်းချုပ်ပြုစု၍ ပြန်လည်အပ်နှံခြင်း၊ မသန်စွမ်း (၅)မျိုးကောက်ယူခြင်း၊ ပြောင်းဝင်/ပြောင်းထွက်နှင့် သေဆုံးသူများအား မှတ်ချက်ပေးပြီး Upgrade ပြုလုပ်ခြင်း စသည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို ဟင်္သာတခရိုင်အတွင်းရှိ ဟင်္သာတ၊ ဇလွန်၊ လေးမျက်နှာမြို့နယ်များမှ ထွေအုပ်ဝန်ထမ်းများ၊ လဝက ဝန်ထမ်းများ၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြောင်း သိရသည်။

ကိုဇော်(ဟင်္သာတ)

## ရွှေကျင်မြို့နယ်တွင် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှု ပြုလုပ်ပေး

ရွှေကျင် ဒီဇင်ဘာ ၂၂

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် ကျွဲတဲရပ်ကွက် ခုတင်(၁၀၀) ပြည်သူ့ဆေးရုံတွင် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဒီဇင်ဘာ ၂၁ ရက် နံနက် ၉ နာရီမှစ၍ မြို့နယ်အတွင်းရှိ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှု ပြုလုပ်ပေးကြောင်း သိရသည်။

ရွှေကျင်မြို့နယ်တွင် ကုသရေးဦးစီးဌာနလက်အောက်ရှိ ခုတင်(၁၀၀)ပြည်သူ့ဆေးရုံတွင် ဆေးရုံအုပ် ဒေါက်တာသိန်းနိုင်လင်း ဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများက မြို့နယ်အတွင်းရှိ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား လစဉ်လတိုင်း ၂၁ ရက်တွင် ကျန်းမာရေးစောင့်ရှောက်မှုပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးစောင့်ရှောက်ပေးမှုကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှမင်းသူနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက



လိုအပ်သည်များအား ကူညီဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်း သိရသည်။

ထွန်းထွန်းဇော်(ပြန်/ဆက်)

### ❖ AFF Cup မှ

AFF Cup ပြိုင်ပွဲ အုပ်စု (ခ) တွင် ဗီယက်နမ်၊ မလေးရှား၊ စင်ကာပူ၊ မြန်မာနှင့် လာအိုအသင်းတို့ ပါဝင်နေပြီး ဒီဇင်ဘာ ၂၁ ရက်က ကစားသည့် အုပ်စု(ခ) ပထမနေ့တွင် ဗီယက်နမ်နှင့် မလေးရှားအသင်း နိုင်ပွဲရရှိခဲ့သည်။ ဗီယက်နမ်အသင်းက လာအိုအသင်းကို အဝေးကွင်း၌ ခြောက်ဂိုးပြတ်၊ မလေးရှားအသင်းက မြန်မာအသင်းကို အဝေးကွင်း၌ တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် အုပ်စုပထမပွဲတွင် အရေးနိမ့်ထားသဖြင့် ယခုပွဲတွင် ရလဒ်ကောင်းရယူနိုင်ရန် လိုအပ်နေပြီး စင်ကာပူအသင်းမှာမူ ပထမဆုံးပွဲကစားရခြင်းဖြစ်သည်။

သတင်း - ကိုညီလေး
ဓာတ်ပုံ - MFF

### ❍ MFF မှ

အကယ်ဒမီ (ခ) အသင်းတို့ ပါဝင်နေသည်။

ယူ-၁၄/ယူ-၁၅ ပြိုင်ပွဲတွင် အသင်းစုစုပေါင်း ခြောက်သင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး အုပ်စု (က)တွင် ရန်ကုန်အကယ်ဒမီ (က) အသင်း၊ ရန်ကုန်အကယ်ဒမီ (ခ) အသင်း၊ ပုသိမ်အကယ်ဒမီ (က) အသင်း၊ အုပ်စု (ခ)တွင် ပုသိမ်အကယ်ဒမီ (ခ) အသင်း၊ မန္တလေးအကယ်ဒမီ (က) အသင်းနှင့် မန္တလေးအကယ်ဒမီ (ခ) အသင်းတို့ ပါဝင်နေသည်။

MFF Internal Academy Football Tournament 2022 ပြိုင်ပွဲများကို ဒီဇင်ဘာ ၂၃ ရက် မှစတင်ကာ တစ်ရက်လျှင် လေးပွဲနှုန်းဖြင့် ကျင်းပသွားမည်ဖြစ်သည်။

သတင်း - ကိုညီလေး
ဓာတ်ပုံ - MFF

### ရေချွေတာရေး နည်းလမ်းများ

- ❖ သွားတိုက်နေစဉ် ဘုံဘိုင်ခေါင်း ဖွင့်မထားပါနှင့်။
- ❖ သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။
- ❖ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
- ❖ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

# မွေးမြူရေးကဏ္ဍကို အထောက်အကူဖြစ်စေမည့် ဒုတိယအကြိမ်မြောက် မြန်မာ့နွားအလှနှင့် အသားတိုးနွား၊ နို့စားနွား၊ သိုး/ဆိတ်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၂

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးက ပြုလုပ်သည့် ဒုတိယအကြိမ်မြောက် မြန်မာ့နွားအလှနှင့် အသားတိုးနွား၊ နို့စားနွား၊ သိုး/ဆိတ်ပြိုင်ပွဲကို ဒီဇင်ဘာ ၃၁ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ပျဉ်းမပင် မွေးမြူရေးခြံ၌ ကျင်းပမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ သိရသည်။

အဆိုပါပြိုင်ပွဲများကို ကျင်းပခြင်းဖြင့် ပြည်သူများ မွေးမြူရေးဆိုင်ရာ ဗဟုသုတများရရှိစေနိုင်ခြင်း၊ ဒေသတွင်းမှထွက်ရှိသော အစားအစာများဖြင့် ရှင်သန်ကြီးထွားပြီး လှပသော မျိုးကောင်းမျိုးသန့်နွားနှင့် သိုး/ဆိတ်များ မွေးမြူနိုင်သည်ကို အတုယူအားကျ၍ လက်ဆင့်ကမ်းမွေးမြူနိုင်ခြင်း၊ မွေးမြူရေးကဏ္ဍ တိုးတက်လာမှုဖြင့် တန်ဖိုးမြင့်နို့နှင့် နို့ထွက်ပစ္စည်းများ ပိုမိုထုတ်လုပ်နိုင်ခြင်း၊ ဈေးကွက်ကောင်းရရှိရေးအတွက် အချင်းချင်း အပြန်အလှန်ချိတ်ဆက်ဆောင်ရွက်မှုမှ မွေးမြူရေးတောင်သူများ ဝင်ငွေများတိုးမြင့်ရရှိစေနိုင်ခြင်း၊ အရည်အသွေးကောင်းမွန်သော မျိုးကောင်းမျိုးသန့်နွားမျိုးများနှင့် သိုး/ဆိတ်များ ပွားများလာမှုမှ ဒေသမျိုးရင်းများကို ထိန်းသိမ်းနိုင်ခြင်းစသည့် အကျိုးကျေးဇူးများကို ရရှိစေမည်ဖြစ်သည်။

"ပထမအကြိမ် မြန်မာ့နွားအလှ၊ အသားတိုးနွား၊ နို့စားနွားနဲ့ သိုး၊ ဆိတ်ပြိုင်ပွဲကို ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂ ရက်မှာ ကျင်းပပေးခဲ့တာပါ။ အခု ဒုတိယအကြိမ်ကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်ကနေ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁ ရက်အထိ ကျင်းပသွားဖို့ရှိပါတယ်။ အခုလို ကျင်းပခြင်းအားဖြင့် အရည်အသွေးမြင့်ပြီး ထုတ်လုပ်မှုကောင်းမွန်တဲ့ ဒေသနွား၊ နို့စားနွားနဲ့ သိုး/ဆိတ်မျိုးကောင်းတွေရှိတဲ့ အရပ်ဒေသတွေကို သိရှိနိုင်တဲ့အပြင် မွေးမြူရေးသမားတွေ အပြန်အလှန် ဆက်သွယ်မှု ကွန်ရက် ကျယ်ပြန့်လာစေပါတယ်။ အသားတိုးထွက်နှုန်းနဲ့ နို့ထွက်နှုန်းကောင်းတဲ့ နွားနဲ့ ဆိတ်ကို ရွေးချယ်မွေးမြူခြင်းအားဖြင့် မွေးမြူရေးတောင်သူတို့ရဲ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုမှာ အခွင့်အလမ်းကောင်းများစွာ ပေါ်ထွန်းစေပါတယ်။ တောင်သူတွေရဲ့ မွေးမြူရေးနည်းပညာတွေ ဖလှယ်နိုင်ပြီးတော့ ပြိုင်ပွဲဝင်တိရစ္ဆာန်တွေရဲ့ တန်ဖိုးနဲ့ အမူအကျင့်တွေကို ပိုမိုလေ့လာသိရှိနိုင်ဖို့အတွက် ကျင်းပရခြင်းဖြစ်ပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာ တိုးမင်းထွန်းက ပြောသည်။

ပြိုင်ပွဲတွင် မြန်မာ့နွားသိုး၊ အသားတိုးနွားအထီး/အမ၊ နို့စားနွားများဖြစ်သော နို့စားနွားမနှင့် နွားမတမ်း၊ ဆိတ်ထီး/ဆိတ်မ စသည်ခုနစ်မျိုးယှဉ်ပြိုင်သွားမည်ဖြစ်ပြီး မြန်မာ့မျိုးကောင်းမျိုးသန့်အဖြစ် နာမည်ရလျက်ရှိသည့် ဘရာမင် အသားတိုးနွားနှင့် နို့ထွက်နှုန်းကောင်းသော ဆာနန်ဆိတ်နှင့်အသားထွက်နှုန်းကောင်းသော ဘိုဝါဆိတ်များကိုလည်း ထည့်သွင်း ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုကျင်းပမည့် နွားပြိုင်ပွဲတွင် ဆုချီးမြှင့်မှုအနေဖြင့် ပထမဆု ငွေကျပ် ငါးသိန်း၊ ဒုတိယဆု ငွေကျပ် သုံးသိန်း၊ တတိယဆု ငွေကျပ်နှစ်သိန်းနှင့် နှစ်သိမ့်ဆု ငွေကျပ်တစ်သိန်း၊ ဆိတ်ပြိုင်ပွဲတွင် ပထမဆု ငွေကျပ် သုံးသိန်း၊ ဒုတိယဆု ငွေကျပ် နှစ်သိန်း၊ တတိယဆု ငွေကျပ် တစ်သိန်းနှင့် နှစ်သိမ့်ဆုအတွက် ငွေကျပ်ခုနစ်သောင်းစသဖြင့် ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ပြီး ပထမအကြိမ်ကျင်းပခဲ့သော ပြိုင်ပွဲ၌ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ပေါင်း ၁၅ မြို့နယ်မှ နွား ၈၈ ကောင်နှင့် ဆိတ် ၂၆ ကောင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကာ ယခုဒုတိယအကြိမ်ပြိုင်ပွဲ၌ ပြိုင်ပွဲဝင်ကောင်ရေစာရင်းအား ဒီဇင်ဘာ ၃၀ ရက်တွင် ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

ညိမ်းသူ (သတင်းစဉ်)

ဓာတ်ပုံ - ကနူး





# ငါးလုပ်ငန်းအတတ်သင်သိပ္ပံကျောင်း(ရန်ကုန်)၌ ငါးမျိုးစိတ်များ ခွဲခြား အမည်ပေးနည်း သင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၂

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အနောက်ကြို့ကုန်းရှိ ငါးလုပ်ငန်းအတတ်သင်သိပ္ပံကျောင်းတွင် ငါးမျိုးစိတ်များ ခွဲခြား အမည်ပေးနည်းသင်တန်းဆင်းပွဲကို ဒီဇင်ဘာ ၂၁ ရက်က ကျင်းပသည်။

အဆိုပါသင်တန်းတွင် ရန်ကုန်တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဦးတင့်လွင်က သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်ပေးအပ်သည်။ သင်တန်းသို့ ငါးလုပ်ငန်းဦးစီးဌာနမှ ဌာနတွင်းဝန်ထမ်းများနှင့် ရန်ကုန်တက္ကသိုလ်မှ ဆရာမ သင်တန်းသူ နှစ်ဦးအပါအဝင် သင်တန်းသား ၁၀ ဦးနှင့် သင်တန်းသူ ၁၀ ဦး စုစုပေါင်း ၂၀ တက်ရောက်ကြသည်။

သင်တန်းတွင် ငါးလုပ်ငန်းအတတ်သင်သိပ္ပံ(ကြို့ကုန်း)သင်တန်းကျောင်းမှ ကျောင်းအုပ်ကြီး ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းကိုကိုက ရေချို ရေငန် ငါးမျိုးစိတ်များခွဲခြားနည်းနှင့် ငါးအမည်ပေးခြင်းဆိုင်ရာနှင့်ပတ်သက်၍ စာတွေ့လက်တွေ့သင်တန်းကို ဒီဇင်ဘာ ၁၉ ရက်မှ ၂၁ ရက်အထိ သုံးရက်ကြာ ပို့ချပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

**❂ ဆောင်းရာသီမှ**

ဂန္ဓမာပန်းအဖြူ၊ မရမ်း၊ ပန်းအဝါများ ပေါ်နေပြီဖြစ်၍ ဈေးကွက်အတွင်းသို့ ရောင်းချနေပြီဖြစ်ကြောင်း၊ လူကြိုက်များပြီး အရောင်းအဝယ်ကောင်းနေသည့်အတွက် သုံးပင်စည်း တစ်စည်းလျှင် ငွေကျပ် ၈၀၀ မှ ၁၀၀၀ ဈေးနှုန်းတို့ဖြင့် ဈေးကွက်တွင် အများဆုံး ရောင်းချနေရကြောင်း သိရသည်။

"ဂန္ဓမာပန်းမျိုးနွယ်ဝင် ပန်းတွေကတော့ အရောင်းအဝယ်သွက်ပြီး ဈေးကောင်းနေပါတယ်။ အဝါပွင့်လေးတွေက လူကြိုက်များပြီး ဈေးကွက်အတွင်းမှာ အရောင်းအဝယ်ကောင်းနေပါတယ်။ အများဆုံးလည်း ရောင်းချနေရပါတယ်။ မန္တလေးဈေးကွက်အပြင် အခြားမြို့တွေက ဈေးကွက်တွေကိုလည်း ဖြန့်ဖြူးရောင်းချပေးနေတာပါ။ ပန်းပွဲစားများလည်း ခြံအထိ အရောက်လာပြီးတော့ ဝယ်ယူကြတာတွေရှိပါတယ်။ ရသလောက်ချိုးရောင်းလို့ရပါတယ်။ ပန်းကိုတော့ တစ်နှစ်မှာ သုံးကြိမ်စိုက်ပါတယ်။ စိုက်တာကတော့ ၆ လပိုင်း၊ ၉ လပိုင်းနှင့် ၁၂ လပိုင်းတွေမှာ စိုက်ပါတယ်။ ပန်းကတော့ အပူဓာတ်၊ အအေးဓာတ်ကိုကြိုက်ပါတယ်။ မြန်မာနိုင်ငံမှာ ပန်းအများဆုံးစိုက်တာကတော့ ပြင်ဦးလွင်၊ တောင်ကြီး၊ ပုသိမ်ကြီးနဲ့ နေပြည်တော်တို့မှာ စိုက်ကြပါတယ်။ ပန်းအဆက်မပြတ်အောင် စိုက်ပျိုးထားတာတွေလည်းရှိပါတယ်။ ပန်းကိုတော့ အဆက်မပြတ် စိုက်ပျိုးပြီး ရောင်းချပေးသွားမှာပါ"ဟု ၎င်းက ပြောသည်။

အဆိုပါ ပန်းများစိုက်ပျိုးရာတွင် ပြည်တွင်းမျိုးများကို အများဆုံး စိုက်ပျိုးကြကြောင်း၊ လက်ရှိအချိန်တွင် ဂန္ဓမာပန်းများသည် ဈေးကွက်အတွင်း လူကြိုက်များနေသည့်အတွက် အရောင်းအဝယ်ကောင်းလျက်ရှိနေကြောင်း၊ ယခုနှစ် ပန်းစိုက်တောင်သူများသည် ဈေးကောင်းများရ၍ အဆင်ပြေနေကြကြောင်း၊ အဆိုပါ ပန်းများကို မန္တလေးဈေးကွက်၊ လားရှိုးဈေးကွက်၊ ရန်ကုန်ဈေးကွက်နှင့် မြိတ်ဈေးကွက်များသို့ တင်ပို့ဖြန့်ဖြူးရောင်းချသည်များရှိသကဲ့သို့ ခြံအရောက် လာရောက်ဝယ်ယူမှုများလည်းရှိကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

# ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ တတိယ ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

နေပြည်တော် ဒီဇင်ဘာ ၂၂

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

၁။ ဒီဇင်ဘာလ ဒုတိယ ၁၀ ရက်ပတ်အတွင်း ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင်ဖြစ်ပေါ်လျက်ရှိသော လေဖိအားနည်းရပ်ဝန်းသည် ဘင်္ဂလားပင်လယ်အော်တွင် ဆက်လက်တည်ရှိနိုင်သည်။ ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနိုင်ပြီး ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

၂။ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမှုမရှိ အောက် လျော့နည်းနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမှုမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

၃။ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် ၂ ရက်မှ ၃ ရက်ခန့်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် တစ်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်ပြီး နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်ပါသည်။

**ညအပူချိန်**

၄။ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် မွန်ပြည်နယ်တို့တွင် ဒီဇင်ဘာလ ပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်နှင့်အထက် ပိုနိုင်ပြီး တနင်္သာရီတိုင်းဒေသကြီးတွင် ဒီဇင်ဘာလ ပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်နှင့်အောက် လျော့နည်းနိုင်ကာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ဒီဇင်ဘာလ ပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်သည်။

**မြူအခြေအနေ**

၅။ စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၅ ရက်မှ ၉ ရက်ခန့်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၁ ရက်မှ ၄ ရက်ခန့် နံနက်ပိုင်းတွင် မြူထူများ ဆိုင်းနိုင်သည်။

**မြစ်ရေအခြေအနေ**

၆။ ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ပေ၀က်မှ တစ်ပေခန့် လက်ရှိ ရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

၇။ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ပေ၀က်မှ တစ်ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

၈။ မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ပေ၀က်ခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ပေ၀က်မှ တစ်ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ပေ၀က်ခန့်စီ၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ပေ၀က်ခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် ပေ၀က်မှ တစ်ပေခန့်၊ သံလွင်မြစ်ရေသည် ဖားဆောင်းမြို့တွင် ပေ၀က်ခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ပေ၀က်ခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ပေ၀က်ခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် ပေ၀က်ခန့်၊ ကုလားတန်မြစ်ရေသည် ပလက်ဝမြို့နှင့် ကျောက်တော်မြို့တို့တွင် ပေ၀က်ခန့်စီ၊ လေးမြို့မြစ်ရေသည် မြောက်ဦးမြို့တွင် ပေ၀က်ခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ပေ၀က်ခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်ပြီး သံလွင်မြစ်ရေသည် ဘားအံမြို့တွင် တစ်ပေခွဲခန့်နှင့် ငဝန်မြစ်ရေသည် သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ပေ၀က်မှ တစ်ပေခန့် လက်ရှိ ရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

**မိုး/ဇလ**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၅၀၂ ဆူ | ၂၁၈ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၀၀၀ သိန်း | ၄၁၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၉ ခန်း | ၁၉၁ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၆၆ ခန်း | ၃၈၉ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၄၉ တိုင် | ၁ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၈၀ တိုင် | - |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၂၀ ခု | ၅၃၁ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၆၇ ကျင်း | ၂၀၅၂. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၂၆ ကျင်း | ၁၉၂. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၂၂ ကျင်း | ၅၈၈၈. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၃၀၄ ကျင်း | ၁၄၃၂. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | ၂၂၅၆၀. ၀၀ | ၁ | ၃၆၉၅ သိန်း | ၁၈၈၆၅ သိန်း |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ × ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂)စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင်လျှင် ၉. ၅သိန်း) | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |
| ၁၆။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)လှူဒါန်းနိုင်ရေး [၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၁၂. ၀၀ | ၅၀၀ စုံ | ၂၉၇ စုံ | ၂၀၃ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**
**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## ပြင်ဆင်ဖတ်ရှုပေးပါရန်အသိပေးကြေညာခြင်း

(၃၀-၄-၂၀၂၂)ရက်နေ့နှင့် (၁၀-၅-၂၀၂၂)ရက်နေ့ မြန်မာ့အလင်းသတင်းစာတွင် THANDAR TUN COMPANY LIMITED ၏ ဒါရိုက်တာပြောင်းလဲခြင်းနှင့် အစုရှယ်ယာပြောင်းလဲခြင်း အများသိစေရန်ကြော်ငြာ၌ အစုရှယ်ယာရှင်တစ်ဦးဖြစ်သူ ဦးကျော်ဌေးဝင်း(Managing Director)ဟု ဖော်ပြထားသည့်အမည်မှာ မှားယွင်းနေ၍ အမည်မှန် ဦးကျော်ဝင်းဌေး (Managing Director)ဟု ပြင်ဆင်ဖတ်ရှုပေးပါရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ရွှေရည်သွေး(LL.B,D.B.L)**
**(အထက်တန်းရှေ့နေ)(စဉ်-၄၂၈၇၅)**
**ဖုန်း-၀၉-၇၉၅၅၂၁၈၃၉**

## ဖခင်အမည်မှန်

သထုံမြို့နယ်၊ နောင်ကုလားကျေးရွာနေ မောင်ဟိန်းလွင်ဦး၏ ဖခင်အမည်မှန်မှာ [၁၂/အလန(နိုင်)၀၅၃၃၉၄] ကိုင်ဆောင်သူ ဦးစံသိန်း ဖြစ်ကြောင်း။ **ဦးစံသိန်း [၁၂/အလန(နိုင်)၀၅၃၃၉၄]**

## မူးယစ်ကိုပစ်
## ပန်းတိုင်သစ်
## စိတ်သစ် လူသစ်
## ဘဝသစ်

## "ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ ကြီးပွားရေး(မြောက်)ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ မြေကွက်အမှတ်(၄/ခ)၊ မြေအကျယ် (၂၀ပေx၆၀ပေ)၊ ဧရိယာ (၀.၀၂၇)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို အပြီးအပိုင်ဝယ်ယူမည်ဖြစ်၍ ပိုင်ဆိုင်ခွင့်ရှိသူဖြစ်ပါက ကန့်ကွက်နိုင်ပါကြောင်း"

အထက်ဖော်ပြပါ မြေကွက်၏အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူထားပြီး လက်ရှိထားပိုင်ဆိုင်လျက်ရှိပါကြောင်း ရောင်းချပိုင်ခွင့်ရှိသူမှာ မိမိတစ်ဦးတည်းသာဖြစ်ကြောင်းနှင့် အခြားသူသို့ လွှဲပြောင်းထားခြင်းစသည့် အရှုပ်အရှင်းတစ်စုံတစ်ရာမရှိပါကြောင်း ဝန်ခံကတိပြု၍ ရောင်းချသူ ဒေါ်ဖြူဖြူလွင် [၇/ရတရ(နိုင်)၁၀၇၇၀၈] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို စရန်အဖြစ် ပေးအပ်ခဲ့ပြီးဖြစ်ပါသည်။ ထို့ကြောင့် ဤကြေညာပါသည့်နေ့မှ(၇) ရက်အတွင်း ပိုင်ဆိုင်ခွင့်ရှိသူများမှ ခိုင်လုံသော သက်သေအထောက်အထားမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက လွှဲပြောင်းဝယ်ယူသည့်ကိစ္စကို နှစ်ဖက်သဘောတူညီမှုများအတိုင်း ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ- ဒေါ်သက်ထားဆွိ LL.B,D.I.L,Dip in Eng အထက်တန်းရှေ့နေ (စဉ်-၄၂၈၉၉)**
**အမှတ်(၂၇)မြေညီ၊ မာလာမြိုင်(၇)လမ်း၊ (၁၆) ရပ်ကွက်၊ လှိုင်မြို့နယ်။ ဖုန်း-၀၉-၉၇၂၇၃၄၉၉၆၊ ၀၉-၇၉၁၄၅၄၅၃၁**

## ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ မြေကွက်အမှတ်(၁၀၉၅)၊ မြေကွက်လိပ်စာအမှတ်(၁၀၉၅)၊ ယသသဝတီ(၁၇)လမ်း၊ ၁၃-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ မြေဂရန် အမည်ပေါက် ဦးလှရွှေ [၁၂/ဥကတ(နိုင်)၀၆၂၄၈၉]၊ ဒေါ်တင်လှ [၁၂/ဥကတ(နိုင်)၀၉၈၃၂၄] နှစ်(၆၀) ဂရန်မြေ၊ မြေအကျယ်အဝန်း (ပေ၄၀x ပေ၆၀)ထဲမှ တရားဝင်မခွဲမစိတ်ရသေးသည့် ခြေရင်းဘက်ခြမ်းရှိ မြေအကျယ်အဝန်း (၁၃ပေx၆၀ပေ)ရှိ မြေကွက်နှင့် အိမ်ပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း ကြေညာချက်

အထက်အမည်ပါ မြေကွက်နှင့် အိမ်ပိုင်ဆိုင်မှုနှင့် ပတ်သက်၍ အမွေဆက်ခံပိုင်ဆိုင်သူများဖြစ်ကြသည့် ဒေါ်မြင့်မြင့်ဌေး [၁၂/သဃက(နိုင်)၀၉၈၃၉၀]၊ ဒေါ်ကြွယ်ကြွယ် [၁၂/သဃက(နိုင်)၀၃၅၄၇၂]၊ ဦးစံထွန်း [၇/ဝမန(နိုင်)၀၆၃၀၂၅]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါကခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးသန်းညွှန့် (LL.B)** | **ဦးနိုင်ထွဋ်လင်း (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၅၅၂၇)** | **အထက်တန်းရှေ့နေ(စဉ်-၃၅၅၄၅)** |

**အိမ်၊ ခြံ၊ မြေ၊ လယ်ယာမြေ၊ တိုက်ခန်း၊ ကွန်ဒိုခန်း- ရောင်း၊ ဝယ်၊ ငှားစာချုပ်စာတမ်း(အထူး)ဝန်ဆောင်မှု**
**ဖူးပွင့်ဝေ Law Firm**
**အမှတ်(၃၆၅)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉- ၅၅၀၆၁၅၇၊ ၀၉- ၇၈၅၅၀၆၁၅၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အေးသာယာရပ်ကွက်၊ သဇင်လမ်းမကြီးနှင့် (၁၆)လမ်းထောင့်၊ အမှတ်(G-68)ဟု ခေါ်တွင်သော မြေအကျယ် (၄၀ပေx၆၀ပေ)ရှိ စလစ်မြေအမျိုးအစား မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရှိထားသူ ဦးစိန်မင်း [၁၂/ခရန(နိုင်)၀၆၈၁၁၂]မှ ရောင်းချရန် ကမ်းလှမ်းလာသည့်အပေါ် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်ယုမေ [၉/မလန(နိုင်)၀၂၈၇၀၃]မှ အဆိုပါ မြေကွက်အားဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေခဲ့ပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားမူရင်းများနှင့် ယခုကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးမို့မို့အောင် (LL.B,DBL)**
**အထက်တန်းရှေ့နေ (စဉ်-၃၄၃၉၀/၁၀) (၂၄-၉-၂၀၁၀)**
**တိုက်အမှတ် (၂၈၇)၊ အခန်း(၄)၊ ကျောင်းလမ်း၊ ၂၅-ရပ်ကွက်၊ သုဝဏ္ဏ၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၅၃၁၁၇၁၂၊ ၀၉- ၄၄၇၆၅၁၇၀၃**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၉)၊ မြေကွက်အမှတ်(၈၆၃)၊ အကျယ်အဝန်း (၄၀ပေx၆၀ပေ)၊ ဧရိယာ (၀.၀၅၅)ဧက(၂၄၀၀)စတုရန်းပေရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့မြေစာရင်းတွင် ဒေါ်မြအေး [၁၂/မရက(နိုင်)၀၆၀၉၉၀] အမည်ပေါက်တည်ရှိပြီး ၎င်းထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးတင်ဝင်း [၇/ပခန(နိုင်)၀၁၂၈၅၄]မှ ပိုင်ဆိုင်မှု အရှုပ်အရှင်းကင်းရှင်း၍ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို )ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်း(မူရင်း)အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မွန်မွန်ချို(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၆၈) ဒေါ်စန္ဒာဝင်း(LL.B)အထက်တန်းရှေ့နေ(စဉ်-၂၆၄၀၉)**
**အမှတ်(၁၈၇)၊ ပထမထပ်၊ သုဒ္ဓသနလမ်း၊ (၁၆/၂)ရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၂၅၀၆၈၅၇၁၇၊ ၀၉-၇၉၇၆၄၀၆၁၆**




## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ အင်းဝလမ်း၊ အမှတ်(၂၀၆)၊ နှစ်ခန်းတွဲ RC(၈)ထပ်တိုက်မှ ထပ်ခိုးပါမြေညီထပ်၊ အခန်းအမှတ်(1-B) (တိုက်မျက်နှာမူလက်ဝဲဘက်အခန်း)မြေညီထပ် ဧရိယာ(၉၁၈)+ထပ်ခိုးဧရိယာ(၄၉၃)စတုရန်းပေရှိ မီနီကွန်ဒိုတိုက်ခန်းနှင့်တကွ ရေ၊ မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီးတရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးဇော်ထွန်းဦး[၁၂/မရက(နိုင်)၁၂၅၁၇၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်ဇင်ထူး[၁၂/ရကန(နိုင်)၀၇၁၂၈၄]၊ ဒေါ်မြင့်မြင့်မော်[၉/ခအဇ(နိုင်)၀၂၅၆၁၇]တို့မှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ(၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးအောင်ဇင်ထူးနှင့်ဒေါ်မြင့်မြင့်မော်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဝင်းမင်းစိုး LL.B,WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၆၄)**
**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော်၊ (Star City)**
**သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ Ph-09-450023651,09-793568375**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ သွပ်ဝိုင်းကြီးရပ်ကွက်၊ နဝရတ်လမ်း၊ အမှတ်(၈၇/ခ)၊ တစ်ခန်းတည်း RC (၆)ထပ်တိုက်မှ ပထမထပ်(၂-လွှာ)၊ ဧရိယာ (၉၇၂) စတုရန်းပေရှိ တိုက်ခန်းနှင့်တကွ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ခိုင်ခိုင်မော်[၁၁/တကန(နိုင်)၀၅၇၃၈၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ယဉ်ယဉ်မာ[၁၂/စခန(နိုင်)၀၆၁၄၆၇]မှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်၊ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **ဒေါ်ယဉ်ယဉ်မာ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းမင်းစိုး LL.B,WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၆၄)**
**Ph:09-450023651,09-793568375**
**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော် (Star City)၊**
**သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ ဘုရင့်နောင်(၁၀)လမ်း၊ အမှတ်(၁၅)၊ နှစ်ခန်းတွဲ RC(၆)ထပ်တိုက်မှ ဒုတိယထပ်(၃-လွှာ)၊ တိုက်မျက်နှာမူ (လက်ယာဘက်အခန်း)၊ ဧရိယာ(၁၀၂၆) စတုရန်းပေရှိ တိုက်ခန်းနှင့်တကွ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်မေပပထွန်း[၁၂/လမတ(နိုင်)၀၃၀၂၁၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးနေလင်းအောင်[၁၁/တကန(နိုင်)၀၆၇၃၉၇]၊ ဒေါ်ဝင်းလဲ့သွယ်[၉/ကဆန(နိုင်)၁၁၆၇၂၄]တို့မှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်၊ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးနေလင်းအောင်နှင့် ဒေါ်ဝင်းလဲ့သွယ်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းမင်းစိုး LL.B,WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၆၄)**
**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော် (Star City)၊**
**သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ Ph:09-450023651,09-793568375**

## မောင်အောင်သက်ဟန်[၁၂/မရက(နိုင်)၁၃၅၅၆၂]နှင့် အများသိစေရန်

မောင်အောင်သက်ဟန်[၁၂/မရက(နိုင်)၁၃၅၅၆၂]သည် မိဘများနှင့် ညီအစ်ကိုမောင်နှမများအပေါ် စိတ်ညှိုးနွမ်းစေမည့် ကိစ္စရပ်များအားလည်းကောင်း၊ မိဘများ၏ ဂုဏ်သိက္ခာအား ထိခိုက်စေမည့် ပြုမူဆောင်ရွက်မှုများအားလည်းကောင်း စဉ်ဆက်မပြတ်ပြုလုပ်ဆောင်ရွက်လာသဖြင့် ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စရပ်ကိုမျှ မိဘများအနေဖြင့် တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်ဆက်နွှယ်သောကိစ္စရပ်များအား မိဘများထံပြောဆိုခြင်း၊ အကူအညီတောင်းခံခြင်းတို့အပေါ် လက်ခံဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်သက်ညွှန့်+ဒေါ်ခင်နှင်းဝေတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမောင်မောင်သူရ(မြောင်းမြ)**
**LL.B, A.G.T.I(EP), D.B.L, D.M.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၁၀၈)**
**အမှတ်-၁၃၂၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၈၄၀၄၂၊ ၀၉-၇၉၅၁၈၄၀၄၂**

## ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၁)ရပ်ကွက်၊ မြင်သာ(၄)လမ်း၊ အမှတ်(၄၄/၂)ရှိ ပဉ္စမထပ်(၆-လွှာ)ခြေရင်းခန်း၊ (၁၃ပေ x ၅၅ပေ) အကျယ်အဝန်းရှိ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အားလုံးနှင့်စပ်လျဉ်း၍ ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဖော်ပြပါတိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်တို့ကို တရားဝင် လက်ဝယ်ထားရှိပိုင်ဆိုင်သဖြင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးကျော်ဌေး[၁၄/အဂပ(နိုင်)၀၀၆၅၅၇]ထံမှ အပြီးအပိုင်လက်ရောက်ဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေက ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ယင်းအပေါ် အကျိုးသက်ဆိုင်သူရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တရားဝင်ခိုင်လုံသော စာချုပ်စာတမ်း၊ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံ ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်နိုင်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးအောင်နိုင်ဝင်း(စဉ်-၈၂၁၉)** | **ဒေါ်တင်တင်ခိုင်(စဉ်-၈၀၀၈)** |
| **LL.B, D.I.L** | **LL.B, D.B.L, D.M.L, D.I.L** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |

**အမှတ်(၁၃/ခ)၊ ၈-လမ်း၊ (၃/ခ)ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်။**
**ဖုန်း-၀၉-၄၄၈၀၂၅၉၉၃၊ ၀၉-၉၇၈၉၄၀၀၆၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁)၊ဗိုလ်မိုး(၂)လမ်း၊ မြေကွက်အမှတ်(၈၃၁)၊ အကျယ်အဝန်း(အလျား၂၀ပေxအနံ၆၀ပေ)ရှိ ဒေါ်တင်လှိုင်အမည်ဖြင့် မှတ်သားတည်ရှိသော ပါမစ်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင်အကျိုးခံစားခွင့်အားလုံးတို့ကို တရားဝင်ဝယ်ယူလက်ရှိပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်မနီ[၆/ရဖန(နိုင်)၀၂၉၈၈၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် မြေနှင့်အိမ်တန်ဖိုးငွေ၏ စရန်ငွေအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေနှင့်အိမ်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု စာချုပ်(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မြလဲ့ဝင်း(LL.B)အထက်တန်းရှေ့နေ(စဉ်-၂၀၉၅၁)**
**အမှတ်-၈၃၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊**
**မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**Ph-၀၉-၅၁၅၁၈၃၃၊ ၀၉-၅၀၉၀၅၅၃**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ သီရိမြိုင်(၅)လမ်း၊ တိုက်အမှတ်(၆)ဟုခေါ်တွင်သော (၂)ခန်းတွဲ(၅)ထပ်တိုက်၏ အကျယ်အဝန်း ၁၂ ½ ပေ x ၅၀ပေရှိ မြေညီထပ်(ခြေရင်းခန်း)တိုက်ခန်းနှင့် ရေမီးသုံးစွဲခွင့်အပါအဝင် တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြေပိုင်ရှင် ဒေါ်ရှုပွား[၁၂/လမန(နိုင်)၀၃၅၉၅၁]နှင့် ကန်ထရိုက်တာ ဦးတင်လှ[၁၂/လမန(နိုင်)၀၂၂၃၅၉]တို့ အကျိုးတူအခန်းပေး အခန်းယူဆောက်လုပ်ခဲ့ပြီး ကန်ထရိုက်တာ ဦးတင်လှရရှိခဲ့သော အခန်းအား ကန်ထရိုက်တာဦးတင်လှထံမှ ဝယ်ယူကာ မိမိလက်ဝယ်ပိုင်ဆိုင်ထားရှိစဉ် ရောင်းချခွင့်ရှိပြီး၊ ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းကြောင်း ကတိပြုရောင်းချသူ ဒေါ်ဝင်းဝင်းစိုး[၉/မထလ(ပြု)၀၀၀၀၄၇]ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှုနှင့် ပတ်သက်ပြီး ရောင်းချခွင့်မရှိကြောင်းနှင့် ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများတင်ပြပြီး ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သဇင်အေး LLB, DBL, DIL, DIR**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၃၃၂)**
**အမှတ်-၁၅၉၅၊ ဖိုးရာဇာ(၃)လမ်း၊ (၄၃)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။**
**ဖုန်း-၀၉-၄၅၁၃၇၈၀၀၇**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၈)၊ မြေကွက်အမှတ်(၃၀၆)၊ ဧရိယာ(၄၀ပေ x ၆၀ပေ)အကျယ်ရှိသည့် ဦးဖွန်ထော[၁၂/သလန(နိုင်)၀၁၄၇၃၂]အမည်ပေါက် မြေချပါမစ်မြေကွက်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသည့် မြေကွက်အမှတ်(၃၀၇)နှင့် ကပ်လျက်ဘက်ခြမ်းရှိသည့် မြေအကျယ်အဝန်း ဧရိယာ(၂၀ပေ x ၆၀ပေ) စတုရန်းပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်များဖြင့် ပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်သင်းသင်းမော်[၁၂/သဃက (နိုင်)၀၂၅၇၂၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခိုင်ဇင်မင်းကျော်[၁၂/ရကန(နိုင်)၀၇၉၆ ၅၅]မှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ခိုင်ဇင်မင်းကျော်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းမင်းစိုး LL.B,WIPO(Switzerland)တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၆၄)**
**အမှတ်(၂၀၁)၊ ဘရဏီလမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်မြို့။ Ph:09-450023651,09-793568375**

## အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၁၀)ရပ်ကွက်၊ ၃၁-လမ်း(လယ်)၊ အမှတ်(၁၅၇)(၃)လွှာနေ (ဘ)ဦးမောင်မောင်စိုး၏ သမီးဖြစ်သူ ဇိုဘိုင်ဒါ(ခ)မဖြူဇင်အေး[၁၂/ပဘတ(နိုင်)၀၃၁၉၅၂]နှင့် (ဘ)ဦးဘီလားလ်၏သားဖြစ်သူ မိုအားဇ်(ခ)ကိုဇင်မောင်ဝင်း[၁၂/ပဘတ(နိုင်)၀၃၀၁၄၆]တို့သည် အစ္စလာမ့်တရားတော်နှင့်အညီ(၁၄-၂-၂၀၂၀)ရက်နေ့တွင် နှစ်ဦးသဘောတူနေကာဟ်ပြုလုပ်၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းခဲ့ရာမှ သားတစ်ဦးထွန်းကားခဲ့ပါသည်။ ဇိုဘိုင်ဒါ(ခ)မဖြူဇင်အေးနှင့် မိုအားဇ်(ခ)ကိုဇင်မောင်ဝင်းတို့ အိမ်ထောင်ရေးဆိုင်ရာ အဆင်မပြေမှုများကြောင့် မိုအားဇ်(ခ)ကိုဇင်မောင်ဝင်းသည် ဇိုဘိုင်ဒါ(ခ)မဖြူဇင်အေးအားထားခဲ့ပြီး စင်ကာပူနိုင်ငံသို့ထွက်သွားခဲ့ပါသည်။ ဇိုဘိုင်ဒါ(ခ)မဖြူဇင်အေးအပေါ် မိုအားဇ်(ခ)ကိုဇင်မောင်ဝင်းသည် ခင်ပွန်းသည်တစ်ယောက်၏ တာဝန်ကျေပွန်ခြင်းမရှိဘဲ လျစ်လျူရှုခဲ့ပါသည်။ မိုအားဇ်(ခ)ကိုဇင်မောင်ဝင်း၏ ပြုမူဆောင်ရွက်မှုများအပေါ် အစ္စလာမ့်တရားတော်နှင့်အညီ ဖြေရှင်းဆောင်ရွက်ရန်စီစဉ်ခဲ့ရာမှ(၂၆-၁၁-၂၀၂၂)ရက်နေ့တွင် မိုအားဇ်(ခ)ကိုဇင်မောင်ဝင်း၏ရှေ့နေမှတစ်ဆင့်သွလာက်စာချုပ်အား ဇိုဘိုင်ဒါ(ခ)မဖြူဇင်အေးထံပေးပို့ခဲ့ပါသည်။ ဇိုဘိုင်ဒါ(ခ)မဖြူဇင်အေးမှ အဆိုပါသွလာက်စာချုပ်ပေးပို့မှုအပေါ် အစ္စလာမ့်အဖွဲ့အစည်းတစ်ခုဖြစ်သော မြန်မာနိုင်ငံလုံးဆိုင်ရာ မော်လဝီအဖွဲ့ချုပ်(ဗဟို)သို့ ဖသဝါခမ္မသတ်ပြန်ကြားပေးပါရန်တင်ပြခဲ့ရာ မြန်မာနိုင်ငံလုံးဆိုင်ရာမော်လဝီအဖွဲ့ချုပ်(ဗဟို)မှ (၇-၁၂-၂၀၂၂)နေ့စွဲပါစာအမှတ်၊ ၄၇၁/၂၂/ခမ္မ/မလဝ-ဗဟ ၏ပြန်ကြားစာပေးပို့ခဲ့ပါသည်။ အဆိုပါပြန်ကြားစာအရ မိုအားဇ်(ခ)ကိုဇင်မောင်ဝင်းနှင့် ဇိုဘိုင်ဒါ(ခ)မဖြူဇင်အေးတို့သည် အစ္စလာမ့်တရားတော်နှင့်အညီ အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမောင်မောင်သူရ(မြောင်းမြ)** | **ဦးဇေယျာထွန်း(LL.B)** |
| **(LL.B,A.G.T.I(EP),D.B.L,D.M.L)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၅၃၂)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၁၀၈)** | |
| **ဒေါ်ချယ်ရီလှိုင်(LL.B)** | **ဦးစိုးလွင်ဦး(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၆၁)** | **အထက်တန်းရှေ့နေ(စဉ်-၃၇၉၈၁)** |

**အမှတ်-၁၃၂၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၈၄၀၄၂၊ ၀၉-၇၃၁၁၅၁၀၅၊ ၀၉-၄၂၁၁၀၈၅၅၁၊ ၀၉-၄၂၅၂၈၇၁၃၄**

# အထူးအစီအစဉ်
## တစ်လ ကျပ်(၁,၁၄၀,၀၀၀/-)ခန့် ပေးသွင်းရုံဖြင့် အဆင့်မြင့်ကွန်ဒိုတစ်ခန်း ရရှိပိုင်ဆိုင်မည်ဖြစ်ကြောင်း
## ရွှေမိုးကောင်းကွန်ဒို မှ

Christmas & New Year ကို ကြိုဆိုသောအားဖြင့်
(20%) အထူးလျှော့ဈေးဖြင့် ရောင်းချပေးနေပါသည်။
ပထမအရစ်ငွေပေးသွင်းပြီး ကျန်ငွေများအား
တစ်လ (1,140,000) ခန့် ပေးသွင်းရုံဖြင့် အဆင့်မြင့်ကွန်ဒိုတစ်ခန်း
ရရှိပိုင်ဆိုင်မည်ဖြစ်ကြောင်း သတင်းကောင်းပါးလိုက်ပါသည်။
FACILITIES အပြည့်အစုံပါရှိ၍ လူနေထိုင်ခွင့်ကျပြီး
ရန်ကင်းမြို့နယ်၊ အောင်ဇေယျလမ်း နှင့် မိုးကောင်းလမ်းမပေါ်ရှိ
ရွှေမိုးကောင်းကွန်ဒို သို့ အရောက်လှမ်းလာခဲ့ရန် ဖိတ်ခေါ်ပါသည်။
ဆက်သွယ်ရန်ဖုန်း - ၀၉ ၃၆၁၂၈၈၁၄၊ ၀၉ ၃၆၁၂၈၄၈၁




## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ၁၈/Aရပ်ကွက်၊ မေယုလမ်း၊ အမှတ်(၉၉)ဟုခေါ်တွင်သည့်(၄၀ × ၆၀)ပေအကျယ်ရှိဦးသန့်ဇင် အမည်ပေါက် ဂရန်မြေကွက်မှ တရားဝင် မခွဲစိတ်ရသေးသည့် (၁၀ × ၆၀)ပေ (မြေကွက်မျက်နှာမူပါက လက်ဝဲဘက်ခြမ်း) မြေကွက်အား တဆင့် ပြန်လည်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်သီသီအောင် (၁၂/ဥကတ(နိုင်)၁၁၈၄၇၉) ထံမှ ကျွန်ုပ်၏မိတ်ဆွေက ငွေအပြေအကြေပေးချေ ဝယ်ယူပြီးဖြစ်ပါသည်။ သို့ ပါ၍ ကန့်ကွက်လိုသူများအနေဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၁၀)ရက်အတွင်း ကျွန်ုပ်ထံသို့ စာရွက်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။ လွှဲအပ်ချက်အရ -

ဦးမင်းကိုဦး
အထက်တန်းရှေ့နေ
(စဉ် - ၄၈၃၂၁) (၃၀.၁၁.၂၀၁၆)
ဖုန်း ၀၉ ၈၉၉၈၈၂၄၉၉

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊ လူနေရပ်ကွက်အမှတ်(၁၀)၊ ဇေယျာ(၁၄)လမ်း၊ မြေကွက်အမှတ်(၄၄၈)ဟုခေါ်တွင်သည့် မြေအကျယ် အလျား(၄၀)ပေ x အနံ(၆၀)ပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ၎င်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသည့် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်၍ ဂရန်အမည်ပေါက်များထံမှ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုရှိသူ ဒေါ်မွှေးမွှေးလေး [၇/ပခတ(နိုင်)၀၂၀၀၃၀]က ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏ မိတ်ဆွေက ကမ်းလှမ်းချက်ကို သဘောတူညီသဖြင့် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်မည့်သူရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား မူရင်းများဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက် မည့်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးသန်းညွန့်အောင်(LL.B, D.M.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၇၉၂၆)**
**အခန်း(၃၃)၊ ပထမထပ်၊ STRAND CONDO၊ အမှတ်(၃၃/၄၉)၊**
**မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၄၅၀၀၂၅၇၀၂**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်မြို့၊ တိလောကရပ်ကွက်၊ မိတ္တာလမ်း၊ အမှတ်(၄၆)နေ ဦးဝင်းခိုင် [၇/လပတ(နိုင်)၀၇၄၅၉၈]နှင့် ဒေါ်စိုးစိုး [၁၂/မဂဒ(နိုင်)၁၂၇၆၈၄]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ သားဖြစ်သူ မောင်မိုးလွင်ထွန်း [၁၂/မဂဒ(နိုင်)၁၅၀၅၀၆]သည် မိဘနှစ်ပါး၏ ဆုံးမစကားကို နားမထောင်ခြင်း၊ ၎င်းတို့အား ကိုယ်စိတ်ဆင်းရဲစေရန် နည်းမျိုးစုံဖြင့် ရန်ရှာနေသည့်အပြင် ခွင့်မလွှတ်နိုင်သည့် ကိစ္စရပ်များအား ဆောင်ရွက်နေသည့်အတွက် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝတို့အား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးသဲမောင်ကြည်(LL.B) အထက်တန်းရှေ့နေ(စဉ်–၅၀၂၇၈)**
**အမှတ်(၁၂၆)၊ စံပယ်လမ်း၊ (၃–က)ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉– ၇၉၅၇၆၈၉၄၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာတိုးချဲ့၊ အေးမေတ္တာရပ်ကွက်၊ အကွက်အမှတ်– ၁၈၀၆၊ ပါမစ်မြေကွက် (၄၀ပေx ၆၀ပေ) မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အား မူလပါမစ်အမည်ပေါက် ပိုင်ရှင် ဦးသိန်းနိုင်ထံမှ ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုသူ ဒေါ်သိင်္ဂီလင်း [၁၂/စခန(နိုင်)၀၀၀၆၅၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေ တချို့ ပေးချေထားပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောပိုင်ဆိုင်မှု အထောက်အထားများနှင့်အတူ ကျွန်ုပ်ထံသို့ ဤကြော်ငြာစာပါသည့်ရက်မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးသန်းထွန်းလွင် (အထက်တန်းရှေ့နေ) စဉ်–၁၇၅၆၉/၁၉၈၉**
**အမှတ်(၈)၊ ကျီးပင်လမ်း၊ မြို့သစ်အရှေ့ရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း– ၀၉– ၅၁၀၇၀၈၃**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

